မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ပန်ဆင်သူအကျိုးကိုဆောင်နိုင်

တရားကိုစောင့်သူသည် တရား၏တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရ သကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့ နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကို ဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၁ ရက် | ၂၀၁၉ ခုနှစ်၊ မတ် ၁၆ ရက်၊ စနေနေ့ | အတွဲ (၅၈)၊ အမှတ် (၁၆၇)

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပဲခူးခရိုင်ရှိ ဒေသခံများနှင့်တွေ့ဆုံ

ဥပဒေကို လေးစားတဲ့၊ ဥပဒေကိုလိုက်နာတဲ့ နိုင်ငံသူ နိုင်ငံသားတွေ ဖြစ်စေချင်ကြောင်း ပြောကြား

နေပြည်တော် မတ် ၁၅

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၌ ရောက်ရှိနေသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ဒေါက်တာအောင်သူ၊ ဦးအုန်းဝင်း၊ ဒေါက်တာမျိုးသိမ်းကြီးနှင့် ဒေါက်တာမြင့်ထွေး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီးသို့ရောက်ရှိကြပြီး ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီး၊ ဆွမ်းနှင့် အမွှေးနံ့သာတိုင်များ ကပ်လှူပူဇော်ကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် စေတီတော်ဂေါပကအဖွဲ့အား ဆုတောင်းပြည့် ရွှေမော်ဓော စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်ရန် လှူဒါန်းငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းပြီး စေတီတော် ညွှန့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် စေတီတော်အင်္ဂါထောင့်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီး၊ ဆွမ်းနှင့် အမွှေးနံ့သာတိုင်များ ကပ်လှူပူဇော်ကြည်ညိုပြီး

စာမျက်နှာ ၃ ကော်လံ ၁ ❁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပဲခူးခရိုင်အတွင်းရှိ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ သတင်းစဉ်

နွေကာလတွင်ဖြစ်ပေါ်တတ်သည့် မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်၍ ကြိုတင်သတိပေးနှိုးဆော်

နေပြည်တော် မတ် ၁၅

မတ် ၁၅ ရက်တွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်အရ နွေကာလတွင် ဖြစ်ပေါ်တတ်သည့် မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်၍ ကြိုတင်သတိပေးနှိုးဆော်ချက်တွင် မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကာလဖြစ်သည့် မတ်လနှင့် ဧပြီလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပုံ့တက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ၊ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ပေါ်နိုင်ပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် လေပြင်းများ တိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။

လေပြင်းတိုက်ခတ်စဉ် မြေပြင်/ရေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သောကြောင့် ပြည်သူများအနေဖြင့် နွေကာလဖြစ်သည့် မတ်လနှင့် ဧပြီလများအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသ ဖြစ်စဉ်များအား အထူးဂရုပြု နေထိုင်သွားကြပါရန် ကြိုတင်သတိပေးနှိုးဆော်ထားသည်။

မြန်မာ့အလင်း

ကောင်းစွာဆိုအပ်သောစကား

စကားပြောခြင်းသည် လူနှင့် အခြားသက်ရှိသတ္တဝါတို့အကြား အဓိက အကျဆုံး ခြားနားချက်ပင် ဖြစ်သည်။ လူသည်သာ စကားပြောဆိုနိုင်ပြီး အခြားသတ္တဝါတို့က စကားမပြောနိုင်။ လူတို့၏ အပြုအမူများအနက် စကားပြောခြင်း(ဝစီကံ) သည် နေ့စဉ် အများဆုံးပြုလုပ်လေ့ရှိကြသော အပြုအမူဖြစ်သည်။ စကားပြောခြင်းဖြင့် ဆက်သွယ်ဆက်ဆံကြသည်။ စကားပြောခြင်းဖြင့် မိမိတို့၏ သဘောထားများကို ဖော်ပြကြသည်။ စကားပြောခြင်း(ဝစီကံ)ကြောင့် ကောင်းကျိုးရော မကောင်းကျိုးပါ ဖြစ်ပေါ်စေသည်။ သုစရိုက်ကိုရော ဒုစရိုက်ကိုပါ စကားဖြင့် ဖန်တီးနိုင်သည်။

မကောင်းသည့်စကား ဝစီဒုစရိုက်က အမုန်းမီးကို ပွားစေသည်။ စည်းလုံးညီညွတ်မှုကို ပျက်ပြားစေသည်။ သံသယတို့ကို ပွားစေသည်။ ဒေါသတို့ကို တောက်လောင်စေသည်။ ဝစီဒုစရိုက်ကြောင့် တစ်ဦးနှင့် တစ်ဦး၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံတို့အကြား ယုံကြည်မှု၊ ရင်းနှီးမှု၊ လေးစားမှု၊ ချစ်ခင်မှုတို့ ပျက်ယွင်းစေပြီး ရန်ပွဲ၊ စစ်ပွဲများနှင့် ပျက်စီးမှု၊ ဆုံးရှုံးမှုတို့ဖြစ်လာနိုင်သည်။ မြင်လျှင် မြင်သည့်အတိုင်း၊ ကြားလျှင်ကြားသည့်အတိုင်း၊ တွေ့လျှင် တွေ့သည့်အတိုင်း၊ သိလျှင် သိသည့်အတိုင်း ပြောအပ်သည်မဟုတ်။ မြင်၊ ကြား၊ တွေ့၊ သိ စသည်တို့ကိုပြော၍ ကုသိုလ်တရားတို့ တိုးပွားစေပြီး အကုသိုလ်တရားတို့ ဆုတ်ယုတ်စေမှုသာလျှင် ပြောအပ်သည်ဟူ၍ ဗုဒ္ဓက ဆုံးမခဲ့သည်။

တစ်ဖန် အင်္ဂါငါးမျိုးနှင့် ပြည့်စုံသော စကားကိုသာ ကောင်းစွာ ဆိုအပ်သည်ဟူ၍လည်း ဟောကြားတော်မူခဲ့သည်။ အင်္ဂါငါးတန်နှင့် ပြည့်စုံသော စကားဆိုသည်မှာ-

၁။ ပြောဆိုရန် အခါအခွင့်သင့်ရောက်သောကာလ၌ ပြောဆိုခြင်း၊

၂။ မှန်ကန်စွာပြောဆိုခြင်း၊

၃။ နူးညံ့သိမ်မွေ့စွာပြောဆိုခြင်း၊

၄။ အကြောင်းအကျိုးနှင့်စပ်သည်ကိုသာလျှင် ပြောဆိုခြင်း၊

၅။ မေတ္တာရှေ့ထား၍ ပြောဆိုခြင်းတို့ပင်ဖြစ်သည်။ သို့ဖြစ်သည့်အတွက် အခါအခွင့်မသင့်သည့်စကား၊ မမှန်မကန်သည့်စကား၊ ကြမ်းတမ်းခက်ထန်သည့်စကား၊ အကြောင်းအကျိုးနှင့် မစပ်သည့်စကား၊ ဒေါသအမျက်အာဃာတတို့ ဖုံးလွှမ်းသည့်စကားတို့သည် ဆိုဖွယ်ရာ မဟုတ်သည်မှာ ထင်ရှားပါသည်။

"အစိုးရဘက်ကပဲဖြစ်ဖြစ်၊ ဝန်ထမ်းတွေဘက်ကပဲဖြစ်ဖြစ်၊ ပြည်သူလူထုဘက်ကပဲဖြစ်ဖြစ်၊ ပြောတဲ့စကားများဟာ မှန်ကန်ဖို့အရေးကြီးသလို အကျိုးရှိဖို့လည်း အင်မတန်မှ အရေးကြီးပါတယ်။

"အချို့ကိစ္စတွေကျတော့ အမှန်လည်းဖြစ်တယ်။ နိုင်ငံအတွက် အကျိုးရှိမှာ ဖြစ်တဲ့အတွက် ပုဂ္ဂိုလ်ရေးအရ၊ အဖွဲ့အစည်းအရ မကျေမနပ် ရှိနိုင်ပေမယ့်လည်း ပြောသင့်ပြောထိုက်တာ ပြောရတာတွေလည်း ရှိပါတယ်။ ဒါပေမယ့် ပြောပုံပြောနည်းလည်း ရှိပါတယ်။ ပြောပုံပြောနည်းတော့ ယဉ်ကျေးသိမ်မွေ့စေချင်ပါတယ်။ ဒါဟာ ကျွန်မတို့နိုင်ငံရဲ့တန်ဖိုးကို ဖြတ်တာပဲ ဖြစ်ပါတယ်"ဟူ၍ မတ်လ ၁၄ ရက် ပြည်ခရိုင်အတွင်းရှိ ရပ်မိရပ်ဖ၊ မြို့မိမြို့ဖ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာတွင် နိုင်ငံ တော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ထည့်သွင်းပြောကြားခဲ့သည်ကို သတင်း၌ ဖတ်ရှုရသည်။

စကားပြောခြင်းသည် လူသားတို့၏ အလုပ်ဖြစ်သည်။ ပြောသင့်ပါလျက် မပြောခြင်းကို မြန်မာ့လူ့အဖွဲ့အစည်းက ရှေးကပင်အားမပေး။ "ဆိုရေးရှိက ဆိုအပ်လှ၏၊ ဆိုစများလျှား၊ ထားပချေမိ၊ ငါ့ဝန်ရှိခဲ့"ဟူ၍ပင် ရှေးစာ၌ ဆိုထားသည်။ စကားများများ ပြောမိပါက အမှားပါမည်၊ ရန်များမည်ဟု ယူဆကာ တစ်ပါးနှင့် တစ်ပါး စကားလုံးဝမပြောကြဘဲ ဝါဆိုခဲ့ကြသောရဟန်းများကို ဗုဒ္ဓက ပြစ်တင်ရှုတ်ချခဲ့သည်။ စင်စစ် ပြောသင့်သော အချိန်တွင် မှန်သောစကားကို ချိုသာစွာ အကြောင်းအကျိုးနှင့် ယှဉ်၍ မေတ္တာရှေ့ထား ပြောကြားပါက ကောင်းစွာဆိုအပ်သော စကားဖြစ်၍ ကောင်းကျိုးမင်္ဂလာတို့ ဖြစ်ပေါ်စေမည်သာ ဖြစ်ပါကြောင်း။ ။

၂၀၁၉ ခုနှစ်၊ (၇၄) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးတို့ကို အဓိကထား ဆောင်ရွက်ရေး။

(ခ) သမိုင်းကြောင်းအရ နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် စဉ်ဆက်မပြတ် ခံယူလုပ်ဆောင်ရေး။

(ဂ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုအဖြစ် တည်ဆောက်ရာတွင် မဖြစ်မနေ လိုအပ်သော ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ဒို့တာဝန်အရေးသုံးပါးကို အခြေခံသော ငြိမ်းချမ်းရေးမူဝါဒ (၆) ရပ်ဖြင့် တပ်မတော်မှ ခိုင်ခိုင်မာမာဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

မိုဘိုင်းလ်စနစ်ဖြင့် အငြိမ်းစားလစာထုတ်ပေးခြင်းဝန်ဆောင်မှုလုပ်ငန်း သဘောတူစာချုပ်လက်မှတ်ရေးထိုး

နေပြည်တော် မတ် ၁၅

မြန်မာ့စီးပွားရေးဘဏ်နှင့် Digital Money Myanmar Ltd., Wave Money တို့ အကျိုးတူပူးပေါင်း၍ မိုဘိုင်းလ်စနစ်ဖြင့် အငြိမ်းစားလစာ ထုတ်ပေးခြင်း ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နိုင်ရန် သဘောတူစာချုပ် လက်မှတ်ရေးထိုးချုပ်ဆိုသည့် အခမ်းအနားကို ယမန်နေ့က နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက မြန်မာ့စီးပွားရေးဘဏ်သည် တိုးတက်ပြောင်းလဲလျက်ရှိသော ခေတ်နှင့်ကိုက်ညီသည့် နည်းပညာအသုံးပြု ဘဏ်လုပ်ငန်း အသစ်များ အကောင်အထည်ဖော်ပြီး ပြည်သူသို့ ဝန်ဆောင်မှုများပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ မိုဘိုင်းလ် ငွေရေးကြေးရေးလုပ်ငန်း မှတ်ပုံတင်အမှတ် ရရှိထားသည့် Digital Money Myanmar Ltd., (Wave Money) နှင့် အကျိုးတူပူးပေါင်း၍ မိုဘိုင်းလ်စနစ်ဖြင့် အငြိမ်းစားလစာ ထုတ်ပေးခြင်း ဝန်ဆောင်မှုပေးနိုင်ရန် အတွက် ပထမဦးစွာ အငြိမ်းစားဦးရေ များပြားသည့် ဒဂုံ(မြောက်) ဘဏ်ခွဲမှာ Pilot Project စမ်းသပ်မှု ပြုလုပ်ခဲ့ပါကြောင်း၊ မိုဘိုင်းလ်ဝန်ဆောင်မှုစနစ်ဖြင့် MPT, Telenor, Ooredoo, Mytel မည်သည့် Sim Card ကိုင်ဆောင်သူများ မည်သူမဆို ပင်စင်လစာထုတ်ယူနိုင်ပါကြောင်း၊ ဆန္ဒရှိသော အငြိမ်းစားများ အနေဖြင့် မြန်မာ့စီးပွားရေးဘဏ်မှာ Standing Instruction ပေးထားခြင်းဖြင့် ဘဏ်သို့အကြိမ်ကြိမ် လာရောက်ရန်မလိုအပ်ဘဲ နီးစပ်ရာ ပြင်ပအေးဂျင့်များတွင် အလွယ်တကူထုတ်ယူနိုင်မည် ဖြစ်ပါကြောင်း၊ လစဉ် ၂၁ ရက်နေ့မှာ မြန်မာ့စီးပွားရေးဘဏ်၏ အကြောင်းကြားချက်ဖြင့် Wave Money မှ သက်ဆိုင်ရာ အငြိမ်းစားများ၏ မိုဘိုင်းလ်ဖုန်းများကို Electronic Money လွှဲပြောင်း ထည့်သွင်းပေးလိုက်သည်နှင့် တစ်ပြိုင်နက် အငြိမ်းစား၏ မိုဘိုင်းလ်ဖုန်း အတွင်းသို့ လစာထုတ်ယူနိုင်သည့် SMS ရောက်ရှိမည်ဖြစ်ပါကြောင်း၊ အငြိမ်းစားများအနေဖြင့် လစဉ် ၂၁ ရက်မှ နောက်လ ၂၀ ရက်အတွင်း မိမိတို့ အဆင်ပြေ ကြိုက်နှစ်သက်ရာ နေ့ရက်၊ အချိန်မှာ မိမိတို့ မိုဘိုင်းလ်ဖုန်းအတွင်းရှိ လစာကို နီးစပ်ရာ Wave Money ခန့်အပ်ထားသော အေးဂျင့်များထံတွင် တစ်လုံးတည်းသော် လည်းကောင်း၊ အလီလီသော် လည်းကောင်းထုတ်ယူနိုင်ပါကြောင်း၊ အငြိမ်းစားလစာကို တစ်ကြိမ်တည်း (သို့မဟုတ်) နှစ်ကြိမ်ခွဲ ထုတ်ယူပါက အငြိမ်းစားများအနေဖြင့် ဝန်ဆောင်ခပေးရန်မလိုဘဲ၊ တတိယအကြိမ်မြောက်မှစ၍ ထုတ်ယူသော အကြိမ်တိုင်းနှင့် Wave Money ၏ အခြားသော ဝန်ဆောင်မှုများကို ရယူဆောင်ရွက်မှုသာ Wave Money ၏ သတ်မှတ်နှုန်းထားများ အတိုင်း ဝန်ဆောင်ခ ပေးဆောင်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

မိုဘိုင်းလ်စနစ်ဖြင့် အငြိမ်းစားလစာ ထုတ်ပေးခြင်း ဝန်ဆောင်မှုကို ရန်ကုန်ဘဏ်ခွဲ(၁)၊ အင်းစိန်၊ တာမွေ၊ သဃ်ာန်းကျွန်း၊ ကမာရွတ်၊ မြောက်ဥက္ကလာပ၊ မြောက်ဒဂုံ၊ လှည်းကူး စသည့် မြန်မာ့စီးပွားရေးဘဏ်ခွဲ ၈ ဘဏ်တွင် ကနဦးဝန်ဆောင်မှု ပေးသွားမည်ဖြစ်ပြီး လုပ်ငန်းအောင်မြင်မှုနှင့် အငြိမ်းစားများ၏ တောင်းဆိုမှုအပေါ်မူတည်ပြီး ကျန်တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ မြန်မာ့စီးပွားရေး ဘဏ်ခွဲများသို့ တဖြည်းဖြည်း ထပ်မံတိုးချဲ့သွားမည် ဖြစ်သည်။

မိုဘိုင်းလ်စနစ်ဖြင့် အငြိမ်းစားလစာ ထုတ်ပေးခြင်းသည် အငြိမ်းစားအနေဖြင့် ပင်စင်လစာ ထုတ်ရက်များတွင် မြန်မာ့စီးပွားရေးဘဏ်ခွဲများ၌ စုပြုံရသည့် အခက်အခဲ ကင်းဝေးပြီး မိမိတို့နှင့် နီးစပ်ရာ အေးဂျင့်များတွင် အငြိမ်းစား လစာကို လွယ်ကူလျင်မြန်စွာ ထုတ်ယူနိုင်သောကြောင့် သွားလာစရိတ်သက်သာခြင်း၊ အချိန်ကုန်သက်သာခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ထင်သာမြင်သာပြုပြင်စရာ

၁၄/၁ မြင်သာရပ်ကွက် ရေကြီးရေလျှံ မဖြစ်ပေါ်စေလို

တောင်ဥက္ကလာပမြို့နယ် ၁၄/၁ မြင်သာစုပေါင်းအိမ်ရာရပ်ကွက် လမ်းတစ်နေရာတွင် ရေလျှံမှုကို တွေ့ရစဉ်။

တောင်ဥက္ကလာပမြို့နယ် ၁၄/၁ မြင်သာစုပေါင်းအိမ်ရာရပ်ကွက်တွင် နှစ်စဉ်မိုးရာသီရောက်တိုင်း ရပ်ကွက်နေပြည်သူများ ရေကြီးရေလျှံဒုက္ခကို ခံစားနေကြသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်သည်။ ရပ်ကွက်အတွင်းရှိ ရေနုတ်မြောင်းများမှာ သံသုမာလမ်းမကြီးပေါ်ရှိ ရေနုတ်မြောင်းမကြီးနှင့် သခင်ဖိုးလှကြီးလမ်းပေါ်ရှိ ရေနုတ် မြောင်းမကြီးအတွင်းသို့ စီးဆင်းသွားကြခြင်းဖြစ်သည်။ ယင်းသို့ စီးဝင်ရာ၌ သခင် ဖိုးလှကြီးလမ်းဘက်သို့ စီးဆင်းသော ရေမြောင်းသွယ်များမှာ မြင်သာ ၁ လမ်းမှ ၁၀ လမ်းအထိရှိပြီး စိန်ပန်းမြိုင်လမ်းမကြီး ကြားခံထားသဖြင့် အပေါ်ဘက်အိမ်ရာများမှ စီးဆင်းသော ရေများသည် သခင်ဖိုးလှကြီးဘက်သို့ မစီးဆင်းနိုင်သဖြင့် နှစ်စဉ် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေခြင်း ဖြစ်သည်။

ယခု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ စိန်ပန်းမြိုင်လမ်းမကြီးအား ကွန်ကရစ်လမ်းမကြီးအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်တော့မည်ဖြစ်ရာ လမ်းမြေသားမြင့်တက်လာခြင်းကြောင့် တမံတားသကဲ့သို့ ဖြစ်လာကာ ယခင်နှစ်များကထက် ပိုမိုဆိုးရွားလာမည်ကို ရပ်ကွက်နေပြည်သူများ စိုးရိမ်ပူပန်နေကြပြီး ရေမြောင်းဖောက်လုပ်ခြင်းကိုလည်း သက်ဆိုင်ရာမှ ကွန်ကရစ်လမ်းမသစ်ပြီးစီးခြင်းနှင့်အတူ တစ်ပြိုင်တည်း ဆောင်ရွက်ပေးစေလိုကြောင်း ရပ်ကွက်နေပြည်သူများထံမှ သိရသည်။

မြန်မာ့အလင်း

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပဲခူးခရိုင်အတွင်းရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်လာသည့်သူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

❀ *ရွှေဖုံးမှ*

စေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော် ကြည်ညို သည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပဲခူးမြို့နယ်ခန်းမ၌ ပဲခူးခရိုင်အတွင်းရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဦးမောင်မောင်ရွှေ၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးအုန်းမြင့်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ် ဒေါ်သန်းဝင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပဲခူးခရိုင်အတွင်းရှိ ဒေသခံပြည်သူများ၊ ပြည်တွင်းပြည်ပ သတင်းမီဒီယာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

မိတ်ဆွေရင်းသဖွယ် စိတ်ထဲမှာထားဖို့လို

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ကျွန်မတို့ တိုင်းနဲ့ပြည်နယ်တွေကို လှည့်လည်သွားပြီးတော့ ပြည်သူတွေနဲ့တွေ့ဖို့ ကြိုးစားတယ်ဆိုတာဟာ ပြည်သူတွေရဲ့ အခြေအနေတွေ၊ အစိုးရအဖွဲ့တွေရဲ့အခြေအနေတွေ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာဖြစ်တဲ့ ဝန်ထမ်းတွေရဲ့ အခြေအနေတွေကို သိချင်လို့ ဖြစ်ပါတယ်။ ပြည်သူ၊ အစိုးရနဲ့ ဝန်ထမ်းတွေအားလုံး တစ်စည်းတစ်ပေါင်းတည်း ဖြစ်မှသာလျှင် ကျွန်မတို့ လိုရာပန်းတိုင်ကို မြန်မြန်ဆန်ဆန်နဲ့ ကောင်းကောင်းမွန်မွန် ချောချောမွေ့မွေ့ရောက်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီသုံးဦးသုံးဖလုယ်ဟာ တစ်ယောက်နဲ့တစ်ယောက် မိတ်ဆွေရင်းသဖွယ် စိတ်ထဲမှာထားဖို့ လိုပါတယ်။

ပြည်သူတွေက အုပ်ချုပ်ရေးဆိုင်ရာကို ရန်သူလိုမြင်နေရင်တော့ ဒါတစ်ခုခုမှားနေပြီ၊ အများအားဖြင့်တော့ အုပ်ချုပ်ရေးဘက်က မှားခဲ့တာက များပါတယ်။ အခုနောက်ပိုင်းမှာ တော့ ပြန်ပြီးပြုပြင်ဖို့လိုပါတယ်။ များသောအားဖြင့် ကျွန်မ တို့ ပြည်သူတွေရဲ့ တောင်းဆိုချက်တွေဟာ မလွန်ဘူးလို့ ကျွန်မကတော့ မြင်မိပါတယ်။ ဒါပေမယ့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ထမ်းတွေဘက်ကလည်း ပြည်သူတွေရဲ့ဆန္ဒတွေကို အပြည့်အဝ ဖြည့်ဆည်းမပေးနိုင်တာ ဝန်ထမ်းတွေရဲ့ အပြစ်ချည်းပဲလည်း မဟုတ်ပါဘူး။ ကျွန်မတို့စနစ်နဲ့လည်း အများကြီးဆိုင်ပါတယ်။ ဒီစနစ်ကို ကျွန်မတို့ ပြုပြင်ပြောင်းလဲနေပါတယ်။ ပြုပြင်ပြောင်းလဲနေတာနဲ့အမျှ ကျွန်မတို့ရဲ့ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ထမ်းတွေကလည်း ပြုပြင်ပြောင်းလဲလာလိမ့်မယ်လို့ ကျွန်မအနေနဲ့ မျှော်လင့်ပါတယ်။

နောက် အစိုးရပိုင်းပါ။ ဒီမိုကရေစီအစိုးရဆိုတာ ပြည်သူလူထုကနေပြီးတော့ ရွေးချယ်တင်မြှောက်ထားတဲ့ အစိုးရ၊ ဒါကြောင့် ပြည်သူကို တာဝန်ခံရပါတယ်။ ပြည်သူ့ရဲ့အကျိုးအတွက် တာဝန်ထမ်းဆောင်ရမှာဖြစ်တယ်။ ပြည်သူ့အတွက် အကောင်းဆုံး၊ နိုင်ငံအတွက် အကောင်းဆုံးကိစ္စရပ်တွေကို လုပ်ရမှာဖြစ်တယ်။ နိုင်ငံအပေါ်မှာ စေတနာထားရမယ်၊ ပြည်သူအပေါ်မှာ စေတနာထားရမယ်။ စေတနာထားတဲ့အပြင် လုပ်ရည်ကိုင်ရည်လည်း ရှိဖို့လိုပါတယ်။ တချို့က စေတနာရှိတယ်၊ လုပ်ရည်ကိုင်ရည်မပြည့်ဝဘူး၊ တချို့က လုပ်ရည်ကိုင်ရည် ပြည့်ဝတယ်၊ စေတနာကျတော့ အားနည်းနေတယ်။ ဒီနှစ်ခုစလုံးက ပြည့်ဝမှ ဖြစ်မှာပါ။

" ပြည်သူများဟာ အစိုးရရဲ့လုပ်ရပ်တွေ၊ ဝန်ထမ်းတွေရဲ့ လုပ်ရပ်တွေကို ဝေဖန်နိုင်တဲ့ အခွင့်အရေးရှိပါတယ်။ ဒါပေမယ့် ဒီဝေဖန်နိုင်တဲ့ အခွင့်အရေးကို သုံးတဲ့အခါမှာ ကျွန်မတို့နိုင်ငံရဲ့ ညီညွတ်ရေး၊ စည်းလုံးရေး၊ တည်ငြိမ်ရေးကို ဦးတည်ပြီးတော့ စေတနာနဲ့ ဝေဖန်ပါ။ အပြုသဘောနဲ့ဝေဖန်ပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံလိုပါတယ်။ ဒါကြောင့် စေတနာ၊ မေတ္တာနဲ့ ပြုပြင်ပေးချင်တယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ အစိုးရပိုင်းကိုရော၊ ဝန်ထမ်းအပိုင်းကိုရော ပြည်သူလူထုကနေပြီး ပြုပြင်ဖို့ ကြိုးစားပေးကြပါ။ "

ကျွန်မတို့နိုင်ငံမှာ အစိုးရရယ်၊ ပြည်သူရယ်၊ ဝန်ထမ်းတွေရယ် တညီတညွတ်တည်း လုပ်မယ်၊ အားလုံးက စေတနာလည်းပြည့်ဝတယ်၊ အရည်အချင်းလည်း ပြည့်ဝတယ်ဆိုရင် ကျွန်မတို့နိုင်ငံအနေနဲ့ မတိုးတက်စရာအကြောင်း မရှိပါဘူး။

ကျွန်မတို့နိုင်ငံ တည်ငြိမ်မှ ကျွန်မတို့နိုင်ငံ တိုးတက်မှာပါ။ ဒါမှသာလျှင် ကျွန်မတို့နိုင်ငံထဲမှာနေတဲ့ လူတွေအားလုံး၊ နိုင်ငံသူနိုင်ငံသားများအားလုံး၊ အစိုးရကအစ ဝန်ထမ်းတွေရော၊ ပြည်သူပြည်သားတွေရော လုံခြုံနိုင်မှာပါ။ ဒီလို လုံခြုံရေးအတွက် ကျွန်မတို့ အားလုံးမှာ တာဝန်ရှိပါတယ်။

တရားမျှတမှုရှိအောင် လုပ်သွားရမှာဖြစ်

ပထမဦးဆုံးတော့ ကိုယ့်ကိုယ်ကို စိတ်လုံခြုံအောင် လုပ်ရမယ်။ ကိုယ့်ကိုယ်ကို စိတ်လုံခြုံအောင် လုပ်ရမယ်ဆိုတာကတော့ မှန်မှန်ကန်ကန် လုပ်ဖို့ပါပဲ။ ကိုယ် မှန်မှန်ကန်ကန် လုပ်တယ်ဆိုရင် ကိုယ့်စိတ်က လုံခြုံမှာပဲ။ ပြင်ပအန္တရာယ်တွေကနေ လုံခြုံအောင် လုပ်ဖို့ဆိုတာကတော့ တရားဥပဒေစိုးမိုးရေးအရ အုပ်ချုပ်နေတဲ့အစိုးရက ဖြစ်မြောက်အောင် လုပ်ပေးရမှာပါ။ တရားဥပဒေစိုးမိုးရေးဆိုတာ ဥပဒေတွေကို လိုက်နာရမယ်။ ဒီဥပဒေတွေကလည်း တရားမျှတရမယ်။ တရားမမျှတတဲ့ဥပဒေတွေဆိုရင် ပြုပြင်ပြောင်းလဲပြီး တရားမျှတအောင်လုပ်ရမှာ ဖြစ်ပါတယ်။ ဥပဒေတွေဆိုတာ လူတွေက လုပ်ထားတဲ့ ကိစ္စပါ။ ဒါကြောင့် လိုအပ်ရင် လူတွေက ပြန်ပြီးတော့ ပြုပြင်နိုင်ရမယ်။ ပြောင်းလဲနိုင်ရမယ်။ ခေတ်နဲ့ ညီအောင်လုပ်ရမယ်။ အားလုံးအတွက်ညီမျှအောင်၊ အားလုံးအတွက် တရားမျှတမှုရှိအောင် လုပ်သွားရမှာဖြစ်ပါတယ်။

ကျွန်မတို့ရဲ့ နိုင်ငံသူ နိုင်ငံသားတွေဟာ ဥပဒေကို လေးစားတဲ့၊ ဥပဒေကိုလိုက်နာတဲ့ နိုင်ငံသူ နိုင်ငံသားတွေ ဖြစ်စေချင်ပါတယ်။ ကမ္ဘာကြီးကို ကြည့်လိုက်မယ်ဆိုရင် တိုးတက်မှု အများဆုံး၊ အမြန်ဆုံး နိုင်ငံတွေဟာ ပြည်သူပြည်သားများ စည်းကမ်းရှိလို့သာဖြစ်တယ်ဆိုတာကို တွေ့ရပါလိမ့်မယ်။

ကျွန်မတို့နိုင်ငံဟာ တစ်ချိန်တစ်ခါတုန်းက အရှေ့တောင်အာရှမှာ လျှမ်းလျှမ်းတောက် အထွန်းကားဆုံးဖြစ်မယ့် နိုင်ငံဆိုပြီး တစ်ကမ္ဘာလုံးက သတ်မှတ်ခဲ့ပါတယ်။ အဲဒီအခြေအနေတွေကပြောင်းလဲပြီး အခုဆိုရင် ဒေသတွင်းမှာတောင်မှ ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံတွေထဲမှာ ပါနေပါတယ်။ ဒါပေမယ့် တစ်ချိန်တစ်ခါက တိုးတက်ခဲ့တယ်ဆိုတဲ့ အင်အားနဲ့ ပြန်ပြီးတော့ လုပ်ဖို့လိုပါတယ်။ အရင်တုန်းက တိုးတက်သလို အခုဒါထက်ပိုပြီးတိုးတက်အောင်လုပ်မယ်ဆိုတဲ့ ဇွဲ၊ ဝီရိယ၊ သန္နိဋ္ဌာန်နဲ့ ဆက်ပြီးလုပ်ရင် ဒီနိုင်ငံဟာ မတိုးတက်စရာအကြောင်း မရှိပါဘူး။

ကျွန်မတို့နိုင်ငံဟာ ပြည်ထောင်စုဖြစ်တဲ့အလျောက် စိန်ခေါ်မှုတွေ အင်မတန်မှများပါတယ်။ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ကိုးကွယ်တဲ့ဘာသာပေါင်းစုံ၊ ပြောတဲ့ဘာသာစကားပေါင်းစုံ ဒီလိုပေါင်းစုံနဲ့ဖွဲ့ထားတဲ့ ပြည်ထောင်စုကြီးဆိုတော့ စိန်ခေါ်မှုတွေတော့ရှိမှာပါ။ ဒါပေမယ့် မတူကွဲပြားမှုတွေကို ကျွန်မတို့စုစည်းပြီး အင်အားတစ်ခုဖြစ်အောင်လုပ်မယ်ဆိုရင် တခြားနိုင်ငံတွေနဲ့ မတူတဲ့အင်အားတွေ ကျွန်မတို့ဆီမှာ ပွားများလာနိုင်ပါတယ်။ မတူတဲ့အရည်အချင်းတွေကို ပေါင်းလိုက်ရင် ပိုပြီးပြည့်စုံသွားပါတယ်။

ပြည်သူကိုတာဝန်ခံတဲ့အစိုးရ

ကျွန်မတို့ ဒီလိုခရီးတွေသွားတဲ့အခါမှာ ပြည်သူလူထုကို မေးဖို့ စီစဉ်ပါတယ်။ မေးဖို့ဆိုတာ ပြည်သူလူထုတွေရဲ့စိတ်ထဲမှာ ဘယ်လိုစိုးရိမ်သောကတွေရှိတယ်ဆိုတာကို ကျွန်မတို့ သိနိုင်ဖို့ ဖြစ်ပါတယ်။ တကယ်တော့ တချို့ကိစ္စတွေဟာ တိုင်းနဲ့ပြည်နယ် အစိုးရတွေက ပြည်သူလူထုနဲ့ ထိတွေ့ပြီး ဖြေနေရမယ့် မေးခွန်းတွေဖြစ်ပါတယ်။ ဒါလည်း ကျွန်မသွားတိုင်း ပြောပါတယ်။ တိုင်းနဲ့ပြည်နယ် အစိုးရတွေမှာ တာဝန်ရှိတယ်။ ပြည်သူလူထုကြားထဲကို ဆင်းရမယ်။ ပြည်သူလူထုနဲ့ တစ်ချိန်လုံး ထိတွေ့ရမယ်။ ပြည်သူလူထုရဲ့အသံတွေကို နားထောင်ရမယ်။ သိချင်တဲ့ မေးခွန်းတွေကိုပြန်ဖြေရမယ်။ အရေးကြီးတာက ပြည်သူကိုတာဝန်ခံတဲ့အစိုးရတစ်ခုဆိုတာ ဘာပဲလုပ်လုပ် ဘာကြောင့်လုပ်တယ်ဆိုတာ ပြည်သူကို ရှင်းပြနိုင်တဲ့အခြေအနေတွေရှိရမယ်။ ဘာကြောင့်လုပ်တာကို မရှင်းပြနိုင်ရင် တစ်ခုခုမှားနေပြီ။ ဒါကြောင့် အစိုးရတာဝန်ကိုထမ်းဆောင်နေတဲ့ ပုဂ္ဂိုလ်များအားလုံးဟာ ပြည်သူတွေရဲ့ မေးခွန်းကို ဖြောင့်ဖြောင့်မတ်မတ် ဖြေနိုင်ရမယ်။ တစ်ခါတလေ နိုင်ငံရဲ့လုံခြုံရေးအရ၊ လိုအပ်ချက်အရ အလုံးစုံမဖြေနိုင်ဘူးဆိုရင် ဖြေသမျှဟာ မှန်မှန်ကန်ကန်ပဲ ဖြစ်ရမယ်။ အဖြေမပေးနိုင်ပါဘူးဆိုတာကို မှန်မှန်ကန်ကန်ပြောပါ။ ပြည်သူကို တစ်ပတ်ရိုက်ဖို့၊ လှည့်ဖြားဖို့မစဉ်းစားပါနဲ့။ ပြည်သူကလည်း သိပါတယ်လို့ ကျွန်မအနေနဲ့ သတိပေးချင်ပါတယ်။

ပြည်သူများဟာ အစိုးရရဲ့လုပ်ရပ်တွေ၊ ဝန်ထမ်းတွေရဲ့ လုပ်ရပ်တွေကို ဝေဖန်နိုင်တဲ့ အခွင့်အရေးရှိပါတယ်။ ဒါပေမယ့် ဒီဝေဖန်နိုင်တဲ့ အခွင့်အရေးကို သုံးတဲ့အခါမှာ ကျွန်မတို့ နိုင်ငံရဲ့ ညီညွတ်ရေး၊ စည်းလုံးရေး၊ တည်ငြိမ်ရေးကို ဦးတည်ပြီးတော့ စေတနာနဲ့ ဝေဖန်ပါ။ အပြုသဘောနဲ့ဝေဖန်ပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံလိုပါတယ်။ ဒါကြောင့် စေတနာ၊ မေတ္တာနဲ့ ပြုပြင်ပေးချင်တယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ အစိုးရပိုင်းကိုရော၊ ဝန်ထမ်းအပိုင်းကိုရော ပြည်သူလူထုကနေပြီး ပြုပြင်ဖို့ ကြိုးစားပေးကြပါ။ အစိုးရပိုင်းနဲ့ ဝန်ထမ်းပိုင်းကလည်း ပြည်သူအပေါ်မှာ မေတ္တာ၊ စေတနာအပြည့်အဝနဲ့ ပြည်သူတွေရဲ့ အကျိုးအတွက် လုပ်ပေးကြပါ။ တကယ် စေတနာမှန်မှန်နဲ့ ပြည်သူအပေါ်မှာ လုပ်ပေးတဲ့ပုဂ္ဂိုလ်များဟာ ဘာတစ်ပြားမှ မရှိဘဲနဲ့ ဒီလောကကြီးထဲကနေ ထွက်သွားရပေမယ့် ကျန်ခဲ့တဲ့ အမွေအနှစ်တွေက လူတွေ သုံးလို့၊ ဖြုန်းလို့ မကုန်ပါဘူးဆိုတာ ကျွန်မအမြဲသတိပေးပါတယ်။ နိုင်ငံသူ နိုင်ငံသားတွေအတွက် သုံးလို့၊ ဖြုန်းလို့မကုန်တဲ့ အမွေတွေထားပစ်ခဲ့ချင်ရင် အစိုးရတာဝန်ယူနေတဲ့သူများ၊ နိုင်ငံဝန်ထမ်းများအားလုံးဟာ မှန်မှန်ကန်ကန်နဲ့ နိုင်ငံအပေါ်မှာ စေတနာထားပြီး လုပ်ပေးစေချင်ပါတယ်။

ကျွန်မတို့ ဒီမှာ အမေးအဖြေတွေလုပ်ရင် အမြဲပဲ သတိပေးပါတယ်။ မေးချင်တာကို တိုတိုနဲ့လိုရင်းပဲ မေးလိုက်ပါ။ ဖြေတဲ့အခါကျရင်လည်း တိုတိုနဲ့လိုရင်းပဲ ဖြေစေချင်ပါတယ်" ဟု ပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများ ကြိုတင်တင်ပြထားသည့် ပဲခူးခရိုင် နှစ်စဉ်နီးပါး ရေကြီးနစ်မြုပ်သည့် ဘေးဒုက္ခလျော့ပါးသက်သာစေရန် ကူညီဆောင်ရွက်ပေးနိုင်ရေး၊ ညောင်လေးပင်မြို့နယ်တွင် အချို့သော မူလတန်းလွန်ကျောင်းများ၌ ကျောင်းသားနှင့် ဆရာဦးရေ မမျှခြင်းနှင့် နယ်မြေဒေသ လမ်းပန်းဆက်သွယ်ရေး စသည်တို့ကို ပြန်လည်သုံးသပ်၍ မူလတန်းလွန်ကျောင်းအချို့အား ကျောင်းအဆင့်ပြန်လည်လျှော့ချပေးရေး၊ ပဲခူးခရိုင် ဒိုက်ဦးမြို့နယ် စက်မှုဝန်ကြီးဌာန အချိုမှုန့်စက်ရုံ (ယခုကော်ဖီစက်ရုံ) နိုင်ငံပိုင်စိုက်ကွင်းမြေအတွင်း အသုံးပြုခြင်းမရှိသည့် မြေဧရိယာများကို ပြန်လည်စွန့်လွှတ်ပေးပါရန်နှင့် စွန့်လွှတ်ခြင်းမရှိပါက ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးရေး၊ ဝေါမြို့နယ်အတွင်း နွေစပါး ရေရရှိရေးအတွက် မိုးယွန်းကြီးရေလှောင်ကန်ရေကို ဝေါ၊ သနပ်ပင်နှင့် ရန်ကုန်တိုင်းဒေသကြီး မိုင် ၃၀ စိမ်းလန်းစိုပြည်ရေးသို့ ပေးဝေနေ၍ ရေမလောက်မှုများ ဖြစ်ပေါ်လာသဖြင့် ဝေါမြို့နယ် တစ်ခုတည်းကိုသာ ပေးဝေပေးပါရန်နှင့် မရပါက ၁ ပေ အချင်း ရေလှုံ့တွင်းများ တူးဖော်ပေးနိုင်ရေး၊ ကျောက်တံခါးမြို့နယ် ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံကို တိုးမြှင့်ဖွင့်လှစ်ပြီးဖြစ်သော်လည်း လူနာအရေအတွက် များပြားသဖြင့် တိုးချဲ့နှစ်ထပ်လူနာဆောင်ခွင့်ပြုချထားပေးနိုင်ရေး၊ ဟင်္သာကုန်း ဘောလုံးကွင်းမြေနေရာကို စည်ပင်သာယာမှ ပြည်သူများထံသို့ ပြန်လည်လွှဲပြောင်းပေးနိုင်ရေး၊ ရွှေမော်ဓောစေတီတော်အတွင်းရှိ ဗုဒ္ဓအသံ ဓမ္မဗိမာန်ကို ဂေါပကအဖွဲ့သို့ ငွေစာရင်းရှင်းတမ်းများနှင့်အတူ လွှဲပြောင်းပေးနိုင်ရေး၊

စာမျက်နှာ ၄ သို့

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဝဂ်ဘော်ဆင်စခန်းအတွင်း လှည့်လည်ကြည့်ရှုစဉ်။

သတင်းစဉ်

စာမျက်နှာ ၃ မှ

လွတ်လပ်ရေးကျောက်တိုင် မြေနေရာကို အားကစားဝန်ကြီးဌာနမှ ဂရန်ထုတ်ယူ သိမ်းယူထားမှုကို အများပြည်သူအသုံးပြုနိုင်ရေးမြေနေရာအဖြစ် ပြန်လည် စွန့်လွှတ်ပေးနိုင်ရေးနှင့် ပဲခူးမြို့ရှိ (ညွန့်၊ အောင်ချမ်းသာ၊ ရဲတံခွန်၊ မော်ကန်) ရုပ်ရှင်ရုံများကို ပုဂ္ဂလိကသို့ လွှဲပြောင်းမှုများတွင် မည်သို့ ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုခြင်း စသည့်မေးခွန်းများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ခန်းမအပြင်ဘက်ရှိ ဒေသခံပြည်သူ ၁၀ ဦးက ရှမ်းကိုင်းကျေးရွာ အုပ်ချုပ်ရေးမှူးအား ဥပဒေမဲ့တာဝန်မှရပ်စဲမှု၊ ပဲခူးမြို့သည် နှစ်စဉ်နီးပါး ရေကြီးနစ်မြုပ်သဖြင့် နောက်ဖေးလမ်းကြားများ တူးဖော်ရေးနှင့် ပလက်ဖောင်းပေါ်ရှိ ဈေးသည်များကို ဖယ်ရှားရှင်းလင်းပေးရေး၊ အောက်ကမ္ဘာကျေးရွာရှိ မြေလွတ် မြေရိုင်းများတွင် မြေယာကျူးကျော်ခံနေရသည့် ကိစ္စရပ်များနှင့် ဒေသခံပြည်သူများ မြေယာများ ပြန်လည်ရရှိရေး၊ အမြန်လမ်း ၃၁ မိုင် ၂ ဖာလုံ၊ လှော်ကားမှ ပန်းခင်းအထိ လမ်းဖောက်လုပ်ရေး၊ ပဲခူးမြို့ မြို့တွင်းကြီးရပ်ကွက် ရတနာပုံလမ်းကို အများပြည်သူ သွားလာနိုင်ရန် ဖောက်လုပ်ပေးနိုင်ရေး၊ အမှတ်(၁) ခဲယမ်းမီးကျောက်တပ်နှင့် လေတပ်တို့၏ ၁၉၉၆ ခုနှစ်နှင့် ၁၉၉၇ ခုနှစ် လယ်ယာမြေသိမ်းဆည်းမှုဆိုင်ရာ ကိစ္စရပ်များ၊ ဝေါမြို့မြစ်ကျိုးကျေးရွာ သိမ်းဆည်းခံမြေယာများ မူလပိုင်ရှင်များထံ ပြန်လည်အပ်နှံရေးတွင် သက်ဆိုင်ရာ တာဝန်ရှိသူများ လာရောက်ဖြေရှင်းဆောင်ရွက်ပေးရေး၊ ပဲခူးတိုင်းဒေသကြီးအတွင်း ရေဘေးထောက်ပံ့မှုများကို ရေဘေးသင့်ပြည်သူများထံ အပြည့်အဝရောက်ရှိစေရေး၊ ဝေါမြို့နယ် လက်ပံကျေးရွာတွင် လယ်ယာမြေပုံစံ - ၇ များ စနစ်တကျ ထုတ်ပေးနိုင်ရေး၊ အမြန်လမ်းမိုင်တိုင် ၃၁ မိုင် ၆ ဖာလုံ လှော်ကားရွာတွင် ကုမ္ပဏီများမှ မြေလွတ်မြေရိုင်းများ ခွင့်ပြုသည်ထက် ပိုမိုသိမ်းယူထားသည့် ကိစ္စရပ်များနှင့် ပဲခူးမြို့ ဥဿာမြို့သစ် အမှတ်(၈) ရပ်ကွက်အတွင်းရှိ တောင်သူလယ်သမားများ၏ အခွင့်အရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ခန်းမအတွင်းရှိ ဒေသခံပြည်သူသုံးဦးက အစ္စလာမ်ဘာသာဝင်များနှင့် ဟိန္ဒူဘာသာဝင်များ နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများ၊ ကျောက်တံခါးမြို့နယ် အောင်မြင်ကျေးရွာတွင် ကျောင်းဆောင်သစ်ဆောက်လုပ်ပေးနိုင်ရေး၊ ရေချိုငါးလုပ်ငန်းနည်းဥပဒေ အမြန်ဆုံးထုတ်ပြန်ရေးဆွဲနိုင်ရေးနှင့် ဒေသခံပြည်သူများ၏ တင်ပြချက်များကို အမှန်တရားပေါ်ပေါက်သည်အထိ အရေးယူဆောင်ရွက်ပေးနိုင်ရေးတို့နှင့် စပ်လျဉ်းသည့် မေးခွန်းများကို တင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဖြည့်စွက်ရှင်းလင်းသည်။

ဥပဒေအရ အရေးယူရမည်

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ပဲခူးတိုင်းတွင် သတိထားမိသည့် အဓိကအချက်(၂)ချက်ရှိကြောင်း၊ တစ်ချက်မှာ တရားမျှတမှုကို မခံရသည့်ခံစားမှုများ တချို့ပြည်သူများတွင်ရှိကြောင်း၊ တရားမျှတမှုမရှိကြောင်း ပြည်သူများ ဘာကြောင့်ယူဆသလဲဆိုသည်ကို စဉ်းစားလျှင်၊ အမှန်တကယ် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ မျှတမှုမရှိခြင်းကြောင့် (သို့မဟုတ်) ဘာကြောင့် ကိစ္စတစ်ခုကို လုပ်ဆောင်သည်ဆိုသည်ကို သေသေချာချာ ပြည်သူများကို ရှင်းမပြခြင်းကြောင့်၊ ထိုနှစ်ခုထဲမှ တစ်ခုဖြစ်ပါကြောင်း၊ မျှမျှတတ လုပ်ဆောင်ခြင်းမရှိဘူးဆိုလျှင် မိမိတို့အစိုးရအဖွဲ့အနေဖြင့် စည်းမျဉ်းစည်းကမ်းဥပဒေအရ အရေးယူရမည်ဖြစ်ကြောင်း၊ ပြည်သူများကို သေသေချာချာမရှင်းပြ၍ ပြည်သူများ နားမလည်သောကြောင့် နားလည်မှုလွဲသည်ဆိုလျှင် ပြည်သူများကို လေးလေးစားစားဖြင့် နားလည်အောင်ရှင်းပြသည့် တာဝန်ကို ထမ်းဆောင်သည့်နေရာတွင် ပို၍ကျေပွန်စေရန် အရည်အချင်း မြှင့်တင်ခြင်းလုပ်ပေးမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများကလည်း ပိုကြိုးစားရန် လိုကြောင်း။

နောက်တစ်ချက်မှာ တရားမျှတမှုမရှိကြောင်း တစ်ခါတစ်ရံ ဘေးမှပိုင်းမြှောက်ပေးသည်လည်း ရှိပါကြောင်း၊ ထိုအရာများကိုလည်း သတိပြုစေလိုကြောင်း၊ တချို့သည် နိုင်ငံ၏တည်ငြိမ်မှုကို အဓိကမထားဘဲ ရန်စပွားရန်လုပ်ဆောင်လိုသည့် စိတ်ဓာတ်များဖြင့် လှုပ်ရှားနေသည့်အဖွဲ့အစည်းများ ပုဂ္ဂိုလ်များလည်းရှိကြောင်း။

တင်ပြချက်များအားလုံးစိစစ်မည်

ထို့ကြောင့် ပြည်သူများအနေဖြင့်လည်း ဘေးမှမြှောက်ပေးသည်များကို မယုံသင့်ကြောင်း၊ မိမိ၏အသိတရားဖြင့် ကိစ္စတစ်ခုကို သေသေချာချာနားလည်ရန် ကြိုးစားသင့်ကြောင်း၊ ယခု တင်ပြသွားသည့် ကိစ္စအားလုံးထဲမှ မတရားသဖြင့် ဆက်ဆံမှုခံနေရသည်ဟုထင်သည့် ပုဂ္ဂိုလ်များ၏ တင်ပြချက်များအားလုံးကို သေသေချာချာစိစစ်မည်ဖြစ်ပါကြောင်း၊ အားလုံးကိုစိစစ်ပြီး တွေ့ရှိချက်အရ လုပ်သင့်လုပ်ထိုက်သည်ကို လုပ်ပေးမည်ဖြစ်ပါကြောင်း၊ အစိုးရဘက်မှ မည်သို့ပင် တင်ပြတင်ပြ၊ ယခု အခမ်းအနားတွင် ပြောသွားသည့်ပုဂ္ဂိုလ်မှ မည်သို့တင်ပြစေကာမူ၊ နှစ်ဖက်စလုံးကို မျှမျှတတစိစစ်မည်ဖြစ်ကြောင်း၊ စိစစ်ပြီး မှန်သည့်ဘက်မှ ရပ်တည်သွားမည်ဖြစ်ပါကြောင်း။

အဆင်ပြေမည့်အဖြေကို ရှာရမည်

မိမိတို့နိုင်ငံတွင် ပြဿနာများကို ညှိနှိုင်းဖြေရှင်းသည့် အလေ့အထတစ်ခုကို ထူထောင်ရန် အင်မတန်အရေးကြီးပါကြောင်း၊ ယဉ်ကျေးသိမ်မွေ့သည့် လူ့အသိုင်းအဝိုင်းတွင် ယခုလိုပင်လုပ်ရပါကြောင်း၊ ယဉ်ကျေးသည့် ပုဂ္ဂိုလ်များသည် သဘောတူညီချက်မရှိလျှင် သဘောတူညီချက်ရသည်အထိ အေးအေးဆေးဆေးညှိနှိုင်းရမည်၊ တိုင်ပင်ရမည်၊ အပေးအယူလုပ်ရမည်၊ နှစ်ဖက်စလုံးအတွက် အဆင်ပြေမည့်အဖြေကို ရှာရမည်ဖြစ်ပါကြောင်း။

ပဲခူးသည် အစဉ်အလာအရ နိုင်ငံရေးပိုင်းတွင် အင်မတန်တက်ကြွသောတိုင်းဖြစ်သည့်အတွက် လေးလေးနက်နက်ဖြင့် ပြည်သူများ၏အသံကို နားထောင်ပါကြောင်း၊ နားထောင်ပြီး နိုင်ငံတွင်မည်သို့သော ပြဿနာရှိသည်ကို သိရသည့်အတွက် များစွာအကျိုးရှိပါကြောင်း၊ ထို့ကြောင့် မိမိတို့၏ဆွေးနွေးပွဲကို ဝိုင်းဝန်းပံ့ပိုးပေးသည့် ပြည်သူများအားလုံးကို ကျေးဇူးတင်ပါကြောင်း၊ အများအတွက် အကောင်းဆုံးဖြစ်ရန် ကြိုးစားသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ကျပ်သိန်း ၂၀၀ ကို ပေးအပ်လှူဒါန်း

ထို့နောက် ဦးတင်စိုးက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံ ငြိမ်းချမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် အလှူငွေကျပ်သိန်း ၂၀၀ ကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် တွေ့ဆုံပွဲသို့တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများနှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ရွှေဝါထွန်းဟိုတယ် ဧည့်ခန်းမ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

အမြန်ဆုံးအရေးယူ ဆောင်ရွက်

တွေ့ဆုံစဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တွေ့ဆုံပွဲတွင် ဒေသခံပြည်သူများက လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် မြေယာဆိုင်ရာ ကိစ္စရပ်များကို တင်ပြကြပါကြောင်း၊ အမှုအခင်းများဖြစ်ပေါ်လာပါက ကူညီဆောင်ရွက်ဖြေရှင်းပေးကြရမည် ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ တိုင်းဒေသကြီးအစိုးရနှင့် တိုင်းဒေသကြီးဥပဒေရုံးတို့ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပြီး အမြန်ဆုံး ဖြေရှင်းဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးသည် လယ်ယာမြေကို အားထားသည့် တိုင်းဒေသကြီးဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများ၏ အရေးကိစ္စများကို အမြန်ဆုံးအရေးယူဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မော်တော်ယာဉ်များဖြင့် ဝဂ်ဘော်ဆင်စခန်းသို့ရောက်ရှိပြီး ရှင်းလင်းဆောင်၌ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး စောဂျွန်ရွှေဘက ဆင်စခန်းဆိုင်ရာ အချက်အလက်များ၊ ဆင်စခန်းများ၏ ရည်ရွယ်ချက်၊ အနာဂတ်မျှော်မှန်းချက်နှင့် ရည်မှန်းချက်၊ ဆင်စခန်းဝန်ဆောင်မှုလုပ်ငန်းများ၊ ဆင်ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများနှင့် ဆင်ထိန်းသိမ်းရေးအခြေပြု ခရီးသွားလုပ်ငန်းဆိုင်ရာများကို Video Projector ဖြင့် ရှင်းလင်းတင်ပြကြသည်။

နို့ဖိုးငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဝဂ်ဘော်ဆင်စခန်းအတွင်း လှည့်လည်ကြည့်ရှုပြီး အမိမဲ့ဆင်ကလေးများအတွက် နို့ဖိုးငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြပြီး မွန်းလွဲ ၂ နာရီခွဲတွင် ရေတာရှည်မြို့နယ်အတွင်းရှိ ဆွာချောင်းရေလှောင်တမံသို့ရောက်ရှိရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် ၂၀၁၈ ခုနှစ် ဩဂုတ် ၂၉ ရက်က ဆွာချောင်းရေလှောင်တမံမှ ရေပိုလွှဲထိခိုက်ပျက်စီးခဲ့သည့်နေရာနှင့် အဆိုပါနေရာအနီး ယာယီကျောက်ဖြည့်တမံ ဆောင်ရွက်ထားရှိမှုအား မော်တော်ယာဉ်များဖြင့် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်တို့က ဆွာချောင်းရေလှောင်တမံမှ ရေပိုလွှဲထိခိုက်ပျက်စီးမှုဖြစ်ပွားပြီးနောက်ပိုင်း လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ခဲ့မှု၊ ယာယီကျောက်ဖြည့်တမံ ဆောင်ရွက်ထားရှိမှု၊ နောင်အလားတူအဖြစ်မျိုး ဖြစ်ပွားမှုမရှိအောင် ပြည်ပ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများ ရှင်းလင်းတင်ပြပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ရေဘေးဒဏ်ခံခဲ့ရသော ကျွန်းတောစုကျေးရွာ ပြန်လည်ထူထောင်ရေးအတွက် ကျေးရွာသစ် ပြန်လည်နေရာချထားသည့်နေရာတွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ဆောက်လုပ်လှူဒါန်းထားသည့် ကျွန်းတောစုကျေးရွာသစ် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ပေ(၃၀ × ၆၀) ရှိ RC အမျိုးအစား တစ်ထပ်ကျောင်းဆောင် နှစ်ဆောင် အသစ်ဆောက်လုပ်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၅ သို့

စာမျက်နှာ ၄ မှ

ဒေသခံပြည်သူများနှင့် တွေ့ဆုံ

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အသစ်ဆောက်လုပ်နေသည့် ကျွန်းတောစုကျေးရွာသစ် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ခန်းမဆောင်တွင် ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ဆွာချောင်းရေလှောင်တမံ ရေပိုလွှဲကျိုးပေါက်မှုကြောင့် ထိခိုက်ပျက်စီးပြီး ရေဘေးဒဏ်ခံခဲ့ရသော ရေတာရှည်မြို့နယ် ကျွန်းတောစုကျေးရွာအား ပြန်လည်နေရာချထားပေးရန်အတွက် ကျေးရွာသစ်တည်ဆောက်နေမှု အခြေအနေအား ရှင်းလင်းတင်ပြသည်။

ထို့နောက် တွေ့ဆုံပွဲသို့တက်ရောက်လာသည့် ဒေသခံပြည်သူများက သိုင်းဝကျေးရွာအုပ်စုတွင် ၂၀၁၀ ခုနှစ်က ကုမ္ပဏီက သိမ်းယူထားသည့် လယ်ယာမြေများအား ပြန်လည်ရရှိရန်အတွက် ရှင်းလင်းပေးရန်၊ တပ်မတော်မှ သိမ်းယူခဲ့ပြီး ပြန်လည်စွန့်လွှတ်သည့် လယ်ယာမြေများအား မူလပိုင်ရှင်များ မရရှိသည့်အပေါ် စိစစ်ပေးရန်၊ စပါးစိုက်ပျိုးရန်အတွက် ဆည်မြောင်းမှ ရေပေးတူးမြောင်း ဖောက်လုပ်ပေးရန်၊ မြေသိမ်းဆည်းခံရမှုအား စိစစ်ပေးရန်၊ ရွာမြေနေရာအနီး တိုးပွားလာသည့် အိမ်ထောင်စုများအတွက် မြေနေရာချထားပေးရန်၊ ရွာမြေ မတရားရောင်းစားထားမှုအား စိစစ်ပေးရန် စသည်တို့ကို တင်ပြကြသည်။

ဖြည့်စွက်ရှင်းလင်းပြောကြား

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဆောင်ရွက်ပေးမည့် အခြေအနေများကို ပြန်လည်ရှင်းလင်းကြပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အကျယ်တဝင့် ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

အမြန်ဆုံးဖြေရှင်းပေးမည်

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိတို့နိုင်ငံတွင် လယ်ယာမြေများနှင့်ပတ်သက်၍ တရားမျှမျှတတ ဖြစ်စေရန် ၂၀၁၂ ခုနှစ်၌ လွှတ်တော်ကဆုံးဖြတ်လိုက်ပြီး နောက်ပိုင်းမှစ၍ ဆောင်ရွက်ခဲ့ရာ ခြောက်နှစ် မပြည့်သေးပါကြောင်း၊ ပထမနှစ်များတွင် အရှိန်မရသေး၍ မဖြစ်မြောက်ပါကြောင်း၊ သို့သော် တစ်လထက် တစ်လ ပို၍ အရှိန်ရလာပြီး ပြီးပြတ်လာပါကြောင်း၊ အထူးသဖြင့် ပဲခူးတိုင်းဒေသကြီးသည် လယ်ယာစိုက်ပျိုးရေးကို အားကိုးနေသည့် တိုင်းဒေသကြီး တစ်ခုဖြစ်ပြီး စိုက်ပျိုးမြေကိစ္စသည် အင်မတန်အရေးကြီးသည့်အတွက် အမြန်ဆုံးဖြေရှင်းပေးမည် ဖြစ်ပါကြောင်း။

မိမိတို့တွေ့ရှိရသည့် အဓိကအချက်တစ်ခုမှာ မြေစာရင်းဌာနကို အင်အားဖြည့်ပေးရန် လိုအပ်နေပါကြောင်း၊ မြေစာရင်းဌာနကို အင်အားဖြည့်ပြီးသည့်အခါ အမှုကိစ္စများကို ပိုမို၍ မြန်မြန်ဆန်ဆန် စစ်ဆေးဖြေရှင်းပေးနိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ရွာသူရွာသားများနှင့် တွေ့ဆုံနိုင်သည့် အခွင့်အရေးရသည့်အတွက် ဝမ်းသာပါကြောင်း၊ ထိုသို့တွေ့ဆုံရာတွင် ပြည်သူများအနေဖြင့် ပြောချင်သည့်စကားများ မကုန်ဘူးဆိုသည်ကို သိရှိပါကြောင်း၊ တစ်ဖက်က မိမိတို့ကလည်း ပြည်သူများကို ပြောချင်သည့်စကားများ မကုန်နိုင်ပါကြောင်း။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရေဘေးဒဏ်ခံခဲ့ရသော ကျွန်းတောစုကျေးရွာသစ် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ ဓာတ်ပုံ-ဘိုဘို

နိုင်ငံပြောင်းလဲလာသည်နှင့်အမျှ၊ တိုးတက်လာသည်နှင့်အမျှ စိန်ခေါ်မှုများကလည်း များပြားလာပါကြောင်း၊ ထိုကဲ့သို့ စိန်ခေါ်မှု များလာသည့်အခါ မိမိတို့အားလုံးသည် တစ်ညီတစ်ညွတ်တည်းဖြင့် စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားရမည် ဖြစ်ပါကြောင်း၊ ထိုသို့ ရင်ဆိုင်ကျော်လွှားနိုင်သည့် အစွမ်းအစများ ရှိမှသာ မိမိတို့နိုင်ငံသည် တိုးတက်နိုင်မည် ဖြစ်ပါကြောင်း။

ဖွံ့ဖြိုးတိုးတက်ရမည်ဆိုသည့် ယုံကြည်ချက်ရှိ

မိမိတို့အနေဖြင့် တိုးတက်သည်ဆိုရာတွင် မိမိတို့ ပြည်သူပြည်သားအားလုံး၏ ကိုယ်လုံခြုံမှု၊ စိတ်လုံခြုံမှု နှစ်မျိုးစလုံး ရှိစေချင်ပါကြောင်း၊ မိမိတို့နိုင်ငံသည် မကြာတော့သည့် အချိန်တွင် ဖွံ့ဖြိုးတိုးတက်ရမည်ဆိုသည့် ယုံကြည်ချက်ရှိပါကြောင်း၊ ယင်းယုံကြည်ချက်ကို မိမိတို့ ပြည်သူလူထုအားလုံးကလည်း နှလုံးသားထဲတွင် မွေးမြူထားစေလိုပါကြောင်း၊ ယုံကြည်ချက်ရှိမှ တိုးတက်နိုင်မည်ဖြစ်ပါကြောင်း၊ ယုံကြည်ချက်သည် အကြီးမားဆုံးအင်အားဖြစ်ပါကြောင်း၊ ကိုယ်လုပ်သည့် အလုပ်ကို ယုံကြည်ချက်မရှိလျှင် အောင်မြင်မည်မဟုတ်ပါကြောင်း၊ မည်မျှပင်ခက်ခဲသည့်အလုပ်ဖြစ်စေကာမူ ယုံကြည်မှုနှင့် လုပ်မည်ဆိုပါက တစ်ချိန်တွင် အောင်မြင်မှုရရှိမည် ဖြစ်ပါကြောင်း။

တတ်နိုင်သမျှ ပံ့ပိုးပေးမည်ဖြစ်

မိမိအနေဖြင့် တိုင်းဒေသကြီးအစိုးရကိုလည်း မှာကြားခဲ့ပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များသည် ပြည်သူများကြားထဲကိုသွားပြီး ပြည်သူများနှင့် အမြဲပင်ထိတွေ့မှုရှိပါ၊ ပြည်သူများ၏အသံကို နားထောင်ပါ၊ ပြဿနာကို မည်သို့ဖြေရှင်းပေးရမည်ဆိုသည်ကို စဉ်းစားကြပါဟု ပြောလိုပါကြောင်း၊ မိမိတို့ ဗဟိုအစိုးရကလည်း တတ်နိုင်သမျှ ပံ့ပိုးပေးမည်ဖြစ်ပါကြောင်း။

ကြိုးစားကြစေလို

လူငယ်များကို အထူးမှာကြားလိုသည်မှာ လူငယ်များအနေဖြင့် မူးယစ်ဆေးဝါးသုံးစွဲမှုကို စမ်းသပ်ပြီး အပျော်သဘော လုပ်ကြည့်ရမည့်ကိစ္စမဟုတ်ပါကြောင်း၊ အင်မတန်အန္တရာယ်များပါကြောင်း၊ ကွမ်းလည်းမစားကြစေလိုကြောင်း၊ ကျန်းမာရေးအတွက် မကောင်းသည့်အတွက် ရှောင်ကြဉ်စေလိုကြောင်း၊ စာကြိုးစားကြရန်လည်း မှာကြားလိုပါကြောင်း၊ စာသင်ယူနိုင်သည့် အခွင့်အလမ်းရှိသည့်အချိန်တွင် ကြိုးစားကြစေလိုပါကြောင်း၊ ပညာသင်သည်၊ စာသင်သည်ဆိုသည်မှာ မိမိဘဝရပ်တည်ရေးအတွက် ဖြစ်ပါကြောင်း။

သို့သော် ပညာတတ်သည်ဆိုသည်မှာ ကျောင်းပညာရှိမှ ပညာတတ်သည် မဟုတ်ပါကြောင်း၊ မိမိဘဝအတွက် ရပ်တည်နိုင်မည်ဆိုလျှင် ပညာတတ်ဖြစ်ပါကြောင်း၊ မိမိတို့ လူငယ်များ အလုပ်ရရှိရေးကို ဦးစားပေးဆောင်ရွက်နေပါကြောင်း၊ လူငယ်များသည် အလုပ်ရှိမှ ဘဝတွင် ဦးတည်ချက်ရှိလာပါကြောင်း၊ အလုပ်မဲ့လူငယ်များသည် ဦးတည်ချက်ပျောက်နေမည် ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ကြိုးစားပြီး ကျောင်းနေချင်သည့်လူငယ်များ ကျောင်းဆက်ပြီးနေနိုင်ရန်၊ ကျောင်းထွက်ပြီး အလုပ်လုပ်ချင်သည့် လူငယ်များ အလုပ်ရရှိစေရန် ဦးတည်ကြိုးစားပေးသွားမည် ဖြစ်ပါကြောင်း၊ သို့သော် ကာယကံရှင်ကိုယ်တိုင်ကလည်း ကြိုးစားရမည်ဖြစ်ပါကြောင်း။

တတ်နိုင်သည့်ဘက်က ပံ့ပိုးပေးသွားမည်

အစိုးရအနေဖြင့် ပြည်သူလူထုအားလုံး ဘဝတိုးတက်ရန်အတွက် တတ်နိုင်သည့်ဘက်က ပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့ ပြည်သူလူထုကလည်း ဘဝတိုးတက်ရေးအတွက် ဝါယမစိုက်ထုတ်ပြီး ကြိုးစားကြစေလိုကြောင်း၊ အားလုံး အတူတူကြိုးစားပါက အောင်မြင်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဒေသခံပြည်သူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာကြရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။ **သတင်းစဉ်**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆက်လက်ကျင်းပ၊ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ကျောက်စိမ်းအတွဲ ၁၀၅၀ တွဲရောင်းချနိုင်ခဲ့

နေပြည်တော် မတ် ၁၅

၂၀၁၉ ခုနှစ် (၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့ကို ယနေ့တွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပခဲ့ရာ ကျောက်စိမ်းအတွဲ စုစုပေါင်း ၁၀၅၀ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချနိုင်ခဲ့သည်။

ယနေ့ပြပွဲတွင် ကျောက်စိမ်းအတွဲအမှတ် ၁ မှ ၁၂၀၀ အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် တင်ပြခဲ့ရာ ကျောက်စိမ်းအတွဲ ၁၀၅၀ တွဲကို ယူရိုငွေ ၄၆ ဒသမ ၅၀၅ သန်းဖြင့် ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲ ၆၉၇၃ တွဲတွင် နိုင်ငံတော်ပိုင် ကျောက်စိမ်းအတွဲ ၇၉ တွဲ၊ ကုမ္ပဏီ၊ သမဝါယမအသင်းနှင့် အရောင်းဆိုင် ၁၃၀၀ ကျော်က ပိုင်ဆိုင်သည့် ကျောက်စိမ်းအတွဲ ၄၃၃၂ တွဲ၊ နိုင်ငံတော်နှင့် အကျိုးတူကုမ္ပဏီ ၆၀ ကျော်က ပိုင်ဆိုင်သည့် ကျောက်စိမ်းအတွဲ ၂၅၆၂ တွဲ ပါဝင်ကြောင်း သိရသည်။

(၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မဏိရတနာ ကျောက်စိမ်းခန်းမ၌ မတ် ၂၀ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး မတ် ၁၆ ရက်တွင် ကျောက်စိမ်းအတွဲ အမှတ် ၁၂၀၁ မှ ၂၄၀၀ အထိ လည်းကောင်း၊ မတ် ၁၇ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၂၄၀၁ မှ ၃၆၀၀ အထိ လည်းကောင်း၊ မတ် ၁၈ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၃၆၀၁ မှ ၄၈၀၀ အထိ လည်းကောင်း၊ မတ် ၁၉ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၄၈၀၁ မှ ၆၀၀၀ အထိ လည်းကောင်း၊ မတ် ၂၀ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၆၀၀၁ မှ ၆၉၇၃ အထိ လည်းကောင်း ခင်းကျင်းပြသ ရောင်းချပေးသွားမည်ဖြစ်သည်။

(၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့ ကျင်းပစဉ်။

ကျောက်မျက်ရတနာပြပွဲသို့ တရုတ်၊ ထိုင်း၊ ဩစတြေးလျ၊ အမေရိကန်နှင့် အိန္ဒိယနိုင်ငံတို့မှ ပြည်ပရတနာကုန်သည် စုစုပေါင်း ၂၉၁၁ ဦးနှင့် ပြည်တွင်းရတနာကုန်သည် ၁၆၂၈ ဦး စုစုပေါင်း ရတနာကုန်သည် ၄၅၃၉ ဦး တက်ရောက်ရန် မှတ်ပုံတင်ထားပြီး ယနေ့ပြပွဲသို့ ပြည်တွင်းပြည်ပ ရတနာကုန်သည်အများအပြား တက်ရောက်ကြသည်။

ထို့ပြင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအနေဖြင့် ရတနာပြပွဲ၌ တက်ရောက်လာသည့် ပြည်တွင်းပြည်ပ ရတနာကုန်သည်များက မြန်မာနိုင်ငံမှ ထွက်ရှိသော ရတနာပစ္စည်းများကို အမှတ်တရ ဝယ်ယူနိုင်စေရေးအတွက် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ကျောက်မျက်နှင့် လက်ဝတ်ရတနာ အရောင်းဆိုင် ၈၂ ဆိုင်ကို ခင်းကျင်းပြသရောင်းချနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားကြောင်းသိရပြီး ရတနာကုန်သည်များ၏ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် ဘဏ်ကောင်တာများ ဖွင့်လှစ်နိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **သတင်း- မွေးကြူဇင် ဓာတ်ပုံ- အေးသန်း**

နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၁၅

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၂ ဒီဂရီစင်တီ ဂရိတ်၊ မကွေးမြို့ အောင်လံမြို့ တောင်တွင်းကြီးမြို့ ဆင်ဖြူကျွန်းမြို့နှင့် ပြည်မြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည့် သက်တော်ရှည် ဂိုဏ်းထောက်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တကောဝိဒ၏ ဥတုဇရုပ်ကလာပ်အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သွားရောက်ဖူးမြော်ကြည်ညို

နေပြည်တော် မတ် ၁၅

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် လောမြို့ရှိ ဂိုဏ်းထောက်ကျောင်းတိုက်သို့သွားရောက်၍ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည့် သက်တော်ရှည် ဂိုဏ်းထောက်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တကောဝိဒ၏ ဥတုဇရုပ်ကလာပ်အား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သာသနာ့ဝုဒ္ဓိဝိသောဓနီသိမ်တော်အတွင်း ထားရှိသည့် သက်တော်ရှည်ဂိုဏ်းထောက်ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဉာဏိဿရအား ဖူးမြော်ကြည်ညိုကြပြီး ကျောင်းထိုင်ဆရာတော်က အန္တိမစျာပန အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများအား ရှင်းလင်းမြွက်ကြားရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ မေးမြန်းလျှောက်ထားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အန္တိမစျာပနအောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေးအတွက် အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ တပ်မတော်အရာရှိကြီးများက ဆရာတော်များထံ လှူဖွယ်ပစ္စည်းများကို လည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။

သက်တော်ရှည်ဂိုဏ်းထောက်ဆရာတော်ဘုရားကြီးသည် သက်တော်(၁၀၀)၊ ဝါတော်(၈၀) ရှိပြီဖြစ်ပြီး မတ် ၁၀ ရက် တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ခြင်း ဖြစ်သည်။ ဆရာတော်ဘုရားကြီး၏ အန္တိမစျာပနအခမ်းအနားအား မတ် ၁၆ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

သတင်းစဉ်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည့် သက်တော်ရှည် ဂိုဏ်းထောက်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တကောဝိဒ၏ ဥတုဇရုပ်ကလာပ်အား သွားရောက်ဖူးမြော်ကြည်ညိုစဉ်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အိန္ဒိယတပ်မတော် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁၅

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် မြန်မာ-အိန္ဒိယ 4^{th} Army to Army Staff Talk အစည်းအဝေး တက်ရောက်ခဲ့သည့် အိန္ဒိယတပ်မတော်ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် စစ်ဆေးရေးအရာရှိချုပ် Major General Pradeep Chandran Nair နှင့်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အိန္ဒိယတပ်မတော် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် စစ်ဆေးရေးအရာရှိချုပ် Major General Pradeep Chandran Nair နှင့် အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရေး၊ နယ်စပ်ဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် မြန်မာ-အိန္ဒိယ 4^{th} Army to Army Staff Talk အစည်းအဝေးကျင်းပနိုင်ခဲ့မှု အခြေအနေများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

မဟာမဲခေါင်ဒေသခွဲ မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား နယ်စပ်ဖြတ်ကျော်ပို့ဆောင်ရေး ကနဦးအကောင်အထည်ဖော်မှုဆိုင်ရာ နားလည်မှုစာလွှာ လက်မှတ်ရေးထိုး

နေပြည်တော် မတ် ၁၅

ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိပ်မြို့၌ မတ် ၁၃ ရက်က ကျင်းပသော (၇)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်မှု လွယ်ကူချောမွေ့ရေး သဘောတူညီမှုဆိုင်ရာ ပူးတွဲကော်မတီ အစည်းအဝေးသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမြင့်မားရေးနှင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်နည်းပါးရေးအတွက် မြန်မာနိုင်ငံအနေဖြင့် ပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသတွင်းပေါင်းစည်းဆက်သွယ်မှုသည် အရေးပါသည့်အတွက် မိမိတို့နိုင်ငံသည် ဒေသတွင်းနိုင်ငံများနှင့် ထိရောက်ချောမွေ့စွာ ချိတ်ဆက်နိုင်ရန် လမ်းများ တိုးချဲ့ဖောက်လုပ်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ တံတားသစ်များတည်ဆောက်ခြင်းနှင့် အနာဂတ်ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် ဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မဟာမဲခေါင်ဒေသခွဲ လူနှင့် ကုန်စည်များ နယ်စပ်ဖြတ်ကျော်ပို့ဆောင်မှု လွယ်ကူချောမွေ့ရေးမူဘောင် သဘောတူစာချုပ်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် ပြည်တွင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ မူဘောင်အရ မြန်မာ - ထိုင်း နှစ်နိုင်ငံအကြား နယ်စပ်ဖြတ်ကျော် ပို့ဆောင်ရေး ကနဦးအကောင်အထည်ဖော်မှုဆိုင်ရာ နားလည်မှုစာလွှာကို နှစ်ဖက်အပြီးသတ်ညှိနှိုင်းခဲ့ပြီး ယခုအစည်းအဝေးတွင် လက်မှတ်ရေးထိုးသွားမည်ဖြစ်ကြောင်း၊ ဆက်လက်၍ အခြားအဖွဲ့ဝင်နိုင်ငံများဖြင့် အလားတူစာလွှာများ လက်မှတ်ရေးထိုး အကောင်အထည်ဖော်နိုင်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကနဦးအကောင်အထည်ဖော် ဆောင်ရွက်ခြင်းများမှတစ်ဆင့် နယ်စပ်ဖြတ်ကျော်ပို့ဆောင်ရေးကို အပြည့်အဝ အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် (၇)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး သဘောတူညီမှုဆိုင်ရာ ပူးတွဲကော်မတီအစည်းအဝေးသို့ တက်ရောက်စဉ်။

ထို့နောက် မဟာမဲခေါင်ဒေသခွဲ မြန်မာ - ထိုင်း နှစ်နိုင်ငံအကြား နယ်စပ်ဖြတ်ကျော်ပို့ဆောင်ရေး ကနဦးအကောင်အထည်ဖော်မှုဆိုင်ရာ နားလည်မှုစာလွှာကို ပြည်ထောင်စုဝန်ကြီးနှင့် ထိုင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H. E. Mr. Teerapon Rodprasert တို့က လက်မှတ်ရေးထိုးကြသည်။

ပြည်ထောင်စုဝန်ကြီးသည် မတ် ၁၄ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိပ်မြို့မှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

သတင်းစဉ်

အများအားဖြင့် သာယာနေသည်

နေပြည်တော် မတ် ၁၅

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင်သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။

မိုး/ဇလ

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

ဥပဒေ(၇)ခု အပါအဝင် ဥပဒေကြမ်း ၁၃ ခုကို ဆွေးနွေးအတည်ပြုပေးနိုင်ခဲ့

နေပြည်တော် မတ် ၁၅

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်က **ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် ရာဇသတ်ကြီးကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း**ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

စားသုံးသူကာကွယ်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြု

ထို့နောက် **နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော စားသုံးသူကာကွယ်ရေးဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါက်တာမြတ်ညဏစိုးက တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြ၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးဇေဖြိုး

မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး

ယင်းနောက် **လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါက်တာမြတ်ညဏစိုးက တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြ၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ဆက်လက်၍ **လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီတွဲဖက်အတွင်းရေးမှူး ဒေါက်တာမြတ်ညဏစိုးက တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြ၍ တောင်သာမဲဆန္ဒနယ်မှ ဦးစစ်အေးက ဆွေးနွေးပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ၏ အစီရင်ခံစာအပေါ် ဆွေးနွေး

ထို့နောက် **ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ၏ အစီရင်ခံစာ**အပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇေဖြိုးက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၁၇ အရ နိုင်ငံတော်၏ အုပ်ချုပ်ရေးအာဏာကို ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ခွဲဝေအပ်နှင်းသည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ထို့ပြင် (၂၁)ရာစုပင်လုံတွင် အတည်ပြုပြီးဖြစ်သည့် ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်း(၁)တွင် ပါဝင်သည့် နိုင်ငံတော်ကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုအဖြစ် ဖွဲ့စည်းရမည်ဆိုသည့် အချက်အရလည်းကောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တိုင်းဒေသကြီး၊ ပြည်နယ်များဖြင့် ဖွဲ့စည်းရမည်ဆိုသည့် အချက်များအရ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၁ ကို ပြင်ဆင်ပြီး ဒီမိုကရေစီအနှစ်သာရကို ပိုမိုတိုးမြှင့်ရယူနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်မည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာအား ကန့်ကွက်ပါကြောင်း ဆွေးနွေးသည်။

မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေးက ဦးသိန်းထွန်း အပါအဝင် လွှတ်တော်ကိုယ်စားလှယ် ၂၀ ရာခိုင်နှုန်းက တင်သွင်းခဲ့သည့် ဥပဒေမူကြမ်းကို လွှတ်တော်ဥပဒေ၊ နည်းဥပဒေများအတိုင်း ဆက်လက်ဆောင်ရွက်စေလိုပါကြောင်း၊ အဆိုပါ ဥပဒေမူကြမ်းကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီက ဆောင်ရွက်မည့် ပြင်ဆင်ရေးလုပ်ငန်းစဉ်များတွင် ထည့်သွင်းဆောင်ရွက်မည်ကို လေးနက်စွာကန့်ကွက်ပါကြောင်း၊ နိုင်ငံတော်၏ အကျိုးစီးပွား၊ တိုင်းရင်းသားပြည်သူလူထု၏ ဆန္ဒမျှော်လင့်ချက်များကို ရှေးရှုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်

ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်

နည်းဥပဒေများအတိုင်း ပြင်ဆင်ဖြည့်စွက်စိစစ်ဆောင်ရွက်နိုင်သည့် လွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြစေလိုပါကြောင်း ဆွေးနွေးသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း က ကော်မတီ၏ အစီရင်ခံစာတွင် ပုဒ်မ ၂၆၁ ကို ပြင်ဆင်မည်ဆိုပါက ဆက်နွယ်နေသောပုဒ်မများကိုပါ ထည့်သွင်းစိစစ်ရန် လိုအပ်ပါကြောင်းနှင့် ပုဒ်မတစ်ခုခြင်းကို ပြင်ဆင်ပါက ပြင်ဆင်လိုသည့် ဥပဒေကြမ်းများ လွှတ်တော်သို့ အကြိမ်ကြိမ်တင်သွင်းဆောင်ရွက်ရန် လိုအပ်မည်ဟု လေ့လာတွေ့ရှိမှုအား တင်ပြထားပါကြောင်း၊ ထို့ကြောင့် ပုဒ်မ ၂၆၁ တစ်ခုတည်းကိုသာ ပြင်ဆင်သည့် ဥပဒေတစ်ရပ်အဖြစ် လွှတ်တော်သို့ သီးခြားတင်သွင်းသည့် ဥပဒေကြမ်းကို ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်သည့် လေ့လာစိစစ်ရေး ပူးပေါင်းကော်မတီမှ ဆောင်ရွက်မည့် ပြင်ဆင်ရေးလုပ်ငန်းများတွင် ထည့်သွင်းပြီး ဆောင်ရွက်ခြင်းက စနစ်ကျမှုရှိသည့်အပြင် ထိုသို့ ပိုမိုပြည့်စုံစွာ စိစစ်ခြင်းက သင့်မြတ်လျော်ကန်မည်ဟူသော သဘောထားမှတ်ချက်ကိုလည်း ကြိုဆိုထောက်ခံပါကြောင်း ဆွေးနွေးသည်။

ငြိမ်းချမ်းမှုရှိမှ နိုင်ငံတည်ငြိမ်မှုရှိမည်ဖြစ်ပြီး တည်ငြိမ်မှုရှိမှ စီးပွားရေးတိုးတက်မှု ရရှိနိုင်မည်ဖြစ်

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုင်သီဟက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တိုင်းပြည်ငြိမ်းချမ်းမှုဖြစ်စဉ်သည် အဓိကပတ်သက်ဆက်နွယ်နေပါကြောင်း၊ ငြိမ်းချမ်းမှုရှိမှ နိုင်ငံတည်ငြိမ်မှုရှိမည်ဖြစ်ပြီး တည်ငြိမ်မှုရှိမှ စီးပွားရေးတိုးတက်မှုရရှိနိုင်မည်ဖြစ်ပါကြောင်း၊ တိုင်းပြည်ငြိမ်းချမ်းတည်ငြိမ်မှုရှိနိုင်ရန် မည်ကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေမျိုး လိုအပ်မည်ကို လွှတ်တော်က ဖော်ဆောင်ပေးရန်လိုအပ်ပါကြောင်း၊ တိုင်းပြည်၏ အရင်းခံပြဿနာများအား ဖွဲ့စည်းပုံကို ကိုင်တွယ်၍ဖြေရှင်းသွားရန် လိုအပ်ပါကြောင်း၊ ဖွဲ့စည်းပုံကိုယ်တိုင်က ပြဿနာများကို မီးမွှေးပေးခြင်းနှင့် ပိုမိုတောက်လောင်စေခြင်းမျိုး မဖြစ်စေရန် သတိပြုစေလိုပါကြောင်း၊ ပြည်နယ်များအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခွင့်ပြုရန် လိုအပ်သည်ကို မြင်မိပါကြောင်း၊ ပြည်နယ်များကို ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မဆန့်ကျင်စေဘဲ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ လွတ်လပ်စွာရေးဆွဲပြဋ္ဌာန်းခွင့်၊ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို လွတ်လပ်စွာကျင့်သုံးခွင့်ရှိစေမည့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခု ပေါ်ပေါက်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်း ပုဒ်မ ၂၆၁ အပြင် ဆက်စပ်ပုဒ်မများကို ပြင်ဆင်ပေးကြပါရန် တိုက်တွန်းအပ်ပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသိန်းထွန်းက ယခုပြင်ဆင်သည့် ဥပဒေကြမ်းသည် ဖက်ဒရယ်စနစ်လိုလားသူတိုင်းအတွက် အတည်ပြုပေးသင့်သည့် ပုဒ်မတစ်ခုဖြစ်ပါကြောင်း၊ ပုဒ်မ ၂၆၁ တစ်ခုတည်းကို သီးခြားပြင်ဆင်ခြင်းသည် သင့်မြတ်မှုမရှိကြောင်းဆိုသည့် အစီရင်ခံစာ၏ ဖော်ပြချက်သည် ကျိုးကြောင်းမဆီလျော်ပါကြောင်း၊ ပုဒ်မ ၂၆၁ တစ်ခုတည်းကို ပြင်ဆင်မည်ဆိုပါက ပြင်ဆင်၍ရသည့် ပုဒ်မဖြစ်ပါကြောင်း၊ ယင်းပုဒ်မသည် တိုင်းရင်းသားများ အကျိုးစီးပွားနှင့် ဖက်ဒရယ်တည်ဆောက်ရေးဆိုင်ရာ ဦးတည်ချက်ဖြစ်သောကြောင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသင့်သည့် ပြင်ဆင်ချက်ဥပဒေမူကြမ်းဖြစ်ပါကြောင်း၊ သို့မှသာ ယနေ့ပြောကြားနေသည့် အမျိုးသားရင်ကြားစေ့ရေး၊ ဖက်ဒရယ်စနစ် တည်ဆောက်ရေးဆိုသည့် ကြွေးကြော်မှုများကို လက်တွေ့သက်သေပြနိုင်လိမ့်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်ဆောင်ရွက်ထားသည့် စိစစ်ရေးပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို ပယ်ဖျက်သင့်ပါကြောင်းနှင့် ပုဒ်မ ၂၆၁ ပြင်ဆင်ရေး ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်က ဥပဒေနှင့်အညီ ဆက်လက်ဆွေးနွေးဆုံးဖြတ်ရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးပူဂင်ကမ်းလျန်၊ တပ်မတော်သားပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဦး၊ တပ်မတော်သားပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးကြီး ခင်မောင်ထွန်း၊ တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ဇေယျာမင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာဦးကြွယ်ကြွယ်၊ တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးမြတ်ကို၊ ကလေး မဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခေါ်)ရှားမီး၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရဲနိုင်လွင်၊ လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန်၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇော်ဇော်မိုး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါက်တာကျော်ငွေ၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ရဲထွန်းနိုင်၊ မချမ်းဘောမဲဆန္ဒနယ်မှ ဦးနန်မွန်ထင်၊ သထုံ မဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်နှင့် မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုးတို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ဖွဲ့စည်းပုံအခြေခံဥပဒေကိုဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းလေ့လာစိစစ်ရေး ပူးပေါင်းကော်မတီ၏ အစီရင်ခံစာအပေါ် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးခြင်းအစီအစဉ်ပြီးဆုံးပြီဖြစ်ပါကြောင်း၊ အထက်ပါအစီရင်ခံစာနှင့်စပ်လျဉ်း၍ ကျန်ရှိသည့် လုပ်ငန်းစဉ်များကို (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်ရန် လျာထားပါကြောင်း အသိပေးပြောကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးလှဆန်း

မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဦးနိုင်သီဟ

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၁ ရက်မှ ယနေ့အထိ အစည်းအဝေးကာလ နှစ်လခန့်အတွင်း ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို ၁၆ ရက် ကျင်းပခဲ့ပါကြောင်း၊ ယင်းကာလအတွင်း ထုတ်ပြန်ကြေညာပြီး ဥပဒေ(၇)ခု အပါအဝင် ဥပဒေကြမ်း ၁၃ ခုကို ဆွေးနွေးအတည်ပြုပေးနိုင်ခဲ့ပါကြောင်း၊ ထို့အပြင် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့် သက်ဆိုင်သည့် ကိစ္စရပ်(၅)ခုနှင့် အဖွဲ့အစည်းအဝေးဆိုင်ရာ အစီရင်ခံစာ(၅)ခု အပါအဝင် လွှတ်တော်ဆိုင်ရာ အခြားကိစ္စရပ်များအတွက် ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းနှင့် မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်သွားကြရမည်

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး လုပ်ငန်းစဉ်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပြင်ဆင်ရေး ပူးပေါင်းကော်မတီကို ဖွဲ့စည်းပြီး ကော်မတီအတွက် ဆွေးနွေးဆောင်ရွက်လျက်ရှိပါကြောင်း၊ အလားတူ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေး ပူးပေါင်းကော်မတီ၏အစီရင်ခံစာအပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းကိုလည်း ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက် ကျန်ရှိသည့် လုပ်ငန်းစဉ်များကို (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

ပြည်သူ့အကျိုးစီးပွားကို ပြည်သူများနှင့်အတူ လက်တွဲညီညီဆောင်ရွက်

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့နိုင်ငံကို ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်ရန် ကြိုးပမ်းဆောင်ရွက်နေကြသည့် ယခုကာလတွင် နိုင်ငံတော်နှင့် နိုင်ငံသားပြည်သူများအတွက် မှန်ကန်သည့် စေတနာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ပြောကြားလိုပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် ပြည်သူ့အကျိုးစီးပွားကို ပြည်သူများနှင့်အတူ လက်တွဲညီညီဆောင်ရွက်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ ကျင်းပပြီးစီးပြီဖြစ်ပါကြောင်းနှင့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာသည်။

အောင်မော်၊ အေးအေးသန့်(သတင်းစဉ်)

ဒုတိယသမ္မတ ဦးမြင့်ဆွေ (၂၅)ကြိမ်မြောက် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် ပုံမှန်တွေ့ဆုံပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

✻ *ကျောဖုံးမှ*

နိုင်ငံတကာဖွံ့ဖြိုးရေးဌာန (UK Department for International Development –DFID) အကြီးအကဲ Dr. Gail Marzetti ၊ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာ ကုန်သွယ်မှုဗဟိုဌာနမှ ကျွမ်းကျင်ပညာရှင်များ၊ ပုဂ္ဂလိက အသင်း အဖွဲ့များ မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

တွန်းအားတစ်ရပ်အနေဖြင့် ပါဝင်

ရှေးဦးစွာ ဒုတိယသမ္မတဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် အမျိုးသားပို့ကုန်မဟာဗျူဟာသည် မြန်မာနိုင်ငံကို ကမ္ဘာ့ဈေးကွက်တွင် ထွန်းသစ်စနိုင်ငံအဖြစ် ဝင်ရောက်နိုင်ရန် စွမ်းဆောင်ရည်မြှင့်တင်ပေးရေးအတွက် အမှန်တကယ်လိုအပ်သည့် ကဏ္ဍတစ်ရပ်ဖြစ်ပါကြောင်း၊ ယနေ့ကျင်းပသည့် ပထမအကြိမ် Stakeholders’ Symposium အစည်းအဝေးနှင့် e-Commerce Payment Platform for Digital Economy ဆွေးနွေးပွဲတို့ကို တစ်ချိန်တည်းတစ်နေရာတည်းတွင် ကျင်းပပြုလုပ်နိုင်သည့်အတွက် နိုင်ငံတော်၏ဘက်စုံကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရန်ကြိုးပမ်းရာတွင် အင်အားတစ်ရပ်ဖြစ်စေပါကြောင်း၊ ဒစ်ဂျစ်တယ်စီးပွားရေးကဏ္ဍသည်လည်း အမျိုးသားပို့ကုန် မဟာဗျူဟာအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် တွန်းအားတစ်ရပ်အနေဖြင့် ပါဝင်သည်ဟု ဆိုရမည်ဖြစ်ပါကြောင်း။

အချိုးကျဖွံ့ဖြိုးတိုးတက် ရန်လိုအပ်

နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုအခန်းကဏ္ဍများသည် ကနဦးမောင်းနှင်အားများဖြစ်ပြီး အချိုးကျဖွံ့ဖြိုးတိုးတက် ရန်လိုအပ်သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ယခုအချိန်အခါသမယတွင် မြန်မာနိုင်ငံ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုစီမံကိန်းကို အကောင်အထည်ဖော်မှုနှင့်အတူ အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၀-၂၀၂၅)ကို ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ရန်ပုံငွေနှင့် နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီပေးသည့် ဗြိတိန်နိုင်ငံ၏ နိုင်ငံတကာဖွံ့ဖြိုးရေးဌာန (UK Department for International Development - DFID)၊ နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန (International Trade Center-ITC)နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

ထိုက်သင့်သည့် အောင်မြင်မှုများရရှိခဲ့

နိုင်ငံတော်၏ ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှဦးဆောင်ပြီး နိုင်ငံတကာ ကုန်သွယ်မှုဗဟိုဌာန၏ နည်းပညာအကူအညီနှင့် အမျိုးသားပို့ကုန်မဟာဗျူဟာ(၂၀၁၅-၂၀၁၉)ကိုဦးစားပေးကဏ္ဍ ခုနစ်ခုနှင့် အထောက်အကူပြုကဏ္ဍလေးခု၊ စုစုပေါင်း ၁၁ ခုကို ရွေးချယ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် ငါးနှစ်တာကာလပြီးဆုံးတော့မည်ဖြစ်ပြီး ထိုက်သင့်သည့် အောင်မြင်မှုများရရှိခဲ့သည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ အဆိုပါအမျိုးသား ပို့ကုန်မဟာဗျူဟာသည် မြန်မာ့ပို့ကုန်များဖွံ့ဖြိုးတိုးတက်ပြီးနိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိလာစေရန်အတွက် ဆောင်ရွက်သင့်သည့် လုပ်ငန်းစီမံချက်များကို လမ်းပြမြေပုံအနေဖြင့် ဖော်ထုတ်ပေးပြီး အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍနှစ်ခုအကြား ကြီးမားကျယ်ပြန့်သည့် ဆက်နွှယ်ဆောင်ရွက်မှုများကို တည်ဆောက်ပေးနိုင်ခဲ့ပါကြောင်း။

ဦးစားပေးကဏ္ဍများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း အကျိုးသက်ရောက်မှုအရှိဆုံးဖြစ်သည့် ပို့ကုန်ကဏ္ဍများကို ရွေးချယ်ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် အမျိုးသားပို့ကုန်မဟာဗျူဟာ(၂၀၂၀-၂၀၂၅)မှာ လက်ရှိကဏ္ဍ ၁၁ ခုအတွက် ရှေ့လာမည့် ငါးနှစ်အတွင်း ဆောင်ရွက်သင့်သည့် လုပ်ငန်းစီမံချက်များကို ပြင်ဆင်ဖြည့်စွက်သွားမည့်အပြင် ထပ်မံထည့်သွင်းဆောင်ရွက်ရမည့်ကဏ္ဍအသစ် ငါးခု ဖြစ်သည့် ကျောက်မျက်နှင့် လက်ဝတ်ရတနာ၊ ဒစ်ဂျစ်တယ် စီးပွားရေးလုပ်ငန်း၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်၊ လယ်ယာထွက်ကုန်ပစ္စည်း၊ အခြေခံစားသောက်ကုန်ထုတ်လုပ်ခြင်းနှင့် လက်မှုအနုပညာပစ္စည်းတို့အတွက်လည်း မဟာဗျူဟာ ဒီဇိုင်းရေးဆွဲအတည်ပြုခြင်းကို အဓိကထုတ်လုပ်သော တိုင်းဒေသကြီး/ပြည်နယ်များမှ လုပ်ကိုင်သူများပါအားလုံး ပါဝင်ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဦးစားပေးကဏ္ဍများအနက် ပိုမိုအလေးပေး ဦးစားပေးဆောင်ရွက်သင့်သည့်ကဏ္ဍများ (Top Priorities) ကိုလည်း ရွေးချယ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်တွင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ စတင်အကောင်အထည်ဖော်ဆောင်ရွက်လာကတည်းက ကမ္ဘာ့နိုင်ငံများနှင့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများသည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်အသီးသီးအပေါ် အထူး အလေးထားဆောင်ရွက်လာသည်ကို တွေ့မြင်နိုင်ပါကြောင်း၊ အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၁၅-၂၀၁၉)၏အောင်မြင်မှု အကျိုးဆက်များအနေဖြင့် ခရီးသွားလုပ်ငန်းကဏ္ဍအတွက် ကယားပြည်နယ်တွင် ဆောင်ရွက်ခဲ့သည့် Netherland Trust Fund III (2014-2017) စီမံကိန်းနှင့် တနင်္သာရီတိုင်းဒေသကြီးတွင် အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်သည့် Netherland Trust Fund IV (2018-2021) ခရီးသွား လုပ်ငန်းစီမံကိန်း၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဏ္ဍအတွက် ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေ တိုးမြှင့်ရေးစီမံကိန်း (၂၀၁၅-၂၀၁၉)နှင့် ဥယျာဉ်ခြံစိုက်ပျိုးခြင်းနှင့် ခရီးသွားလုပ်ငန်းများ ချိတ်ဆက်တိုးတက်ခြင်းစီမံကိန်း(၂၀၁၈-၂၀၂၁)ကို အင်းလေးကန်ဒေသအနီးတစ်ဝိုက်တွင် နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန၏ နည်းပညာအကူအညီ

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ရှင်းလင်းပြောကြားစဉ်။

များနှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊

တတ်စွမ်းသမျှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

အမျိုးသားပို့ကုန်မဟာဗျူဟာ(၂၀၂၀-၂၀၂၅) သာမက ရွေးချယ်ထားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရန်၊ အမျိုးသားအဆင့်ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးမဟာဗျူဟာ (Myanmar Investment Promotion Plan-MIPP) နှင့် အမျိုးသားပို့ကုန်မဟာဗျူဟာ၏ ဦးစားပေးပို့ကုန်ကဏ္ဍတစ်ခုချင်းစီတို့နှင့်အညီ ရင်းနှီးမြှုပ်နှံမှုများရရှိနိုင်အောင် တက်ရောက်လာကြသော ဧည့်သည်တော်များက တတ်စွမ်းသမျှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ဦးစားပေးရည်မှန်းချက်များ

အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၀-၂၀၂၅)၏ (၅) နှစ်တာကာလကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်အတူ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေမည်ဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရ၏ ဦးစားပေးရည်မှန်းချက်များဖြစ်သောဆင်းရဲမှုလျှော့ချရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဝင်ငွေတိုးမြှင့်ရရှိရေးတို့ကို ထိရောက်စွာအထောက်အကူပြုမည်ဖြစ်သည့်အပြင် အမျိုးသားပို့ကုန်မဟာဗျူဟာ၏ မျှော်မှန်းချက်နှင့်အညီ နိုင်ငံတော်အနေဖြင့် စဉ်ဆက်မပြတ်တိုးတက်မှုနှင့် ကြွယ်ဝမှုဆီသို့ အောင်မြင်စွာတက်လှမ်းနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၁၅-၂၀၁၉) အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများနှင့် အမျိုးသားပို့ကုန် မဟာဗျူဟာ(၂၀၂၀-၂၀၂၅)၏ ရှေ့ဆက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ၊ နိုင်ငံတကာဖွံ့ဖြိုးရေးဌာန (UK Department for International Development –DFID) အကြီးအကဲ Dr. Gail Marzetti ကအမျိုးသားပို့ကုန် မဟာဗျူဟာ(၂၀၂၀-၂၀၂၅) လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက အမျိုးသားပို့ကုန် မဟာဗျူဟာ (၂၀၂၀-

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း ရှင်းလင်းပြောကြားစဉ်။

၂၀၂၅)ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် ကဏ္ဍများတွင် ပါဝင်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

တက်ရောက်

ဆက်လက်၍ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေသည်နံနက် ၉ နာရီတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အစည်းအဝေးခန်းမ၌ (၂၅)ကြိမ်မြောက် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် ပုံမှန်တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

အကြောင်းပြန်ကြားပေးခဲ့

ရှေးဦးစွာ ဒုတိယသမ္မတဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် ယနေ့ ကျင်းပသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် လစဉ်ပုံမှန်တွေ့ဆုံဆွေးနွေးပွဲသည် (၂၅)ကြိမ်မြောက်ဖြစ်ပါကြောင်း၊ ယခင်ကျင်းပပြီးစီးခဲ့သည့် (၂၄)ကြိမ်မြောက် တွေ့ဆုံဆွေးနွေးပွဲအထိ စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲအကြံပြုတင်ပြချက်အားလုံးကို သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ပေးနိုင်မှုအခြေအနေများအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှတစ်ဆင့် တင်ပြလာသည့် စီးပွားရေးလုပ်ငန်းရှင် အသင်းအဖွဲ့များထံသို့ အကြောင်းပြန်ကြားပေးခဲ့ပြီးဖြစ်ပါကြောင်း။

ဖြေရှင်းဆောင်ရွက်ပေး

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေဖြင့် စီးပွားရေးလုပ်ငန်းရှင်များ ၏ အခက်အခဲအကြံပြုတင်ပြချက်များအပေါ် ချက်ချင်းဖြေရှင်းဆောင်ရွက်ပေးနိုင်သည့် ကိစ္စရပ်များကို ချက်ချင်းဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အဆိုပါပြန်ကြားချက်များတွင် အချို့အချက်များသည် အချိန်ယူ၍ ဆက်လက် ဖြေရှင်းဆောင်ရွက်ပေးရမည့်လုပ်ငန်းများဖြစ်သည့်အတွက် လုပ်ငန်းကော်မတီ(၅)ရပ်မှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာဌာနများနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံကာ ဆွေးနွေးပွဲ (Public - Private Dialogue) များပြုလုပ်၍ ပြီးပြတ်သည်အထိ အဆင့်ဆင့်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဥပမာအားဖြင့် မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းတို့မှ တင်ပြချက်များကို ဆွေးနွေးပွဲ (Public - Private Dialogue) များပြုလုပ်၍ ပြီးပြတ်သည်အထိ ဆောင်ရွက်ပေးခဲ့ပါကြောင်း။

လူမှုစီးပွားဘဝ တိုးတက်လာမည်

မိမိတို့နိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတွင် ရင်းနှီးမြှုပ်နှံမှုကဏ္ဍသည် အဓိကကျသည့်အတွက် ရင်းနှီးမြှုပ်နှံမှုများ အဆင်ပြေ လွယ်ကူချောမွေ့စေခြင်း၊ ရင်းနှီးမြှုပ်နှံမှုအကာအကွယ်ပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်စေခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများအား ဖြေလျှော့ခြင်း စသည့် မဏ္ဍိုင်ကြီး (၄)ခုကိုအခြေခံ၍ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကို ယခင်ကထက် ပို၍ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိနေသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုသည် အဓိကကျသည်မှာ မှန်သော်လည်း ပြည်တွင်းရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက်လာမှသာလျှင် ပြည်တွင်းလုပ်ငန်းရှင်များနှင့် သာမန်ပြည်သူများ အချိုးညီညီမျှမျှတစွာဖြင့် ၎င်းတို့၏ လူမှုစီးပွားဘဝ တိုးတက်လာမည်ဖြစ်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် ယှဉ်တွဲလုပ်ကိုင်နိုင်ခြင်း၊ ထိုမှတစ်ဆင့် မိမိနိုင်ငံအတွင်းသို့ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာစေခြင်းသာမက မိမိနိုင်ငံသားများက ပြည်ပသို့ သွားရောက်ရင်းနှီးမြှုပ်နှံခြင်းကိုပါ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

အနာဂတ်စီးပွားရေးဖွံ့ဖြိုးမှုကို ယုံကြည်

ထို့ကြောင့် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးဝန်းကျင် ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာများကို ပြင်ဆင်ဖြေလျှော့ပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ပေးခြင်းစသည့်လုပ်ငန်းများကို တတ်နိုင်သလောက် ပံ့ပိုးကူညီပေးလျက်ရှိပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍပူးပေါင်း ဆောင်ရွက်ခြင်းအားဖြင့် မြန်မာနိုင်ငံ၏ အနာဂတ်စီးပွားရေးဖွံ့ဖြိုးမှုကို အတူတကွ ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း။

ယနေ့ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးမည့်အသင်းအဖွဲ့များအနေဖြင့် ဆွေးနွေးမည့်ကဏ္ဍများနှင့် သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်လာကြသည့်အတွက် မိမိတို့ အသင်းအဖွဲ့များ၏ တွေ့ကြုံနေရသောအခက်အခဲများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြရန် ပြောကြားသည်။

စာမျက်နှာ ၁၁ သို့

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် အဖွဲ့ဝင်များ သရက်-အောင်လံ ဧရာဝတီမြစ်ကူးတံတား တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

◆ *ကျော်ဖုံးမှ*

ထိုသို့ရောက်ရှိစဉ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဘိုဘိုကျော်က တောင်နဝင်းရေလှောင်တမံ နောက်ခံသမိုင်း အကျဉ်း၊ ရေလှောင်တမံဆိုင်ရာအချက်အလက်များ၊ ရေသိုလှောင်နိုင်မှု၊ အကျိုးပြုဧက၊ ရေလှောင်တမံကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးပြီး ရေလှောင်တမံကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံရေးအတွက် လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုကို ဒေသခံပြည်သူများအား ပွင့်လင်းမြင်သာစွာ ရှင်းလင်းရန်နှင့် ပြည်သူများ အမှန်တကယ် ဘေးကင်းလုံခြုံမှုရရှိစေရန် အစွမ်းကုန် ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ပတ်ဝန်းကျင် ဘေးကင်းလုံခြုံရေးအတွက် တမံ၏ထူးခြားပြောင်းလဲမှုများကို နည်းပညာနှင့် ဝန်ထမ်းအင်အား အသုံးပြု၍ အမြဲမပြတ် စောင့်ကြည့်ခြင်းနှင့် ယင်းအတွက် ဌာနဆိုင်ရာများနှင့် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုလည်း လိုအပ်ပါကြောင်း၊ ထို့ပြင် နိုင်ငံအတွင်းရှိ သက်တမ်းကြာရှည်သည့် ဆည်တမံများ ရေရှည်တည်တံ့ရေးအတွက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ယခင်ကထက် ပိုမိုအလေးထားဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် တမံ၏ ထိပ်ပြင်မြေသားဖယ်ထုတ်ပြန်ဖို့ခြင်းနှင့် မြေသားပိုး၍ ဖို့နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုပြီး တောင်နဝင်း ရေလှောင်တမံကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်နေသည့် ဂျပန်နိုင်ငံမှ တမံဆိုင်ရာနှင့် ဘူမိဗေဒဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် အောင်လံမြို့ရှိ သရက်-အောင်လံ ဧရာဝတီမြစ်ကူးတံတား တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုသို့ရောက်ရှိစဉ် တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဆွေနှင့် ညွှန်ကြားရေးမှူး ဦးထွန်းလင်းတို့က တံတားတည်ဆောက်ရခြင်း၏ နောက်ခံသမိုင်း အကျဉ်း၊ တံတားဆိုင်ရာ အချက်အလက်များ၊ ဘဏ္ဍာငွေရရှိမှု၊ လုပ်ငန်းပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် အရည်အသွေးစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဦးကျော်လင်းက ဘဏ္ဍာငွေရရှိမှုအခြေအနေနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက တံတားတည်ဆောက်ရေး စီမံကိန်းနှင့် စပ်လျဉ်း၍ ရရှိသည့်ဘဏ္ဍာရန်ပုံငွေအပေါ်မူတည်၍ အကျိုးရှိရှိ စနစ်တကျအသုံးချရန် လိုအပ်ပါကြောင်း၊ တံတားတည်ဆောက်ရေးအတွက် အမှန်တကယ် လိုအပ်သည့် မြေပမာဏကိုသာ ရယူအသုံးပြုရန်နှင့် ဒေသခံပြည်သူများအား တံတားတည်ဆောက်ရေးစီမံကိန်းမှ ရရှိလာမည့် အကျိုးကျေးဇူးများကို နားလည်လက်ခံလာအောင် ရှင်းလင်းဆွေးနွေးရန် မှာကြားပြီး စီမံကိန်းလုပ်ငန်းများ ပြီးစီးမှုနှင့် ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုသည်။

သရက်-အောင်လံ ဧရာဝတီမြစ်ကူးတံတားသည် မကွေးတိုင်းဒေသကြီး သရက်ခရိုင်တွင်တည်ရှိပြီး အောင်လံမြို့နှင့် သရက်မြို့ကို ဆက်သွယ်ပေးထားကြောင်း၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန်မှ သရက်၊ အောင်လံ၊ နေပြည်တော်ကိုဖြတ်ပြီး ရွှေလီအထိ ဆက်သွယ်နိုင်သော စီးပွားရေးစင်္ကြံလမ်းမကြီးပေါ်တွင် တည်ရှိကြောင်းသိရသည်။

သတင်းစဉ်

သဘာဝတောတောင်တွေနဲ့ လက်ရှိသယံဇာတအရင်းအမြစ်တွေကို ချစ်ခင်မြတ်နိုးတဲ့စိတ်နဲ့ ထိန်းသိမ်းသွားအောင် ကလေးစာပေပွဲတော်မှာ ပြသွားဖို့ စီစဉ်ဆောင်ရွက်ထား

ပူတာအို မတ် ၁၅

ကလေးစာပေပွဲတော် (ပူတာအို)ကို မတ် ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့ရှိ ဖုန်ကန်ရာဇီခန်းမနှင့် အခြေခံပညာ အထက်တန်းကျောင်း (ပူတာအို)တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် တာဝန်ယူဆောင်ရွက်နေသူများ၏ စီစဉ်ဆောင်ရွက်ထားရှိမှုများကို မေးမြန်းခဲ့သည်-

ဦးသန့်ဇင်

ဒေါ်စန်းယုမော်

ဒေါက်တာကျော်စိုးနိုင်

ဦးအောင်မောင်း

ဦးသန့်ဇင်(ဥက္ကဋ္ဌ)
ကလေးစာပေပွဲတော်ဖြစ်မြောက်ရေးကော်မတီ

ပူတာအိုခရိုင်မှာ ကလေးစာပေပွဲတော်ကို အခုလ ၁၈၊ ၁၉ ရက်တွေမှာ ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။ ကလေးစာပေပွဲတော်ကို ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျွန်တော်တို့ ပြည်နယ်အစိုးရအဖွဲ့နဲ့ ခရိုင်စီမံခန့်ခွဲမှုကော်မတီအဖွဲ့တို့ အားလုံးဝိုင်းဝန်းဆောင်ရွက်တဲ့ ပွဲတော်ဖြစ်ပါတယ်။ ပူတာအိုခရိုင်ဆိုတာက နယ်စွန်နယ်ဖျားမှာ ကျရောက်တဲ့ ခရိုင်လည်း ဖြစ်ပါတယ်။ ဒီလိုခရိုင်မှာ ကလေးစာပေပွဲတော် ကျင်းပတဲ့အတွက် ခရိုင်စီမံခန့်ခွဲမှုကော်မတီအနေနဲ့လည်း များစွာဂုဏ်ယူဝမ်းမြောက်ပါတယ်။ ပြည်ထောင်စုအဆင့် ဝန်ကြီးများလည်း တက်ရောက်ချီးမြှင့်မှာ ဖြစ်တဲ့အတွက်လည်း ကလေးစာပေပွဲတော်ကို သိုက်သိုက်မြိုက်မြိုက် စည်စည်ကားကားဖြစ်အောင် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဒီဒေသဟာ တိုင်းရင်းသားပေါင်းစုံ ရိုးသားစွာနေထိုင်ကြတဲ့ဒေသ ဖြစ်တဲ့အတွက် သူတို့အနေနဲ့ ဒီလိုမျိုး နိုင်ငံတော်ကကြီးမှူးပြီး ကျင်းပပေးတဲ့ ကလေးစာပေပွဲတော်ကို အများကြီး စိတ်ဝင်စားနေကြပါတယ်။ ဒါကြောင့် အခက်အခဲတွေ အများကြီးရှိပေမယ့် ခရိုင်စီမံခန့်ခွဲမှုကော်မတီက ဦးဆောင်ပြီးတော့ ဌာနဆိုင်ရာအသီးသီးက ဝန်ထမ်းတွေအားလုံးက ကိုယ့်ဒေသမှာ လာရောက်ကျင်းပတဲ့ ကလေးစာပေပွဲတော်ကို အတတ်နိုင်ဆုံး စုပေါင်းပြီး ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ဒေါ်စန်းယုမော်(ဦးစီးအရာရှိ)
ပူတာအိုခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

ကလေးစာပေပွဲတော်မှာ ကလေးတွေရဲ့ ကာယ၊ ဉာဏ ပြိုင်ပွဲတွေလည်း စီစဉ်ထားပါတယ်။ စုဖွဲ့ပြီး စုပေါင်းညီညာ ဆောင်ရွက်တတ်စေဖို့ Team Building ကစားပွဲတွေလည်း ပါဝင်ပါတယ်။ ကလေးစာပေပွဲတော်ကျင်းပတဲ့ နှစ်ရက်တာမှာ ဖျော်ဖြေရေးအစီအစဉ်တွေလည်း ပါဝင်မှာဖြစ်ပြီး တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့တွေလည်း ပါဝင်ဖျော်ဖြေသွားမှာ ဖြစ်ပါတယ်။ တိုင်းရင်းသား ဘာသာစကားနဲ့ ကဗျာရွတ်ပြိုင်ပွဲနဲ့ ပုံပြောပြိုင်ပွဲတွေလည်း ပါဝင်ပါတယ်။

ပွဲတော်မှာ ပူတာအိုခရိုင်မှာ အဓိကတိုင်းရင်းသားမျိုးနွယ်စုကြီး (၄)ခုဖြစ်တဲ့ ရဝမ်၊ လီဆူ၊ ဂျိန်းဖောနဲ့ ရှမ်းဆိုတဲ့ တိုင်းရင်းသား မျိုးနွယ်စုတွေရဲ့ ရိုးရာယဉ်ကျေးမှုစာပေအဖွဲ့တွေကလည်း ပြခန်းတွေ ပါဝင်ပြသပါမယ်။ ဌာနဆိုင်ရာနဲ့ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ ပူးပေါင်းပြီး လူထုအသိပညာပေးပြခန်းတွေ စီစဉ်ထားတဲ့အပိုင်းမှာ ပြခန်းတွေလည်း စီစဉ်ထားပါတယ်။

ပူတာအိုမှာ စာအုပ်ငှားလည်းငှား၊ ရောင်းလည်းရောင်းတဲ့ ဆိုင်အနေနဲ့ နှစ်ဆိုင်ပဲ ရှိပါတယ်။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့ ဒေသအခြေအနေအရ စာအုပ်ဆိုင် ကြီးကြီးမားမားလည်း မရှိတဲ့အတွက် ကလေးစာပေပွဲတော်မှာ စာအုပ်အရောင်းဆိုင်နဲ့ စာအုပ်စာပေပြပွဲလည်းပါတဲ့အတွက် ရန်ကုန်က စာအုပ်ဆိုင် ၁၄ ဆိုင်ကို ချိတ်ဆက်ပြီးတော့ ဆောင်ရွက်ထားပါတယ်။

အားကစားပြိုင်ပွဲတွေအနေနဲ့ ၁၈ ရက်မှာ ဖူဆယ်၊ ထုပ်ဆီးတိုးနဲ့ ပိုက်ကျော်ခြင်းဆိုတဲ့ ကစားနည်းတွေကို ယှဉ်ပြိုင်ပြီး ၁၉ ရက်မှာတော့ အလွတ်တန်း အလျားခုန် ကျား/မ၊ အမြင့်ခုန် ကျား/မ နဲ့ သံလုံးပစ်ကစားနည်းတွေကို စီစဉ်ထားပါတယ်။

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ကလေးစာပေပွဲတော်နဲ့ အခုပူတာအို ကလေးစာပေပွဲတော်မှာပါ တခြားကလေးစာပေပွဲတော်တွေနဲ့မတူဘဲ ပြသခွင့်ရတာကတော့ ကျောက်စာ၊ မင်စာ ပြခန်းတွေ၊ ၂၀၁၈ ခုနှစ်အတွင်းမှာ ထုတ်ဝေခဲ့တဲ့ စာအုပ်၊ စာစောင်တွေ၊ တိုင်းရင်းသားစာအုပ်စာစောင်တွေပါ ဝေဝေဆာဆာ ပြသသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ဒီပွဲဖြစ်မြောက်အောင် ကူညီပံ့ပိုးပေးတဲ့ ကျောက်မျက်လုပ်ငန်းရှင်များအသင်းက ဝယ်ယူပြီး အဲဒီစာအုပ်တွေကို ပူတာအိုခရိုင်အတွင်းမှာ ရှိတဲ့ ကျောင်းစာကြည့်တိုက်၊ ရပ်ကွက်/ကျေးရွာစာကြည့်တိုက်တွေကို တစ်ဆင့်ပြန်ပြီး လှူဒါန်းပေးသွားမယ်လို့ သိရပါတယ်။

ဒေါက်တာကျော်စိုးနိုင်(ပူတာအိုခရိုင် ပညာရေးမှူး)

ဗဟိုကော်မတီသာမက ဆပ်ကော်မတီ(၃)ခုမှာ ဥက္ကဋ္ဌနေရာမှာပါဝင်ပြီး တာဝန်ယူထားပါတယ်။ ကဗျာရွတ်၊ ကျပန်းစကားပြော၊ ပုံပြောပြိုင်ပွဲနဲ့ တိုင်းရင်းသားပုံပြောပြိုင်ပွဲတွေကို စီစဉ်ဆောင်ရွက်နေပါတယ်။ တိုင်းရင်းသား ပုံပြောပြိုင်ပွဲကိုတော့ ယဉ်ကျေးမှုအဖွဲ့ကို ဦးစားပေးပြီး ပြိုင်ပွဲဝင်ခိုင်းထားပါတယ်။ အဲဒီဘက်ကိုတော့ တိုင်းရင်းသားယဉ်ကျေးမှုဥက္ကဋ္ဌတွေနဲ့ အစည်းအဝေးမှာတိုင်ပင်ပြီး လုပ်ပါတယ်။ ဖျော်ဖြေရေးကဏ္ဍမှာ ကလေးတွေကို ကိုယ်တိုင် သီဆိုတတ်၊ ကတတ်အောင် အဖွဲ့ ၃၀ လောက်နဲ့ လေ့ကျင့်စီစဉ်ထားပါတယ်။ ပူတာအိုခရိုင်အတွင်းက ကျောင်းအကုန်နီးပါး ပါဝင်ပါတယ်။ တစ်ကျောင်း တစ်ဖွဲ့အနေနဲ့ မပါတာကလွဲလို့ နှစ်ကျောင်း သို့မဟုတ် သုံးကျောင်းပေါင်း တစ်ဖွဲ့အနေနဲ့ ပါတာမျိုး ရှိပါတယ်။ ကျောင်းတစ်ကျောင်းထဲက သုံးလေးဖွဲ့မှာ ပါဝင်လုပ်ဆောင်တာလည်း ရှိပါတယ်။ ကျောင်းပိတ်ချိန် ဖြစ်တဲ့အတွက် ကျောင်းသူ ကျောင်းသားတွေကို ဆရာ ဆရာမတွေက စည်းရုံးပြီးတော့ လုပ်ဆောင်ရတာ အခက်အခဲနည်းနည်းတော့ ရှိပါတယ်။ တကယ်လို့ ကျောင်းဖွင့်ချိန်မှာသာ လုပ်နိုင်မယ်ဆိုရင် အခုထက် ကလေးတွေပိုပြီး ပါဝင်နိုင်မယ်၊ ပိုပြီးသိသွားနိုင်မှာ ဖြစ်ပါတယ်။

ဦးအောင်မောင်း(အုပ်ချုပ်ရေးမှူး)
ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်အုပ်ချုပ်ရေးမှူး

ပူတာအို ကလေးစာပေပွဲတော်မှာ ပါဝင်ပြသသွားမယ့် ပြခန်းကတော့ ဇီဝမျိုးစုံမျိုးကွဲပညာပေးပြခန်းလို့ ခေါ်ပြီးတော့ ကလေးငယ်တွေ သိသင့်သိထိုက်တဲ့ အချက်အလက်တွေစုစည်းပြီးတော့ တချို့ကို Vinyl နဲ့ ပြမယ်။ နို့တိုက်သတ္တဝါတချို့ရဲ့ ချိုတွေ၊ ဦးခေါင်းတွေကို ကလေးငယ်တွေ စိတ်ဝင်စားမယ့် ဟာတွေ ပြပါမယ်။ ဒါ့အပြင် ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်နဲ့ ဖုန်ကန်ရာဇီဘေးမဲ့တောတွေမှာ ဝန်ထမ်းတွေ သွားရောက်တာဝန်ထမ်းဆောင်ပြီး သဘာဝလုပ်ငန်းတွေ သဘာဝထိန်းသိမ်းမှုတွေကို ဆောင်ရွက်နေတဲ့ မှတ်တမ်းဗီဒီယိုကို ရှင်းလင်းပြသသွားဖို့ ဆောင်ရွက်နေပါတယ်။

ဒီလိုထိန်းသိမ်းခြင်းဟာ နောင်လာနောက်သား ကလေးငယ်တွေအတွက် အမွေအနှစ်ချန်ဖို့ ထိန်းသိမ်းတယ်ဆိုတာ ကလေးငယ်တွေခေါင်းထဲမှာ ရောက်သွားအောင်၊ စွဲမြဲသွားအောင်၊ တိရစ္ဆာန်တွေအပေါ်မှာ ကြင်နာတတ်တဲ့ စိတ်လေးတွေ ရှိလာအောင်၊ ငှက်ကလေးတွေဟာ ဘယ်လောက်အထိ ရှားပါးလာပြီ၊ အဲဒီငှက်လေးတွေဟာ ပူတာအိုဒေသမှာသာရှိပြီး ပူပြင်းတဲ့ အရပ်ဒေသမှာမနေတဲ့ ငှက်တွေဖြစ်တဲ့အတွက် ကိုယ့်ဒေသမှာရှိတဲ့ ငှက်ကလေးတွေကို ကလေးငယ်တွေက ချစ်ခင်ပြီး သံယောဇဉ်တွယ်လာအောင်ပြဖို့ ဗီဒီယိုမှတ်တမ်းလေးတွေလည်း စီစဉ်ထားပါတယ်။

ကချင်ပြည်နယ်တစ်ခုလုံးမှာရှိနေတဲ့ သဘာဝဘေးအန္တရာယ်ကျရောက်မှု လျော့နည်းသွားအောင်ဆိုပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေလုပ်နေတဲ့ ဥယျာဉ်နဲ့ ဘေးမဲ့တောတွေရဲ့မြေပုံလေးတွေကိုလည်း ထည့်သွင်းပြသသွားပါမယ်။ အခုခေတ် ပေါပေါများများ တွေ့နေရပေမယ့် ကလေးငယ်တွေ ကြီးလာတဲ့အခါ ရှားပါးပျောက်ကွယ်သွားနိုင်တဲ့၊ ဒီဒေသမှာ ပေါက်ရောက်တဲ့ သစ်သားနမူနာ၊ ကြိမ်နမူနာတွေကိုလည်း ပြသဖို့ စီစဉ်ထားပါတယ်။ ကလေးတွေရဲ့နောင်ရေးအတွက် အခုကတည်းကိုက စာသင်နေတဲ့ ကျောင်းသားတွေက သဘာဝတောတောင်တွေနဲ့ လက်ရှိ သယံဇာတအရင်းအမြစ်တွေကို ချစ်ခင်မြတ်နိုးတဲ့စိတ်နဲ့ ထိန်းသိမ်းသွားအောင် ကလေးစာပေပွဲတော်မှာ ပြသွားဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်။ **သတင်းနှင့်ဓာတ်ပုံ - လင်းဟန်ဇေ**

ပြည်သူ့စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေချင်

အေးမြင့်အောင်

မကြာသေးမီက ပြည်သူ့စာကြည့်တိုက် ဥပဒေမူကြမ်းတစ်ခုနှင့် ပတ်သက်၍ ထင်မြင်ချက်အမျိုးမျိုးဖြင့် ဝေဖန်ပြောဆိုမှုများရှိခဲ့သည်။ တချို့က စာကြည့်တိုက်ဥပဒေမူကြမ်းပါ တားမြစ်ချက်နှင့် ပြစ်ဒဏ်များအပေါ် စိုးရိမ်ပူပန်ကြသည်။ တချို့က စာကြည့်တိုက်လုပ်ငန်းများအပေါ် အဟန့်အတားဖြစ်စေသည်ဟု ဝေဖန်ကြသည်။ တစ်ချို့ကမူ ဒီမိုကရေစီစံနှုန်းများနှင့် ကင်းလွတ်နေသယောင် ပြစ်တင်ခဲ့ကြသည်။

ပြည်သူ့စာကြည့်တိုက်ဆိုသည်မှာ

ကမ္ဘာပေါ်တွင် ပြည်သူ့စာကြည့်တိုက်ပေါင်း ၂၃၀၀၀၀ ကျော် ရှိသည်ဟု သိရသည်။ အရှေ့တောင်အာရှဒေသတွင် ထိုင်းနိုင်ငံ၌ ၈၆၅ လုံး၊ ကမ္ဘောဒီးယား၌ ၁၁၀၀၊ မလေးရှား၌ ၁၃၉၂ လုံး၊ အင်ဒိုနီးရှား၌ ၁၅၉၈ လုံး၊ စင်ကာပူနိုင်ငံ၌ ၂၂ လုံး၊ လာအိုနိုင်ငံ၌ ၄၁ လုံး၊ ဖိလစ်ပိုင်နိုင်ငံတွင် ၁၁၂၄ လုံးခန့် ဖွင့်လှစ်ထားရှိကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် အမှန်တကယ် လည်ပတ်လှုပ်ရှားနေသည့် ပြည်သူ့စာကြည့်တိုက်ပေါင်း ၇၀၀၀ ခန့် ရှိသည်ဟု စစ်တမ်းများအရ သိရှိရသည်။

၁၉၉၄ ခုနှစ် ယူနက်စကိုအဖွဲ့ကြီးက ထုတ်ပြန်သည့် ပြည်သူ့စာကြည့်တိုက်ကြေညာစာတမ်းတွင် **"ပြည်သူ့စာကြည့်တိုက်ဆိုသည်မှာ လူ့အဖွဲ့အစည်းအတွင်းရှိ လူတန်းစားအားလုံးကို နိုင်ငံသားဖြစ်မှု/ မဖြစ်မှု၊ အသက်ကြီး/ငယ်ခွဲခြားမှု၊ ကျား/ မ ခွဲခြားမှု၊ ကိုးကွယ်သည့်ဘာသာ၊ ပြောဆိုသည့်စကားခွဲခြားမှု၊ မသန်စွမ်းမှု၊ စီးပွားရေး ဖွံ့ဖြိုးမှု၊ ပညာရေးဆိုင်ရာ အောင်မြင်ပေါက်မြောက်မှုစသည်တို့အပေါ် ခွဲခြားမှု မရှိစေဘဲ ကျယ်ပြန့်သည့် အရင်းအမြစ်များနှင့် ဝန်ဆောင်မှုများမှတစ်ဆင့် အသိဉာဏ် ဗဟုသုတများ၊ သတင်းအချက်အလက်များ၊ စိတ်ကူးစိတ်သန်းများကို ရှာဖွေရယူနိုင်ရန် ကူညီပံ့ပိုးပေးသော နေရာဌာနဖြစ်သည်"**ဟု အဓိပ္ပာယ်ဖွင့်ဆိုပေးထားသည်။

တစ်နည်းအားဖြင့် ပြည်သူ့စာကြည့်တိုက်များသည် လူ့အဖွဲ့အစည်းအသီးသီးရှိ လူထုလူတန်းစားအသီးသီးအတွက် ပညာရေး၊ ယဉ်ကျေးမှုနှင့် သတင်းအချက်အလက်ဆိုင်ရာ လုပ်ငန်းများအား ကူညီပံ့ပိုးပေးရာနေရာ (သို့မဟုတ်) လူမှုစီးပွားရေးပြောင်းလဲမှုဖြစ်စဉ်များအတွက် ဗဟိုအချက်အချာကျသည့် နေရာဌာနတစ်ခုပင် ဖြစ်သည်။

မြန်မာနိုင်ငံတွင် အမျိုးသားစာကြည့်တိုက်၊ ပြည်သူ့စာကြည့်တိုက်၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်နှင့် အထူးစာကြည့်တိုက်များဟူ၍ အမျိုးအစား (၄)မျိုး ရှိသည်။ ပြည်သူ့စာကြည့်တိုက်များကို အထူးသဖြင့် ပြန်ကြားရေးဝန်ကြီးဌာနရှိ စာပေဗိမာန်စာကြည့်တိုက်၊ ခရိုင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဖွင့်လှစ်ထားသော ပြည်သူ့စာကြည့်တိုက်များနှင့် စေတနာရှင်များနှင့် လူမှုအဖွဲ့အစည်းအသီးသီးက ဖွင့်လှစ်ထားရှိသည့် ပြည်သူ့စာကြည့်တိုက်များဟူ၍ ခွဲခြားတွေ့မြင်ကြရမည် ဖြစ်သည်။

ယူနက်စကိုအဖွဲ့ကြီးက ပြည်သူ့စာကြည့်တိုက်များ ဆောင်ရွက်ရမည့် စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပတ်သက်၍ မူဝါဒ(၁၂)ရပ် ချမှတ်ပေးခဲ့ပြီး ယင်းမူဝါဒများအနက် အဓိကကျသည့် အချက်များကို ခြုံငုံကြည့်ပါက ကလေးလူငယ်များ စာဖတ်သည့်အလေ့အထ ရှင်သန်အောင် ပျိုးထောင် ပေးရန်၊ ကိုယ်ပိုင်စိတ်ကူးစိတ်သန်းနှင့် ဖန်တီးနိုင်စွမ်းကို နှိုးဆော်ပေးရန်၊ နိုင်ငံသားများအတွက် သတင်းအချက်အလက်များရရှိစေရေး ဆောင်ရွက်ပေးရန်၊ စာတတ်မြောက်ရေး လှုပ်ရှားမှုများနှင့် စီမံကိန်းဆိုင်ရာကိစ္စများတွင် ပါဝင်ပံ့ပိုးကူညီပေးရန်၊ ယဉ်ကျေးမှုဆိုင်ရာ သိပ္ပံပညာဆိုင်ရာများနှင့် အနုသုခုမပညာဆိုင်ရာများ ထုတ်ဖော်ပြသမှုများကို လိုအပ်သလို ကူညီပံ့ပိုးဆောင်ရွက်ပေးရန်၊ စာတတ်မြောက်ရေးလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ရန်နှင့် လူတစ်ဦးချင်း၏ အတတ်ပညာ ဆည်းပူးမှုများအပေါ် ကူညီပံ့ပိုးပေးရန် ဆိုသည့် အချက်များကို တွေ့ရမည် ဖြစ်သည်။

စာကြည့်တိုက်ဥပဒေ

မြန်မာနိုင်ငံတွင် စာကြည့်တိုက်ယဉ်ကျေးမှုနှင့် စာဖတ်သည့် ဓလေ့များသည် အခြားအိမ်နီးချင်းနိုင်ငံများထက် ရှေးကျခဲ့သော်လည်း လွတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံရေးစနစ်အမျိုးမျိုးကြောင့် စာကြည့်တိုက်များ၏ အခန်းကဏ္ဍ မှေးမှိန်လျော့ပါးကာ ပြည်သူများ၏ စာဖတ်သည့်အရှိန်များ အားလျော့ပျောက်ကွယ်ခဲ့ရသည်။

ခေတ်သမိုင်းအဆက်ဆက်ကို လေ့လာကြည့်ပါက မြန်မာနိုင်ငံတွင် ပြည်သူများ စာပေလေ့လာဖတ်ရှုရေးကို ကိုလိုနီခေတ်ကပင် တက်တက်ကြွကြွ ဆောင်ရွက်ခဲ့ကြသည်။ ၁၉၂၄ ခုနှစ် **"မြန်မာပြည်ပညာပြန့်ပွားရေးအသင်း"**ကို မြေစာရင်းနှင့် ကြေးတိုင်မင်းကြီးဟောင်း မစ္စတာဂျေအက်(စ်)ဖာနီဗယ်နှင့် ဒေါက်တာဘခက်စသော ပုဂ္ဂိုလ်ကြီးများက ဦးဆောင်၍ စာကြည့်တိုက်လှုပ်ရှားမှုများကို စတင်ခဲ့ကြသည်။ ၁၉၃၈ ခုနှစ်၌ **"တစ်လလျှင် ဆယ်ပဲတန်သော့နှင့် ကမ္ဘာ့ဘဏ်တိုက်ကြီးကို ဖွင့်လော့"** ဆိုသည့် ကြွေးကြော်သံနှင့်အတူ ပြည်သူများ စာဖတ်ရန် လှုံ့ဆော်ခဲ့ကြသည်။

သို့ရာတွင် ယနေ့အချိန်၌ ပြည်သူ့စာကြည့်တိုက်များ၏ အခန်းကဏ္ဍသည် တိုးတက်ပြောင်းလဲလာသည့် နည်းပညာများနှင့်အညီ ပြည်သူများအား ဝန်ဆောင်မှု မပေးနိုင်သေးဘဲ အခက်အခဲအချို့နှင့် ရင်ဆိုင်နေရသည်။ တစ်နည်းအားဖြင့် စာကြည့်တိုက်ယဉ်ကျေးမှုကို အခြားအိမ်နီးချင်းနိုင်ငံများထက် ရှေ့မှပြေးခဲ့သော်လည်း ဖြတ်သန်းခဲ့ကြသည့် ခေတ်စနစ်အခြေအနေ အမျိုးမျိုးကြားတွင် လူးလွန့်လှုပ်ရှားရုံမျှသာ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

အထူးသဖြင့် ပြည်သူ့စာကြည့်တိုက်များ မဖွံ့ဖြိုးမတိုးတက်ရသည့် အကြောင်းရင်းကို ဆန်းစစ်ကြည့်ပါက ၁၉၆၄ ခုနှစ် စာကြည့်တိုက်ပြတိုက်နှင့်ပြပွဲများ ကြီးကြပ်အုပ်ချုပ်ရေးဥပဒေ၏ အားနည်းချက်သည် တစ်ခုအပါအဝင် ဖြစ်သည်။ ယင်းဥပဒေသည် တော်လှန်ရေးကောင်စီလက်ထက်က ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပြီး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ရေးဆွဲထားခြင်းမဟုတ်ဘဲ စာကြည့်တိုက်များ ဖွင့်လှစ်မှုကို ကန့်သတ်ချုပ်ချယ်နိုင်ရန် ဦးတည်ရေးဆွဲထားကြောင်း တွေ့ရသည်။ ယင်းဥပဒေအရဆိုလျှင် မြို့ရွာရပ်ကွက်အတွင်းရှိ စာအုပ်အငှားဆိုင်များပင်လျှင် လိုက်နာရန် အကျုံးဝင်လျက်ရှိပြီး ပြစ်ဒဏ်ကြီးမားခြင်း၊ မှတ်ပုံတင်ဆောင်ရွက်ရသည့် လုပ်ငန်းများအတွက် ဝန်ထုပ်ဝန်ပိုးကြီးမားခြင်းစသည့် အခက်အခဲများ ကြုံတွေ့ခဲ့ကြသည်။

ဓာတ်ပုံ - MBAPF

ယနေ့အချိန်တွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ဥပဒေပြုစာရင်းတွင် စာကြည့်တိုက်နှင့် ပြတိုက်များ ပါဝင်ခဲ့သည်။ ထို့ကြောင့် ၂၀၁၁ ခုနှစ် မှစ၍ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ပြည်သူ့စာကြည့်တိုက်ဥပဒေများကို မိမိတို့အစီအစဉ်ဖြင့် ရေးဆွဲခဲ့ကြသည်။ ယခုအခါ ပြည်သူ့စာကြည့်တိုက်ဥပဒေကို တိုင်းဒေသကြီး၊ ပြည်နယ် (၉)ခုတွင် ရေးဆွဲပြဋ္ဌာန်းခဲ့ကြပြီးဖြစ်သည်။

သို့ရာတွင် ၁၉၆၄ ခုနှစ် စာကြည့်တိုက်ပြတိုက်ပြပွဲများ ကြီးကြပ်အုပ်ချုပ်ရေးဥပဒေမှာ ယနေ့အချိန်ထိ ပြန်လည်ရုပ်သိမ်းခြင်း မရှိသေးသည့်အတွက် စာကြည့်တိုက်ပညာရှင်အချို့က မေးခွန်းထုတ်လျက်ရှိသည်။ ယင်းဥပဒေကို တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် ပြည်သူ့စာကြည့်တိုက်ဥပဒေများ စုံလင်စွာပြဋ္ဌာန်းပြီးပါက ပြန်လည်ရုပ်သိမ်းပေးရမည်ဖြစ်သည်။ ယနေ့အချိန်တွင် တိုင်းဒေသကြီး/ ပြည်နယ် (၅)ခုတွင် ပြည်သူ့စာကြည့်တိုက်ဥပဒေများ ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်နေသည့်အတွက် ယင်းဥပဒေကို ဆက်လက်ထားရှိနေရခြင်းဖြစ်သည်။

ခေတ်အဆက်ဆက် ဖြတ်သန်းခဲ့ကြသည့် စာကြည့်တိုက်ခရီးတစ်လျှောက် တွေ့ကြုံရသည့် အတွေ့အကြုံများအရ စာကြည့်တိုက်ဥပဒေသည် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရန် လွန်စွာအရေးကြီးသည်ဟု ဆိုရမည်။ ယခုအခါ ရေးဆွဲပြီး/ ရေးဆွဲဆဲ ပြည်သူ့စာကြည့်တိုက်ဥပဒေများသည် မိမိတို့နယ်မြေ/ဒေသအသီးသီးရှိ ပြည်သူများ ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် စာကြည့်တိုက်များ ပေါ်ပေါက်အောင် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ စာကြည့်တိုက်ပညာရှင်များ၊ စာပေဝါသနာရှင်များက ဝိုင်းဝန်းဆွေးနွေး ရေးဆွဲပြဋ္ဌာန်းသင့်သည်။ တစ်နည်းအားဖြင့် နှစ်ပေါင်းများစွာ စာကြည့်တိုက်များဖွံ့ဖြိုးရေးကို အဟန့်အတား ဖြစ်စေခဲ့သော ၁၉၆၄ ခုနှစ် စာကြည့်တိုက်ပြတိုက်ပြပွဲများ ကြီးကြပ်အုပ်ချုပ်ရေးဥပဒေ၏ အားနည်း ချက်များကို ရှောင်ကြဉ်၍ ခေတ်မီစာကြည့်တိုက်များ ပေါ်ပေါက်ရေးကို အားပေး မြှင့်တင်နိုင်သည့် စာကြည့်တိုက်ဥပဒေမျိုးဖြစ်အောင် အားလုံးကဝိုင်းဝန်း ရေးဆွဲပေး သင့်သည်။

ဝေဖန်ပြောဆိုမှုများရှိ

မကြာသေးခင်က ပုဂ္ဂလိကသတင်းစာတစ်စောင်နှင့် အင်တာဗျူးဖြေကြားရာတွင် ပြည်သူ့စာကြည့်တိုက်ဥပဒေများနှင့်ပတ်သက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ သဘောထားကို မေးမြန်းခံရသည်။ ပြည်သူ့စာကြည့်တိုက်ဥပဒေများနှင့် ပတ်သက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ သဘောထား (၃)ရပ်မှာ စာကြည့်တိုက်ဥပဒေများသည် ယူနက်စကိုမှ ထုတ်ပြန်ထားသည့် ပြည်သူ့စာကြည့်တိုက်ကြေညာစာတမ်းပါ မူဝါဒလုပ်ငန်းများကို ဆောင်ရွက်နိုင်ရမည်။ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်ရမည်။ စာကြည့်တိုက်မှူးများကို အကာအကွယ်ပေးနိုင်ရမည်ဆိုသည့် သဘောထား(၃)ရပ်ပင်ဖြစ်သည်။ ယခင်ခေတ်အဆက်ဆက်က တည်ရှိခဲ့သော စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်စေသည့် ဥပဒေမျိုး ထပ်မံမကြုံတွေ့လိုတော့ပေ။

ပြည်သူ့စာကြည့်တိုက် ဥပဒေမူကြမ်းနှင့်ပတ်သက်၍ အခြားဝေဖန်ပြောဆိုမှုများလည်း ရှိလာသည်။ ပြဋ္ဌာန်းထားသည့် စာကြည့်တိုက်ဥပဒေများတွင် ဗဟိုချုပ်ကိုင်မှုများ ပါဝင်နေခြင်းကိစ္စများ၊ စာကြည့်တိုက် ဥပဒေများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရေးဆွဲနေသည်ဆိုသည့် ဝေဖန်မှုများ၊ နိုင်ငံတော်မှ ဘတ်ဂျက်လျာထားတောင်းခံနိုင်ရန် ပြည်သူ့စာကြည့်တိုက်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလက်အောက်သို့ ထည့်သွင်းဆောင်ရွက်နေသည်ဆိုသည့် ဝေဖန်သံများ ကြားနေရသည်။

ရေးဆွဲပြီး/ရေးဆွဲဆဲ စာကြည့်တိုက်ဥပဒေများနှင့် ပတ်သက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ သဘောထားကို အထက်တွင်ပြောကြားပြီးဖြစ်သဖြင့် အထူးပြောဆိုရန် မလိုအပ်တော့ပေ။ ဗဟိုချုပ်ကိုင်မှုများပြီး အမှန်တကယ်အလုပ်မဖြစ်သည့် ပြဋ္ဌာန်းချက်မျိုး မဖြစ်သင့်ဟူသာ ထင်မြင်ချက်ပေးလိုသည်။ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များသည် ဥပဒေရေးဆွဲပြဋ္ဌာန်းရန် အဓိကတာဝန်ရှိသူများဖြစ်သဖြင့် မိမိတို့လိုလားသည့် ဥပဒေတစ်ရပ် ဖြစ်ပေါ်ရန် ဝိုင်းဝန်းဆွေးနွေးအကြံပြု ရေးဆွဲသင့်သည်။ လိုအပ်ပါက ပြဋ္ဌာန်းပြီး ဥပဒေများကို ပြင်ဆင်ရေးလုပ်ငန်းများကိုပါ ဆက်လက်ဆောင်ရွက်သင့်သည်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ဥပဒေရေးဆွဲခွင့်မရှိသဖြင့် သက်ဆိုင်ရာပညာရှင်များအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များထံ ချဉ်းကပ်၍ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည့် ဥပဒေများ ပေါ်ပေါက်လာအောင် ကူညီဆောင်ရွက်ပေးသင့်သည်။

ထို့ပြင် စာကြည့်တိုက်ဥပဒေများတွင် ပြည်သူ့စာကြည့်တိုက်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ အုပ်ချုပ်မှုအောက်သို့ထားရှိ၍ နိုင်ငံတော်မှ ဘတ်ဂျက်လျာထားတောင်းခံရန် ဆောင်ရွက်နေသည်ဆိုသော ထင်မြင်ချက်မှာ လွဲမှားသောထင်မြင်ချက်ဟု ပြောရမည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူ့စာကြည့်တိုက်များကို လက်အောက်အဖွဲ့အစည်းအဖြစ်ထားရှိမည်မဟုတ်ဘဲ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်း (Development Partner) အဖြစ်သာ ထားရှိပါသည်။ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးဖို့သာ စဉ်းစားပါသည်။ ပြည်သူ့စာကြည့်တိုက်များကို အကြောင်းပြု၍ မည်သည့်အကျိုးရလဒ်ကိုမျှ မမျှော်ကိုးပါ။ စာကြည့်တိုက်များ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရမည်ဆိုသည့် ယုံကြည်ချက်များဖြင့်သာ ပူးပေါင်းကူညီပေးနေခြင်း ဖြစ်သည်။ တကယ်တမ်းပြောရလျှင် ပြည်သူ့စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးရေး လုပ်ငန်းကို ပြန်ကြားရေးဝန်ကြီးဌာန တစ်ခုတည်းကသာ ဆောင်ရွက်ရမည် မဟုတ်သဖြင့် ပြည်သူ့စာကြည့်တိုက်များကို အကြောင်းပြု၍ ဘတ်ဂျက်လျာထားမည်မဟုတ်ပါ။ အမေရိကန်ပြည်ထောင်စုရှိ ပြည်သူ့စာကြည့်တိုက်အချို့သည် အစိုးရ၏ ထောက်ပံ့ငွေတစ်ခုတည်းကိုသာ မှီခိုဆောင်ရွက်ခြင်းမဟုတ်ဘဲ Bil Gates Foundation၊ Microsoft Foundation ကဲ့သို့သော အဖွဲ့အစည်းများ၏ အကူအညီပံ့ပိုးမှုများဖြင့် လည်ပတ်နေကြသည်။ ထို့ကြောင့် ပြည်သူ့စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို စဉ်းစားဆောင်ရွက်ရာတွင် နိုင်ငံတော်ဘတ်ဂျက်မှ တောင်းခံဆောင်ရွက်ပေးသည့် နည်းလမ်းထက် ပြည်တွင်း/ပြည်ပ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများမှ ကမကထပြု ကူညီဆောင်ရွက်ပေးသည့် (Partnership) ရှာဖွေပေးသည့် နည်းလမ်းဖြင့်သာ ကူညီပေးရန် စိတ်အားထက်သန်မှု ရှိနေပါသည်။

ထို့ပြင် ပြည်သူ့စာကြည့်တိုက်ဥပဒေများတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနပါဝင်ရသည့် အခန်းကဏ္ဍနှင့် ပတ်သက်၍ မည်သည့်တာဝန်၊ မည်သည့်အခန်းကဏ္ဍမှ ပါဝင်ရသည်ဖြစ်စေ၊ စာကြည့်တိုက်များသည် လူ့အဖွဲ့အစည်း အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် နေရာဌာနဖြစ်သဖြင့် အားပေး မြှင့်တင်ပေးသွားမည်ဖြစ်သည်။ စာကြည့်တိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်နေသည့် အရာမှန်သမျှကိုလည်း ပြည်သူများ၏ဆန္ဒ၊ စာကြည့်တိုက်ပညာရှင်များ၏ သဘောထားနှင့်အညီ ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

ပြည်သူ့စာကြည့်တိုက်များဖွံ့ဖြိုးရေး

ယနေ့ ဝေဖန်ပြောဆိုနေကြသည့် ပြည်သူ့စာကြည့်တိုက်ဥပဒေများနှင့် ပတ်သက်၍ အကြံပြုလိုသည်မှာ မိမိတို့လိုလားသည့် ဥပဒေတစ်ရပ် (သို့မဟုတ်) မိမိတို့ဆန္ဒနှင့် ကိုက်ညီသည့် ဥပဒေတစ်ရပ်ဖြစ်စေရန် ဥပဒေပြုခွင့်ရှိသည့် တိုင်းဒေသကြီး/ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံ၍ ဥပဒေဆိုင်ရာ အကြံပြုခြင်း၊ စာကြည့်တိုက်သဘောတရားနှင့် စာကြည့်တိုက်များ၏ အခန်းကဏ္ဍကို သိရှိအောင် ဆွေးနွေးခြင်းများကို ဆောင်ရွက်သင့်သည်။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာတွင် ပြည်သူ့စာကြည့်တိုက်ဥပဒေများရေးဆွဲပြဋ္ဌာန်းထားမှု အခြေအနေနှင့် ပြည်သူ့စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများကို ကောင်းမွန်စွာသိရှိနိုင်ရန် The Public Library Services (IFLA/ UNESCO Guidelines for Development) စာအုပ်ကို ဘာသာပြန်ဆို၍ ထုတ်ဝေထားပြီး ဖြစ်ပါသည်။ ယင်းစာအုပ်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ခရိုင်၊ မြို့နယ်ရုံး ပြည်သူ့စာကြည့်တိုက်အသီးသီးတွင် ထားရှိပေးထားသည်။ ၎င်းစာအုပ်ကိုလေ့လာ၍ မိမိတို့ တိုင်းဒေသကြီး/ပြည်နယ်နှင့် ကိုက်ညီသည့် စာကြည့်တိုက်ဥပဒေတစ်ခုကို ရေးဆွဲပြဋ္ဌာန်းသင့်သည်။ မည်သို့ပင်ဖြစ်စေ ပြည်သူ့စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခရာသည် ပြည်သူ့စာကြည့်တိုက်ဥပဒေပင်ဖြစ်သဖြင့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ စာကြည့်တိုက်မှူးများ၊ စာကြည့်တိုက်ပညာရှင်များ၊ လူမှုအဖွဲ့အစည်းများက ကိုယ်တိုင်ပါဝင်ဆွေးနွေး အကြံပြုသင့်သည်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူ့စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတာဝန်များကို မည်သည့်မျှော်ကိုးချက်မျှမပါဝင်ဘဲ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်း (Development Partner)အဖြစ် အစဉ်အားပေးကူညီပေးနေမည်သာ ဖြစ်ပေသည်။

ယနေ့ဝေဖန်ပြောဆိုနေကြသည့် ပြည်သူ့စာကြည့်တိုက်ဥပဒေများနှင့် ပတ်သက်၍ အကြံပြုလိုသည်မှာ မိမိတို့လိုလားသည့် ဥပဒေတစ်ရပ် (သို့မဟုတ်) မိမိတို့ဆန္ဒနှင့် ကိုက်ညီသည့် ဥပဒေတစ်ရပ်ဖြစ်စေရန် ဥပဒေပြုခွင့်ရှိသည့် တိုင်းဒေသကြီး /ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့်တွေ့ဆုံ၍ ဥပဒေဆိုင်ရာ အကြံပြုခြင်း၊ စာကြည့်တိုက်သဘောတရားနှင့် စာကြည့်တိုက်များ၏ အခန်းကဏ္ဍကို သိရှိအောင် ဆွေးနွေးခြင်းများကို ဆောင်ရွက်သင့်

သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး ဒုတိယနေ့ ကျင်းပ

ရန်ကုန် မတ် ၁၅

သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးနှင့် အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိဆရာတော်အဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တညာဏိန္ဒက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးဆရာတော်အဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဂုဏိကာဘိဝံသက ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသည့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး ထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များက တင်ပြလာသော အကြံညာဏ်များကို တွဲဖက်အကျိုးတော်ဆောင်ဆရာတော်က ရှင်းလင်းပြန်ကြားပြီး နံနက်ပိုင်းတွင် အစည်းအဝေးကို ခေတ္တရပ်နားသည်။

မွန်းလွဲ ၁ နာရီတွင် အစည်းအဝေးကို ပြန်လည်ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သောအစီရင်ခံစာကို ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာကဏ္ဍအလိုက် ကိုယ်စားလှယ်ဆရာတော်များက ဆွေးနွေးတော်မူကြပြီး ဒုတိယနေ့ အစည်းအဝေးကို ရပ်နားသည်။

သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့သတ္တမအစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။

ဆွမ်းဆက်ကပ်လှူဒါန်း

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများအား မိခင်ကြီး ဒေါ်တင်ဝင်းရီအား အမှူးထား၍ ဗိုလ်မှူးကြီးသိန်းဌေး(ငြိမ်း)+ သီဟသုဓမ္မသိင်္ဂီ ဒေါက်တာဒေါ်မြသီတာ၊ သမီး အမရာနှင့် အိန္ဒြေမဒီဆွေတင်၊ သား လင်းမောင်မောင်နှင့် လင်းညီညီဆွေတင် မိသားစု(SI ကုမ္ပဏီ)က တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

သတင်းစဉ်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၄/၂၀၁၉) ကြိမ်မြောက် အစည်းအဝေး ကျင်းပစဉ်။

အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၁၀၀ ကျော် ဖန်တီးပေးနိုင်မည့် လုပ်ငန်း ခုနစ်ခုအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြု

နေပြည်တော် မတ် ၁၅

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၄/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကော်မရှင်အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဦးသောင်းထွန်းနှင့် အဖွဲ့ဝင် ၁၁ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဂျပန်နိုင်ငံမှ ပန်းမျိုးစေ့ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်း၊ ဟောင်ကောင်မှ ပလတ်စတစ် မိုလ်နှင့် ပလတ်စတစ်အစိတ်အပိုင်းများ(အပိုပစ္စည်း) ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ မြန်မာနိုင်ငံမှ ပလတ်စတစ်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း၊ စင်ကာပူနိုင်ငံမှ floating storage unit for storage of LPG as transit point လုပ်ငန်း၊ မြန်မာနိုင်ငံမှ ပညာရေးဝန်ဆောင်မှုလုပ်ငန်းနှင့် hospitality and business management လုပ်ငန်းတို့ကို ခွင့်ပြုပေးခဲ့သည်။

ရင်းနှီးမြှုပ်နှံမှုပမာဏ

အထက်ပါ လုပ်ငန်း ခုနစ်ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၇၁ ဒသမ ၇၈၆ သန်းနှင့် ကျပ်သန်းပေါင်း ၂၈၅၄ ဒသမ ၇၄ ရှိပြီး အဆိုပါလုပ်ငန်းများမှ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၁၆၁ ဦး ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

တက္ကသိုလ်ဝင်စာမေးပွဲ နဝမနေ့ နိုင်ငံခြားစာစစ်ဌာနများအပါအဝင် မြန်မာတစ်နိုင်ငံလုံးရှိ စာစစ်ဌာနများတွင် သမိုင်းဘာသာရပ်ကို ဖြေဆိုသူပေါင်း ၁၂၄၈၂၇ ဦးရှိ

နေပြည်တော် မတ် ၁၅

၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ နဝမနေ့ သမိုင်းဘာသာရပ်ကို ယနေ့တွင် ဖြေဆိုကြရာ နိုင်ငံခြားစာစစ်ဌာန ခုနစ်ခုနှင့် မြန်မာတစ်နိုင်ငံလုံးရှိ စာစစ်ဌာန ၁၃၅၆ ခု၊ စာစစ်ဌာန စုစုပေါင်း ၁၃၆၃ ခုတွင် ဖြေဆိုသူပေါင်း ၁၂၄၈၂၇ ဦးရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

တက္ကသိုလ်ဝင်စာမေးပွဲ သမိုင်းဘာသာရပ်တွင် ဖြေဆိုသူပေါင်း ၁၂၄၈၂၇ ဦးအနက် တစ်နိုင်ငံလုံး၌ ဆေးရုံဖြေဆိုသူ ၂၂ ဦး၊ အမြင်အာရုံ မသန်စွမ်းဖြေဆိုသူ ၂၄ ဦး၊ အကြားအာရုံ မသန်စွမ်းဖြေဆိုသူ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ လေးဦး၊ ကိုယ်အင်္ဂါမသန်စွမ်းဖြေဆိုသူ ၃၅ ဦး၊ အကျဉ်းထောင်များတွင် ဝင်ရောက်ဖြေဆိုသူ ၇၇ ဦးနှင့် ကရင်ပြည်နယ် မြဝတီမှ ဝင်ရောက်ဖြေဆိုသူ ၁၉ ဦးရှိကြောင်း သိရသည်။

သတင်းစဉ်

တက္ကသိုလ်ဝင်စာမေးပွဲ သမိုင်းဘာသာရပ်ဖြေဆို

နေပြည်တော် မတ် ၁၅

၂၀၁၈-၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ နဝမနေ့အဖြစ် သမိုင်းဘာသာရပ်ကို ယနေ့ ဖြေဆိုကြသည်။

မြန်မာနိုင်ငံ တစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် နိုင်ငံခြားစာစစ်ဌာနများတွင် သမိုင်းဘာသာရပ်ဖြေဆိုရန် စာရင်းရှိ ကျောင်းသား ကျောင်းသူ ၁၃၄၈၉၉ တွင် ဖြေဆိုသူ ၁၂၄၈၂၇ ဦးရှိပြီး ဖြေဆိုရန်ပျက်ကွက်သူ ၁၀၀၇၂ ဦးဖြစ်၍ ဖြေဆိုမှုရာခိုင်နှုန်း ၉၂ ဒသမ ၅၃ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အကြားအာရုံမသန်စွမ်းသူများ စာဖြေသူဦးရေစာရင်း

ရက်စွဲ-၁၅-၃-၂၀၁၉ ဘာသာ-သမိုင်း

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်	(စာရင်းရှိ)			(ဖြေဆို)		
		ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
၁	စစ်ကိုင်းတိုင်းဒေသကြီး						
၂	မန္တလေးတိုင်းဒေသကြီး	၂	၁	၃	၂	၁	၃
၃	ရန်ကုန်တိုင်းဒေသကြီး		၁	၁		၁	၁
၄	ဧရာဝတီတိုင်းဒေသကြီး						
	စုစုပေါင်း	၂	၂	၄	၂	၂	၄

စာမျက်နှာ ၈ မှ

ထို့နောက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပို့ကုန်များ ပိုမိုတင်ပို့နိုင်ရေးနှင့် တရားမဝင်ကုန်သွယ်မှုများ တားဆီးထိန်းချုပ်နိုင်ရေးအတွက် စီမံဆောင်ရွက်နေမှုအခြေအနေများနှင့် လိုအပ်သည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ဖြည့်စွက်ပြင်ဆင်ဆောင်ရွက်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ကဏ္ဍအလိုက် ရှင်းလင်းတင်ပြ

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေ၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သွားမည့် ဆွေးနွေးပွဲများ၊ ပို့ကုန်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အခက်အခဲများနှင့် အကြံပြုချက်များ တင်ပြ

ထို့နောက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦး၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း၊ အထွေထွေအတွင်းရေးမှူးချုပ် ဦးမျိုးမြင့်နှင့် နယ်စပ်ဒေသ ကုန်သွယ်မှုတိုးမြှင့်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ (UMFCCI) အဖွဲ့ဝင် ဦးကိုကိုကြီးတို့က သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ကြုံတွေ့နေရသည့် အခက်အခဲများနှင့် အကြံပြုချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးက Myanmar Doing Business Website လွှင့်တင်နိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေး

အကြံပြုတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးသည်။

ယင်းနောက် ဒုတိယသမ္မတက နိဂုံးချုပ်အမှာစကား ပြောကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းမော်ထွန်းနှင့် ဦးမောင်မောင်ဝင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီ(၅)ရပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းမှာ ဆရာများရဲ့အရည်အသွေးကို အာမခံတဲ့ စနစ်တစ်ခု ထူထောင်ဖို့ သတ်မှတ်ပြီးတော့ လုပ်ဆောင်နေတာရှိပါတယ်

ဒေါက်တာဝင်းအောင်
(အမျိုးသားပညာရေးမူဝါဒ ကော်မရှင် အဖွဲ့ဝင်)

ဆရာ ဆရာမများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ခြင်း ပညာရေးစကားဝိုင်းကျင်းပ (အပိုင်း ၂)

ဆရာ ဆရာမများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ခြင်း ပညာရေးစကားဝိုင်းကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် အမျိုးသားပညာရေးမူဝါဒကော်မရှင် အဖွဲ့ဝင် ဒေါက်တာဝင်းအောင်၊ ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအေးအေးမြင့်၊ အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမေစန်းရီ၊ ပညာရေးသုတေသန စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်လတ်ထွန်း၊ နည်းပညာသက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာပြည့်ကျော်သူနှင့် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတိုးဝင်းတို့ ပါဝင်ဆွေးနွေးခဲ့ကြသည်များကို ဖော်ပြအပ်ပါသည်။

အစီအစဉ်မှူး ။ ။ဆရာကြီးဒေါက်တာဝင်းအောင် အနေနဲ့ ဆရာတွေအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် မူကြမ်းရေးဆွဲ ဆောင်ရွက်မှုတွေကိုလည်း ပြောပြပေးစေလိုပါတယ်။

ဒေါက်တာဝင်းအောင်။ ။ ဒီလုပ်ငန်းက မြန်မာနိုင်ငံမှာတော့ လုပ်ငန်းအသစ်လို့ ပြောရမယ်ထင်ပါတယ်။ စောစောက ဆရာမကြီးတို့ပြောခဲ့သလို ပညာရေးတက္ကသိုလ်တွေ၊ ပညာရေးကောလိပ်တွေမှာ လေ့ကျင့်သင်ကြားပေးတယ်ဆိုတာ အရည်အချင်းပြည့်မီတဲ့ ဆရာ ဆရာမတွေ မွေးထုတ်ဖို့အတွက် ဆောင်ရွက်တာဖြစ်ပါတယ်။ ဒီနေရာမှာ အရည်အချင်း ပြည့်မီတယ်ဆိုတာကို ဘယ်လိုအာမခံနိုင်မှာလဲဆိုတဲ့ မေးခွန်းမေးစရာရှိပါတယ်။ တကယ်ပဲ ဒီဆရာ ဆရာမတွေဟာ အရည်အချင်းပြည့်မီရဲ့လား။ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ရော သက်ဆိုင်တဲ့ တခြားသော ဝန်ကြီးဌာနတွေရော ပညာရေးမိတ်ဖက်အဖွဲ့အစည်းတွေ အားလုံးကပါ အလေးအနက်စဉ်းစားပြီးတော့ ကျွန်တော်တို့ အမျိုးသားပညာရေးဥပဒေမှာ ပညာရေးစနစ်တိုင်းဟာ အဲဒီစနစ်ရဲ့ အရည်အသွေးကို အာမခံနိုင်ရမယ်ဆိုပြီးတော့ ပြဋ္ဌာန်းထားတာရှိပါတယ်။ အဲဒါနဲ့လည်း လိုက်လျောညီထွေဖြစ်ပြီး အကောင်အထည်ဖော်တဲ့ သဘောမျိုးလည်းဖြစ်အောင်ဆိုပြီး အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းမှာ ဆရာများရဲ့ အရည်အသွေးကို အာမခံတဲ့ စနစ်တစ်ခု ထူထောင်ဖို့ သတ်မှတ်ပြီးတော့ လုပ်ဆောင်နေတာရှိပါတယ်။

ပထမဆုံးခြေလှမ်းဖြစ်

ဒီဆရာတွေရဲ့ အရည်အသွေးစံတွေကို သတ်မှတ်တာဟာ အဲဒီအရည်အသွေးအာမခံမှု လုပ်ငန်းရဲ့ ပထမဆုံးခြေလှမ်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဒီလိုလုပ်ငန်းမျိုးကို အရင်က ဆောင်ရွက်ခဲ့ဖူးခြင်းမရှိတဲ့အတွက် ဒါပထမဦးဆုံးစပြီး ဆောင်ရွက်တဲ့ လုပ်ငန်းအသစ်လို့ ကျွန်တော်ပြောတာဖြစ်ပါတယ်။ နိုင်ငံတကာမှာတော့ ဆရာ ဆရာမတွေမှာ အဲဒီလိုမျိုး သူတို့ရဲ့သိသင့်သိထိုက်တဲ့ အခြေခံတတ်ကျွမ်းမှုတွေ၊ ပြည့်စုံတဲ့အကြောင်းကို အာမခံနိုင်တဲ့စနစ်တွေ ထူထောင်ပြီးတော့ လုပ်ကိုင်ဆောင်ရွက်နေတာ တော်တော်များများ နိုင်ငံတွေမှာ အခုဆိုရင်အရှိန်ရနေပါပြီ။ အထူးသဖြင့် ဒီနားတစ်ဝိုက်က ကျွန်တော်တို့ရဲ့ အိမ်နီးချင်းတွေဖြစ်တဲ့ အာဆီယံနိုင်ငံတွေမှာဆိုရင် ဒီလိုမျိုးဆရာ ဆရာမများရဲ့အရည်အသွေးစံတွေကို သတ်မှတ်ပြီးတော့ အရည်အသွေးအာမခံမှုကို အလေးထားပြီး လုပ်လာနေပါတယ်။

ဒါကြောင့်လည်း မြန်မာနိုင်ငံအနေနဲ့ ဒီလိုလုပ်ငန်းကို စပြီးတော့ ဆောင်ရွက်တာဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာလည်း နိုင်ငံတကာစံတွေနဲ့လည်း လိုက်လျောညီထွေဖြစ်အောင်၊ မြန်မာနိုင်ငံရဲ့အနေအထားနဲ့လည်း လိုက်လျောညီထွေဖြစ်အောင်ဆိုပြီးတော့ ဒီစံတွေကို သတ်မှတ်တဲ့ နေရာမှာ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်တာရှိသလို တကယ်သက်ဆိုင်တဲ့ ပုဂ္ဂိုလ်တွေဖြစ်တဲ့ ဆရာ ဆရာမတွေ ပညာရေးစီမံခန့်ခွဲတဲ့လူတွေ အခြေခံပညာကျောင်းအုပ်တွေစတဲ့ သက်ဆိုင်ရာပုဂ္ဂိုလ်တွေအားလုံးနဲ့လည်း ညှိနှိုင်းဆွေးနွေးပြီးတော့ စံသတ်မှတ်ချက်တွေကို ရေးဆွဲနေတာဖြစ်ပါတယ်။

> **“ နိုင်ငံတကာမှာတော့ ဆရာ ဆရာမတွေမှာ အဲဒီလိုမျိုး သူတို့ရဲ့သိသင့်သိထိုက်တဲ့ အခြေခံတတ်ကျွမ်းမှုတွေ၊ ပြည့်စုံတဲ့အကြောင်းကို အာမခံနိုင်တဲ့စနစ်တွေ ထူထောင်ပြီးတော့ လုပ်ကိုင်ဆောင်ရွက်နေတာ တော်တော်များများ နိုင်ငံတွေမှာ အခုဆိုရင်အရှိန်ရနေပါပြီ။ အထူးသဖြင့် ဒီနားတစ်ဝိုက်က ကျွန်တော်တို့ရဲ့ အိမ်နီးချင်းတွေဖြစ်တဲ့ အာဆီယံနိုင်ငံတွေမှာဆိုရင် ဒီလိုမျိုးဆရာ ဆရာမများရဲ့အရည်အသွေးစံတွေကို သတ်မှတ်ပြီးတော့ အရည်အသွေးအာမခံမှုကို အလေးထားပြီး လုပ်လာနေပါတယ်။ ဒါကြောင့်လည်း မြန်မာနိုင်ငံအနေနဲ့ ဒီလိုလုပ်ငန်းကို စပြီးတော့ ဆောင်ရွက်တာ ဖြစ်ပါတယ် ”**

အခုကတော့ မူကြမ်းပဲရှိပါသေးတယ်။ ဒါပေမယ့် ဒါကိုတကယ် အတည်ပြုပြီးတော့ သတ်မှတ်ထားတဲ့ စံဖြစ်အောင် ဆက်လက်ပြီးတော့ဆောင်ရွက်ဖို့ရှိပါတယ်။ ဒီလုပ်ငန်းကို လုပ်ရတဲ့နေရာမှာ အဓိကကတော့ အကြောင်းအရင်း သုံးခုရှိတယ်လို့ ပြောချင်ပါတယ်။

ပထမတစ်ခုကတော့ ဘာလဲဆိုရင် ဒီစံတွေကို ကြည့်ပြီးတော့ စောစောက ဆရာမကြီးတို့ ပြောခဲ့တဲ့ ပညာရေးတက္ကသိုလ်တွေ၊ ပညာရေးကောလိပ်တွေမှာ လေ့ကျင့်သင်ကြားပေးနေတဲ့ အစီအစဉ်တွေကို ပြုပြင်ပြောင်းလဲဖို့ပါ။ ဆရာမကြီး ဒေါက်တာ ဒေါ်မေစန်းရီ စောစောက ပြောသလိုပဲ အခုဆိုရင် ပညာရေးကောလိပ်တွေအတွက် လေးနှစ်သင် ဒီဂရီသင်ရိုးညွှန်းတမ်းတွေ ရေးဆွဲတဲ့ အခါမှာ အခုပြောခဲ့တဲ့တတ်ကျွမ်းမှု စံသတ်မှတ်ချက်တွေကို အခြေခံပြီးတော့ ရေးဆွဲတာဖြစ်တဲ့အတွက် တတ်ကျွမ်းမှု အခြေပြုသင်ရိုးညွှန်းတမ်းဆိုပြီးတော့ ဆရာမကြီးပြောတာ သတိထားမိမယ်ထင်ပါတယ်။ အလားတူပဲ ပညာရေးတက္ကသိုလ်အနေနဲ့လည်း ရှေ့မှာ ပညာရေးတက္ကသိုလ်ရဲ့ဘွဲ့သင်တန်းတွေကိုလည်း အဲဒီလိုအလားတူ တတ်ကျွမ်းမှု အခြေပြုသင်ရိုးညွှန်းတမ်းအနေနဲ့ ရေးဆွဲအကောင်အထည်ဖော်ဖို့ ရည်ရွယ်ထားတယ်လို့ ကျွန်တော်တို့ သိပါတယ်။

ပံ့ပိုးပေးနိုင်မှာဖြစ်

ဆိုချင်တာက ဘာလဲဆိုရင် အဲဒီလိုမျိုး သင်ရိုးညွှန်းတမ်းရေးဆွဲတဲ့အခါမှာ ဒီတတ်ကျွမ်းမှု စံတွေဟာ အခြေခံအဖြစ်နဲ့ သုံးဖို့ဆိုတာက ပထမအကြောင်းအရင်းတစ်ခု ဖြစ်ပါတယ်။ ဒုတိယအကြောင်းရင်း တစ်ခုကတော့ ဒီတတ်ကျွမ်းမှု စံအနေနဲ့ လက်ရှိလုပ်ငန်းခွင်ထဲမှာ ရောက်နေတဲ့ ဆရာ ဆရာမတွေရဲ့စွမ်းဆောင်ရည်ကို တိုင်းတာကြည့်ဖို့ပါ။ ဒီလိုတိုင်းတာကြည့်ခြင်းအားဖြင့် ဒီဆရာ ဆရာမတွေဟာ ဘယ်နေရာမှာ အားနည်းနေသလဲ၊ ဘယ်နေရာမှာတော့ သူတို့ကထူးချွန်လဲ၊ အားကောင်းလဲ ဒီလိုမျိုးပညာရေးဝန်ကြီးဌာန အနေနဲ့ သိနိုင်မှာဖြစ်တယ်။ ဥပမာအားဖြင့် ဘာသာရပ်ကျွမ်းကျင်မှုအပိုင်းမှာ အားနည်းတာလား၊ သင်ကြားရေးအပိုင်းမှာ အားနည်းတာလား၊ ဒါမှမဟုတ် မိဘပြည်သူလူထုနဲ့ ဆက်ဆံရေးမှာ အားနည်းတာလား စသည်ဖြင့် ဆရာ ဆရာမတွေရဲ့ လိုအပ်ချက်တွေကို ဖော်ထုတ်ပြီး အဲဒီလိုမျိုး လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်မယ့် ခုနက ကျွန်တော်တို့ပြောခဲ့တဲ့ လုပ်ငန်းခွင်တွင်း ဆရာအတတ်ပညာ စွမ်းဆောင်ရည်မြှင့်မားရေး အစီအစဉ်တွေကို ရေးဆွဲပြီးတော့ ပံ့ပိုးပေးနိုင်မှာ ဖြစ်တဲ့အတွက် ဒါကဒုတိယအကြောင်းအရင်း ဖြစ်ပါတယ်။

တတိယအကြောင်းအရင်းကတော့ နိုင်ငံတကာမှာတော့ ဒါဟာတော်တော်များများ နိုင်ငံတွေက စပြီးတော့ လုပ်ကိုင်ဆောင်ရွက်နေပါပြီ။ မြန်မာနိုင်ငံအနေနဲ့ကတော့ လတ်တလောမှာ မဆောင်ရွက်နိုင်ရင်တောင်မှ ရှေ့ဆက်ပြီးတော့ ဆောင်ရွက်နိုင်ဖို့အတွက် ကျွန်တော်တို့ ကြိုးစားရမယ့် အပိုင်းဖြစ်ပါတယ်။ အဲဒါကတော့ ဆရာ ဆရာမတွေကို အသိအမှတ်ပြုတဲ့ လက်မှတ်ထုတ်ပေးရေးနဲ့ ဆိုင်ပါတယ်။ ဒီဆရာအတတ်ပညာဆိုတာဟာ ဒီဆေးပညာ၊ အင်ဂျင်နီယာပညာတို့လိုပဲ သူကအတတ်ပညာနယ်ပယ်တစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် အတတ်ပညာရှင်တစ်ယောက်မှာ ရှိသင့်ရှိထိုက်တဲ့စံအနေနဲ့ ကိုက်ညီပြီးတော့ အဲဒီလို ကိုက်ညီတဲ့ လူကိုမှ ဆရာဖြစ်တယ်။ အရည်အချင်းရှိတဲ့ ဆရာဖြစ်တယ်လို့ သတ်မှတ်ရမှာဖြစ်တော့ ဒီစံအနေနဲ့ချိန်ထိုးပြီး ဆရာ ဆရာမတွေကို ဆရာအတတ်ပညာတတ်ကျွမ်းကြောင်း အသိအမှတ်ပြုလက်မှတ်၊ ဒါမှမဟုတ်ရင်လည်း တချို့နိုင်ငံတွေမှာဆိုရင် ဆရာတွေက လိုင်စင်ယူရပါတယ်။ ဒီအတိုင်းဝင်လုပ်လို့ မရပါဘူး။ ဆရာလုပ်ချင်တယ်ဆိုရင် ဆရာ လိုင်စင်ယူရမယ်။ သို့မဟုတ် ဆရာဖြစ်ကြောင်း မှတ်ပုံတင်ရပါတယ်။ အဲဒီလိုလိုင်စင်ယူတဲ့အခါမှာ မှတ်ပုံတင်တဲ့အခါမှာ ဘာနဲ့ ချိန်ထိုးပြီးကြည့်မယ်ဆိုရင် ဒီတတ်ကျွမ်းမှု စံအနေနဲ့ချိန်ထိုးကြည့်ပြီးတော့ ဒီဆရာဟာ ရှိသင့်ရှိထိုက်တဲ့ တတ်ကျွမ်းမှုတွေနဲ့ ပြည့်စုံတယ်ဆိုမှ သူ့ကို လိုင်စင်ထုတ်ပေးပါတယ်။ ဒါမှမဟုတ်လည်း မှတ်ပုံတင်ထုတ်ပေးတယ် စသည်ဖြင့် အဲဒီလိုမျိုးနိုင်ငံတကာ အလေ့အထရှိပါတယ်။ ဒါက ဘာကိုပြတာလဲဆိုရင် အဲဒီဆရာဟာ အရည်အသွေးရှိတဲ့ ဆရာဖြစ်ကြောင်း ဝန်ကြီးဌာနက အာမခံတဲ့ နည်းလမ်းတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် အခု လောလောဆယ်မှာ ဒီလိုမျိုးဆောင်ရွက်နိုင်ဖို့ မရှိသေးသော်လည်းဘဲ အနာဂတ်မှာတော့ ကျွန်တော်တို့က အဲဒီလောက်အထိ ဆောင်ရွက်နိုင်ဖို့ မျှော်မှန်းပြီးတော့ ဒီတတ်ကျွမ်းမှု စံသတ်မှတ်ချက်တွေကို ရေးဆွဲထားတာ ဖြစ်ပါတယ်။

အစီအစဉ်မှူး။ ။ ဆရာကြီးဒေါက်တာဇော်လတ်ထွန်းအနေနဲ့ သင်ရိုးညွှန်းတမ်းရေးဆွဲသူတွေအတွက် လိုအပ်တဲ့ စွမ်းအင်မြှင့်တင်မှုနဲ့ ပတ်သက်ပြီးတော့လည်း ပြောပြပေးပါဦး။

ဒေါက်တာဇော်လတ်ထွန်း။ ။ သင်ရိုးညွှန်းတမ်း ရေးဆွဲတဲ့သူတွေအတွက် လိုအပ်တဲ့ စွမ်းရည် မြှင့်တင်မှုတွေကတော့ သင်ရိုးညွှန်းတမ်းပြုစုရေးဆွဲရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၊ နောက်တစ်ခါ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပြည့်စုံမှု၊ နောက်စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ ကျွမ်းကျင်မှု၊ English ဘာသာစကား 4 Skills ကျွမ်းကျင်မှုနဲ့ အခြေခံကွန်ပျူတာနဲ့ သတင်းအချက်အလက်ဆိုင်ရာ ကျွမ်းကျင်မှု တို့ပဲ ဖြစ်ပါတယ်။

အစီအစဉ်မှူး။ ။ အသေးစိတ်တွေကိုလည်း ဆက်ပြီးတော့ ရှင်းပြပေးစေလိုပါတယ်။

ဒေါက်တာဇော်လတ်ထွန်း။ ။ သင်ရိုးညွှန်းတမ်း ရေးဆွဲတဲ့သူတစ်ယောက်က သင်ရိုးညွှန်းတမ်းတစ်ခုကို ရေးဆွဲတဲ့အခါမှာ ကလေးတွေရဲ့အသက်အရွယ်အလိုက် အသိဉာဏ်ပညာ ဖွံ့ဖြိုးမှုအရ ဘယ်အသက်အရွယ်မှာ ဘယ်အကြောင်းအရာမျိုးကို ဘယ်လောက် သိသင့်တယ်ဆိုတာကို သိထားဖို့လိုပါတယ်။ ဒါ့အပြင် သင်ရိုးညွှန်းတမ်းတစ်ခုရဲ့ အင်္ဂါရပ်တွေ၊ ဖွဲ့စည်းမှုတွေဒါတွေကိုလည်း သိရှိထားရမယ်။ လိုချင်တဲ့ သင်ကြားသင်ယူမှုရလဒ်ပါ၊ Learning Outcomes တွေရဖို့အတွက် ဘယ်လိုသင်ကြားမှု နည်းစနစ်တွေနဲ့ သွားမလဲ၊ ဘယ်လိုချဉ်းကပ်မှုတွေနဲ့ သွားမလဲ ဆိုတာကိုလည်း နားလည်သဘောပေါက်ထားရမှာဖြစ်ပါတယ်။

ဒါကြောင့်ဒီလို စွမ်းရည်တွေရရှိဖို့အတွက် သင်ရိုးညွှန်းတမ်းရေးဆွဲတဲ့ သူတွေကို ပြည်တွင်း၊ ပြည်ပသင်တန်းတွေ လေ့လာရေးပြုလုပ်ပေးဖို့၊ စွမ်းရည်မြှင့်တင်မှုတွေဆောင်ရွက်ပေးဖို့ ဒါတွေ လိုအပ်ပါတယ်။ အထူးသဖြင့်တော့ Curriculum Development နဲ့ ပတ်သက်ပြီးတော့ ဒီပလိုမာတွေ ဘွဲ့တွေပေးနိုင်တဲ့ ပြည်တွင်း ပြည်ပ တက္ကသိုလ်အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ဆောင်ရွက်လျက်ရှိနေတယ်လို့ ပြောလိုပါတယ်။

အစီအစဉ်မှူး ။ ။ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုနဲ့ ပတ်သက်ပြီးတော့လည်း ရှင်းပြပေးပါဦး။

ဒေါက်တာဇော်လတ်ထွန်း။ ။ သင်ရိုးညွှန်းတမ်း ရေးဆွဲတယ်ဆိုတာက ဘာသာရပ်တွေကို ကလေးတွေရဲ့ အသက်အရွယ်အလိုက် ဘယ်လောက်သင်ကြားပေးမလဲ၊ ဘယ်လိုသင်ကြားပေးမလဲဆိုတာကို စီစဉ်ဆောင်ရွက်တာဖြစ်ပါတယ်။ ဒါကြောင့် သင်ရိုးညွှန်းတမ်းရေးဆွဲတဲ့ သူတစ်ယောက်ဟာ မိမိတို့ရေးဆွဲတဲ့ ဘာသာရပ်နဲ့ ပတ်သက်ပြီးတော့ ထဲထဲဝင်ဝင်သိနေဖို့ လိုပါတယ်။ ဘာသာရပ်၊ ပညာရပ်တွေဟာ နေ့စဉ်နဲ့အမျှ တိုးတက်ပြောင်းလဲနေတာဖြစ်တဲ့အတွက် ဘာသာရပ်တစ်ခုရဲ့ အရေးပါတဲ့ပြောင်းလဲမှုတွေ၊ အယူအဆတွေ၊ ထိုထွင်ဖန်တီးမှုတွေကို မျက်ခြည်မပြတ်လေ့လာနေဖို့လိုပါတယ်။ ဒါ့အပြင် ကိုယ်တာဝန်ယူရေးဆွဲနေတဲ့ ဘာသာရပ်တွေနဲ့ တခြားဘာသာရပ်တွေရဲ့ချိတ်ဆက်နေမှုတွေကိုလည်း မျက်ခြည်ပြတ်လို့ မရပါဘူး၊ သိရမယ်။

ဒါကြောင့် ဘာသာရပ်ဆိုင်ရာ စာအုပ်စာတမ်းတွေရနိုင်ဖို့ အင်တာနက်ကို အသုံးပြုပြီးတော့ ရှာဖွေနိုင်ဖို့နဲ့ ဘာသာရပ်အလိုက်တိုးတက်ဖွံ့ဖြိုးလာမှုတွေ၊ ဘာသာရပ်သဘောသဘာဝတွေ ပိုမိုသိလာဖို့အတွက် အလျဉ်းသင့်သလိုပြည်တွင်းပြည်ပပညာရှင်တွေကို ဖိတ်ခေါ်ပြီးတော့ ဟောပြောပွဲလုပ်တာတွေ လက်တွေ့သရုပ်ပြသင်ကြားမှု ပြုလုပ်တာမျိုးတွေ ပြုလုပ်ပေးခြင်းအားဖြင့် သင်ရိုးညွှန်းတမ်းရေးဆွဲတဲ့သူတွေအတွက် ဘာသာရပ်ဆိုင်ရာကျွမ်းကျင်မှု အရည်အသွေးတွေ ရရှိလာမယ်လို့ မျှော်လင့်ပါတယ်။

အစီအစဉ်မှူး ။ ။ စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ ကျွမ်းကျင်မှုရှိဖို့ လိုတယ်လို့လည်း ပြောခဲ့ပါတယ်။ အဲဒီတော့ ဘာကြောင့် ဒီစွမ်းရည်တွေ လိုအပ်ပါသလဲဆိုတာ ပြောပြပေးပါ။

ဒေါက်တာဇော်လတ်ထွန်း။ ။ တကယ်တော့ သင်ရိုးညွှန်းတမ်းပြုစုရေးဆွဲမှုကို စနစ်တစ်ကျ သင်ယူလေ့လာတဲ့အခါ စစ်ဆေးအကဲဖြတ်မှုဆိုတာ တစ်ပါတည်း ပါဝင်ပြီးသားဖြစ်ပါတယ်။ ဘာသာရပ်တစ်ခုကို ရည်မှန်းထားတဲ့အတိုင်း တတ်မြောက်မှုတွေရတယ်၊ မရဘူးဒါတွေကို သိနိုင်ဖို့အတွက် စစ်ဆေးအကဲဖြတ်မှုတွေ တိုင်းတာစစ်ဆေးမှုတွေ လုပ်ရပါမယ်။ ဒီလိုလုပ်ဖို့ အကဲဖြတ်ခြင်းဆိုင်ရာ စွမ်းရည်တွေ တိုးတက်လာဖို့လိုတယ်။ နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့ စစ်ဆေးတိုင်းတာမှုဆိုင်ရာ နည်းနာနိဿယျတွေကို လေ့လာပြီးတော့ ကိုယ့်နိုင်ငံ အခြေအနေနဲ့ လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်နိုင်ဖို့လိုပါတယ်။ အထူးသဖြင့်တော့ စစ်ဆေးအကဲဖြတ်မှုနဲ့ဆိုင်တဲ့ ဘွဲ့တွေ၊ ဒီပလိုမာတွေပေးတဲ့ တက္ကသိုလ်တွေ၊ အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ရမှာဖြစ်ပါတယ်။

အစီအစဉ်မှူး ။ ။ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုအတွက်ကိုလည်း ဘယ်လိုဆောင်ရွက်နေတယ်ဆိုတာ ပြောပြပေးပါဦး။

ဒေါက်တာဇော်လတ်ထွန်း။ ။ အင်္ဂလိပ်ဘာသာစကားကလည်း အခုအလွန်အရေးကြီးပါတယ်။ သင်ရိုးညွှန်းတမ်း ရေးဆွဲဖို့အတွက် လိုအပ်တဲ့အကြောင်းအရာ အချက်အလက်တွေကို လေ့လာတဲ့အခါမှာ မိခင်ဘာသာစကားဖြစ်တဲ့ မြန်မာဘာသာစကားနဲ့ပြုစုထားတဲ့ စာအုပ်စာတမ်းတွေကို လေ့လာရတာဖြစ်သလို အင်္ဂလိပ်ဘာသာအတွက် ရေးသားထားတဲ့ စာအုပ်တွေကိုလည်း ဖတ်ရှုရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် နောက်ဆုံးခေတ်မီ အကြောင်းအရာ အချက်အလက်တွေကို သိဖို့ဆိုရင် အင်တာနက်မှာရှာဖွေမယ်။ အင်တာနက်မှာ ရှာဖွေတဲ့ အခါကျတော့ ပညာရပ်ဆိုင်ရာစာအုပ် အများစုကလည်း အင်္ဂလိပ်လိုရေးသားထားတာ ဖြစ်တဲ့အတွက် အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်ဖို့လိုပါတယ်။

လိုအပ်လာတဲ့အခါမှာ သင်ရိုးညွှန်းတမ်း ရေးဆွဲနေတဲ့ သူတွေဟာ ပြည်ပ ပညာရှင်တွေ၊ အကြံပေးတွေနဲ့လည်း ပြောဆိုဆက်သွယ်မှုတွေ ဖလှယ်မှုတွေရှိလာတဲ့အတွက်ကြောင့် အင်္ဂလိပ်စာ ကျွမ်းကျင်မှုတွေဖြစ်တဲ့ အရေး၊ အဖတ်၊ အပြော၊ နားထောင်နိုင်မှုစွမ်းရည်တွေ၊ တိုးတက်လာအောင် ဖြည့်ဆည်းရမှာဖြစ်ပါတယ်။ ကိုယ်တိုင်ကိုယ်ကျ (Self Study) လုပ်ဖို့ အခြေအနေတွေ၊ ပြည်တွင်း ပြည်ပသင်တန်းကို စေလွှတ်ပေးတာမျိုးတွေ ဆောင်ရွက်လျက်ရှိပါတယ်။

စာမျက်နှာ ၁၃ သို့

ပုဏ္ဏားကျွန်းမြို့နှင့် ကျောက်တော်မြို့ ပတ်ဝန်းကျင်လုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် AA သောင်းကျန်းသူအဖွဲ့တို့ တိုက်ပွဲပြင်းထန်စွာဖြစ်ပွား



နေပြည်တော် မတ် ၁၅

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နှင့် ကျောက်တော်မြို့ ပတ်ဝန်းကျင်လုံခြုံရေး ဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် AA သောင်းကျန်းသူအဖွဲ့တို့ တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားပြီး လက်နက်၊ အလောင်းနှင့် ပုဏ္ဏားကျွန်းမြို့နယ်နှင့် ကျောက်တော်မြို့နယ်အတွင်း မြို့၊ ရွာနှင့်ဌာနဆိုင်ရာ အဆောက်အဦများအား တိုက်ခိုက်ရန် ရည်ရွယ်ဖွင့်လှစ်ထားသည့် ယာယီအခြေပြုစခန်းတစ်ခုတို့အား သိမ်းပိုက်ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပုဏ္ဏားကျွန်းမြို့နယ် ပိန္နဲတောကျေးရွာအနီးသို့ မတ် ၇ ရက် ည ၉ နာရီခန့်တွင် AA သောင်းကျန်းသူအဖွဲ့မှ အောင်ဇော်လင်းနှင့် အဖွဲ့(၁) ဖွဲ့ရောက်ရှိလာခဲ့ပြီး ပုဏ္ဏားကျွန်းမြို့နယ် ရပ်ကွက်အုပ်ချုပ်ရေးမှူးများထံသို့ ၎င်းတို့၏အမာခံများ စေလွှတ်ကာ ပုဏ္ဏားကျွန်းမြို့ပေါ် ရပ်ကွက်များ စုပေါင်း၍ ငွေကျပ်သိန်း ၆၅၀ အား ခုနစ်ရက်အတွင်း ပေးရန်နှင့် ပေးဆောင်မှုမရှိပါက တက္ကသိုလ်ဝင်စာမေးပွဲ ပြီးဆုံးချိန်၌ ပုဏ္ဏားကျွန်းမြို့အပါအဝင် နယ်မြေခံတပ်ရင်းဌာနချုပ်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းများအား ဝင်ရောက်တိုက်ခိုက်သွားမည်ဟု ခြိမ်းခြောက်စာပေးပို့ခဲ့ကြောင်း။

ယင်းကိစ္စနှင့်ပတ်သက်၍ ပုဏ္ဏားကျွန်းမြို့နယ်ရှိ ဒေသခံတိုင်းရင်းသားပြည်သူများက တပ်မတော်နှင့်လုံခြုံရေး အဖွဲ့အစည်းများအား အချိန်မီ သတင်းပေးပို့လာသကဲ့သို့ သောင်းကျန်းသူအဖွဲ့ထံသို့လည်း လုံးဝမပေးနိုင်ဟု အကြောင်းပြန်ခဲ့ကြောင်း သိရသည်။

စတင်နှောင့်ယှက်ဖျက်ဆီး

အဆိုပါ သတင်းဆက်အရ ပုဏ္ဏားကျွန်းမြို့နယ်နှင့် ကျောက်တော်မြို့နယ် အနီး ပတ်ဝန်းကျင်တစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေး လုပ်ငန်းများ ဖြန့်ခွဲဆောင်ရွက်ခဲ့ရာ AA သောင်းကျန်းသူများသည် ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်တန်းစာစစ်ဌာန၏ မေးခွန်းလွှာနှင့် အဖြေလွှာများအား ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်အင်အား ၁၁ ဦးခန့်သာရှိသည့် ယိုးတရုတ်ကျေးရွာ ရဲကင်းစခန်းအား မတ် ၉ ရက် ညပိုင်းတွင် အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်လာခဲ့ပြီး နယ်မြေဒေသလုံခြုံရေးအား စတင်နှောင့်ယှက် ဖျက်ဆီးလာခဲ့ကြောင်း။

ရပ်ကွက်၊ ကျေးရွာ လုံခြုံရေး တပ်စခန်းများအား AA သောင်းကျန်းသူအဖွဲ့များမှ ထပ်မံနှောင့်ယှက်တိုက်ခိုက်မည်ဟု သတင်းရရှိသဖြင့် ကန်ဇောက်နှင့် ပုဏ္ဏားကျွန်းအကြား ရွှေ့ပြောင်း၍ နယ်မြေစိုးမိုးရေး ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မတ် ၁၁ ရက် မွန်းလွဲပိုင်းတွင် ကျောက်တော်မြို့ ကန်ဇောက်ကျေးရွာ၏ တောင်ဘက် မီတာ ၇၀၀၀ ခန့်အကွာသို့ အရောက်၌ ပုဏ္ဏားကျွန်းမြို့နယ်နှင့် ကျောက်တော် မြို့နယ်တို့အား ဝင်ရောက်တိုက်ခိုက်၊ နှောင့်ယှက်ဖျက်ဆီးရန် အင်အားစုစည်းလျက်ရှိသော AA သောင်းကျန်းသူအဖွဲ့မှ အင်အားစုများနှင့် နယ်မြေခံကျေးရွာအလိုက် ရိုးသားစွာလုပ်ကိုင်စားသောက်နေကြသည့် အရပ်သားများအား လက်နက်ဖြင့်ခြိမ်းခြောက်၍ စုစည်းထားသည့် အင်အားစုများပါ ပူးပေါင်းထားသော ယာယီအခြေပြုစခန်းအား တွေ့ရှိပြီး စတင်ထိတွေ့မှုဖြစ်ပွားခဲ့ကာ ရင်ဆိုင်ထိန်းချုပ်ခဲ့ကြောင်း သိရသည်။

ရင်ဆိုင်ထိန်းချုပ်လျက်ရှိ

ထိုသို့ ရင်ဆိုင်ထိန်းချုပ်လျက်ရှိစဉ် AA သောင်းကျန်းသူများသည် မတ် ၁၂ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအား အင်အားအလုံးအရင်းဖြင့် အကြိမ်ကြိမ် ဝိုင်းပတ်ပိတ်ဆို့တိုက်ခိုက်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား အင်အားဖြည့်တင်းရန် သွားရောက်ခဲ့သော တပ်မတော် စစ်ကြောင်းတစ်ကြောင်းကိုလည်း ဖြတ်တောက်ပိတ်ဆို့ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း။

မတ် ၁၃ ရက် ညပိုင်းနှင့် မတ် ၁၄ ရက်တို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ကူ၊ ပစ်အား ရယူလျက် မိမိတပ်ဖွဲ့ဝင်များအား ချေမှုန်းရန် ကြိုးပမ်းလျက်ရှိသည့် AA သောင်းကျန်းသူအဖွဲ့အား ဟန်ချက်ညီပြင်းထန်စွာ တန်ပြန်ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ AA သောင်းကျန်းသူအဖွဲ့များသည် မတ် ၁၄ ရက် ညနေပိုင်းတွင် အကျအဆုံးများစွာဖြင့် အရပ်မျက်နှာအသီးသီးသို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း။

ဖြစ်စဉ်တွင် မိမိဘက်မှ အရာရှိ၊ စစ်သည်အချို့ ကျဆုံးဒဏ်ရာရရှိခဲ့ပြီး AA သောင်းကျန်းသူများထံမှ လက်နက်များ၊ အလောင်းများနှင့် ပုဏ္ဏားကျွန်းမြို့နယ်နှင့် ကျောက်တော်မြို့နယ်အတွင်း မြို့၊ ရွာနှင့် ဌာနဆိုင်ရာ အဆောက်အဦများအား တိုက်ခိုက်ရန် ရည်ရွယ်ဖွင့်လှစ်ထားသည့် ယာယီအခြေပြုစခန်းတစ်ခုတို့အား သိမ်းပိုက်ရရှိခဲ့ပြီး ပုဏ္ဏားကျွန်းမြို့နယ်နှင့် ကျောက်တော်မြို့နယ် အနီးတစ်ဝိုက် လုံခြုံရေးအား ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

ရေဖြူမြို့နယ် နဘုလယ်ဒေသနှင့် ဆက်စပ်နေရာအချို့တွင် ဆင်တုပ်ကွေးရောဂါဖြစ်ပွားနေ

ရေဖြူ မတ် ၁၅

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ် နဘုလယ်ဒေသ ဒေသခံများနှင့် ဆက်စပ်နေရာအချို့တွင် ဆင်တုပ်ကွေးရောဂါ ဖြစ်ပွားလျက်ရှိသည်။ ရောဂါမျိုးသယ်ဆောင်သော ပိုးမွှားကောင်များမှတစ်ဆင့် ကူးစက်တတ်သောရောဂါများ နှိမ်နင်းရေးအဖွဲ့မှ နဘုလယ်ဒေသ ဘဝါကမ်းခြေရွာသို့ မတ် ၅ ရက်မှစတင်၍ ကွင်းဆင်းဆေးကုသပေးလျက်ရှိသည်။

လူနာငါးဦး၏ သွေးနမူနာကိုယူ၍ အမျိုးသားဓာတ်ခွဲခန်း (ရန်ကုန်)သို့ မတ် ၆ ရက်တွင် ပေးပို့ခဲ့ရာ ဆင်တုပ်ကွေးရှိသည်ဟု အတည်ပြုချက်ရယူနိုင်ခဲ့သည်။ ထူးခြားလက္ခဏာများမှာ အဆစ်အမျက်ကိုက်ခြင်း၊ အဖျားကြီးခြင်း၊ အနီကွက်များထခြင်း၊ မျက်နှာနီရဲပြီး ရောင်နေခြင်းတို့ဖြစ်သည်။ “နဘုလယ်ဒေသသို့ သွားပြီးအပြန်တွင် ဖခင်ဖြစ်သူကစလို့ မိသားစုဝင်ငါးဦးလုံး ဖျားတော့တာပဲ”ဟု ရေဖြူမြို့(ခ) ရပ်ကွက်နေသူတစ်ဦးက ပြောသည်။

ယခုအခါ အ.ထ.က-လဲရှောင် (နဘုလယ်ဒေသ)မှ ဆရာမတစ်ဦးနှင့် ကျောင်းသူလေးဦးမှာ ဆင်တုပ်ကွေးရောဂါလက္ခဏာဖြင့် ဖျားနာရာ ရေဖြူမြို့နယ် ကျန်းမာရေးဦးစီးဌာနက ကျန်းမာရေး စောင့်ရှောက်ပေးလျက်ရှိသည်။

အဆိုပါရောဂါ ဆက်လက်ဖြစ်ပွားမှုကို ကာကွယ်တားဆီးရန် ကျန်းမာရေး အသိပညာပေးခြင်း၊ ပိုးလောက်လမ်း နှိမ်နင်းရေးလုပ်ငန်းများနှင့် ဆေးစိမ်ခြင်ထောင်များ ဝေငှခြင်းတို့ကို လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

အင်းစိန်မြို့နယ်၌ စာပေဟောပြောပွဲကျင်းပမည်

ရန်ကုန် မတ် ၁၅

အင်းစိန်မြို့နယ်တွင် အခြေချနေထိုင်ပြီး ကွယ်လွန်သွားပြီဖြစ်သော စာရေးဆရာကြီးများဖြစ်ကြသည့် ဆရာတင်မိုး၊ ဆရာမောင်လင်းယုန်(ရှမ်းပြည်)၊ ဆရာငြိမ်းကျော်တို့အား ဂုဏ်ပြုသောအားဖြင့် ဒုတိယအကြိမ်မြောက် စာပေဟောပြောပွဲကို အင်းစိန်မြို့ ပေါက်တောရပ်ကွက် ရတနာလမ်း၌ မတ် ၁၆ ရက် ည ၇ နာရီတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါစာပေဟောပြောပွဲတွင် အင်းစိန် ၈၈ မျိုးဆက်သစ်အဖွဲ့က ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး ဆရာမောင်စိန်ဝင်း(ပုတီးကုန်း)၊ ဆရာမဂျူးနှင့် ကာတွန်းဆရာ အော်ပီကျယ်တို့က ဟောပြောမည်ဖြစ်သည်။ အဆိုပါဟောပြောပွဲသို့ ကွယ်လွန်သွားကြသော စာရေးဆရာကြီးများ၏ မိသားစုဝင်များလည်း တက်ရောက်ကြမည်ဖြစ်ပြီး ပရိသတ်များအား အမြွာညီနောင်စာအုပ်တိုက်နှင့် ရှုဝံစာအုပ်တိုက်တို့က စာအုပ်များလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ဗထူး

ယူအီးအက်ဖ်အေချန်ပီယံလိဂ် ကွာတားဖိုင်နယ်အဆင့် မန်ယူနှင့် ဘာစီလိုနာ၊ စပါးနှင့် မန်စီးတီးတွေ့ဆုံ

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်နှင့် ယူရိုပါလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်များကို မတ် ၁၅ ရက် သောကြာနေ့ ညနေပိုင်းတွင် ဆွစ်ဇာလန်နိုင်ငံ နီယွန်မြို့တွင် မဲခွဲခဲ့သည်။

ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်တွင် နယ်သာလန်ကလပ် အေဂျက်နှင့် အီတလီကလပ် ဂျူဗင်တပ်စ်တို့ တွေ့ဆုံခဲ့ပြီး အင်္ဂလန်ကလပ် လီဗာပူးနှင့် ပေါ်တူဂီကလပ်ပေါ်တိုအသင်းတို့ တွေ့ဆုံခဲ့သည်။ အင်္ဂလန်နှစ်သင်းဖြစ်သော စပါးနှင့် မန်စီးတီးတို့ တွေ့ဆုံခဲ့ပြီး စပိန်ထိပ်သီးကလပ် ဘာစီလိုနာနှင့် အင်္ဂလန်ကလပ် မန်ယူတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အကြိုဗိုလ်လုပွဲတွင် စပါးနှင့်မန်စီးတီးမှ နိုင်သည့်အသင်းနှင့် အေဂျက်နှင့် ဂျူဗင်တပ်စ်မှ နိုင်သည့်အသင်းတို့ တွေ့ဆုံမည်ဖြစ်ပြီး ဘာစီလိုနာနှင့် မန်ယူအသင်းမှ နိုင်သည့်အသင်းနှင့် လီဗာပူးနှင့် ပေါ်တိုအသင်းတို့ နိုင်သည့်အသင်း အကြိုဗိုလ်လုပွဲတွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ချန်ပီယံလိဂ် ကွာတားဖိုင်နယ်အဆင့် အိမ်ကွင်းအဝေးကွင်း ပြိုင်ပွဲများကို ဧပြီလအတွင်း အပြီးသတ်ယှဉ်ပြိုင်မည်ဖြစ်ပြီး အကြိုဗိုလ်လုပွဲကို မေလတွင် ယှဉ်ပြိုင်မည်ဖြစ်ကာ ချန်ပီယံလိဂ် ဗိုလ်လုပွဲကြီးကို ဇွန် ၁ ရက်တွင် စပိန်နိုင်ငံ မက်ဒရစ်မြို့ အက်သလက်တီကိုအသင်း၏ ဝမ်ဒါမက်ထရိုပိုလီ တာနိုကွင်းကြီးတွင် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ယူရိုပါလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်များ မဲခွဲရာတွင် အီတလီကလပ် နာပိုလီနှင့် အင်္ဂလန်ကလပ် အာဆင်နယ်၊ စပိန်နှစ်သင်းဖြစ်သော ဗီလာရီးရဲနှင့် ဗလင်စီယာ၊ ပေါ်တူဂီကလပ် ဘင်ဖီကာနှင့် ဂျာမန်ကလပ် ဖရန့်ဖတ်၊ ချက်ဖ်ကလပ် ဆလားဗီးယားပါရာ့ဂ်နှင့် အင်္ဂလန်ကလပ် ချယ်လ်ဆီးတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ယူရိုပါလိဂ်ဗိုလ်လုပွဲကြီးကို မေ ၂၉ရက်တွင် အဇာဘိုင်ဂျန်နိုင်ငံ ဘာကူးမြို့ အိုလံပစ်ကွင်းကြီးတွင် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

သီဟ

စာမျက်နှာ ၁၂ မှ

အစီအစဉ်မှူး ။ ။ ကွန်ပျူတာနဲ့ အိုင်စီတီကျွမ်းကျင်မှု ကရော ဘာကြောင့် လိုအပ်ပါသလဲဆိုတာလည်း ပြောပြပေးပါ။

ဒေါက်တာဇော်လတ်ထွန်း။ ။ ဒါကလည်း လိုအပ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ နည်းပညာတွေ အရှိန်အဟုန်နဲ့ တိုးတက်လာတဲ့ခေတ်မှာ ကွန်ပျူတာကျွမ်းကျင်မှုဆိုတာ မရှိမဖြစ်တဲ့ အရည်အချင်းတစ်ခုပဲ ဖြစ်ပါတယ်။ သင်ရိုးညွှန်းတမ်းရေးဆွဲနေတဲ့သူတွေဟာ မိမိရေးဆွဲနေတဲ့ ဘာသာရပ်သင်ရိုးအတွက် လိုအပ်တဲ့ အချက်အလက်တွေကို စုဆောင်းဖို့ပဲဖြစ်ဖြစ်၊ ဖတ်စာအုပ်တွေ လမ်းညွှန်တွေပြုစုဖို့ပဲဖြစ်ဖြစ်၊ ကွန်ပျူတာသုံးပြီးတော့ ကိုယ်တိုင်ဆောင်ရွက်နိုင်မယ်ဆိုရင် အဆင်ပြေပါတယ်။ အချက်အလက်လုံခြုံမှုကိုလည်းပဲ စိတ်ချရတယ်။ နောက်ပြီး ကိုယ့်စိတ်ကြိုက်ပုံစံ မရမချင်း အကြိမ်ကြိမ် ဖန်တီးပြုစုလို့ရတယ်။

ဒါ့အပြင် သတင်းအချက်အလက် နည်းပညာကျွမ်းကျင်မှု (ICT Skills) ရှိလာမယ်ဆိုရင် လိုချင်တဲ့အချက်အလက် အထောက်အထားတွေ လွယ်လင့်တကူ ရှာဖွေစုဆောင်းနိုင်မယ်။ ထိထိရောက်ရောက်လည်း ပြန်လည်အသုံးပြုနိုင်မယ်။ နိုင်ငံတကာမှာတော့ သင်ရိုးညွှန်းတမ်းရေးဆွဲတဲ့ Curriculum Developer ဆိုတာ ကိုယ်တိုင်ပဲ စာစီ၊ စာရိုက်၊ ဒီဇိုင်းဆင် စတာတွေကို ဆောင်ရွက်နိုင်သူတွေပဲ ဖြစ်ပါတယ်။

အစီအစဉ်မှူး။ **။ ဆရာ ဆရာမတွေကို သင်ရိုးသစ်ဖတ်စာအုပ်တွေအတွက် လက်ရှိမှာ သင်တန်းတွေကို ဘယ်လို ပေးလျက်ရှိပါသလဲ။**

ဒေါက်တာဇော်လတ်ထွန်း။ ။ ကျွန်တော်တို့ အခြေခံပညာ မူလတန်းသင်ရိုးမှာ ပထမတန်း သင်ရိုးသစ်အတွက် ကျောင်းသုံးဖတ်စာအုပ်တွေကို ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ စတင်ပြီးတော့ အသုံးပြုခဲ့တယ်။ အဲဒီလို အသုံးပြုဖို့အတွက် ကြီးကြပ်သူများ ဆွေးနွေးပွဲ သင်တန်း ၂ ရက် ၂ ကြိမ်ပြုလုပ်ခဲ့တယ်။ ဗဟိုအဆင့်သင်တန်း ၁၄ ရက်ကို ၂ ကြိမ်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်သင်တန်း ၁၄ရက်၊ မြို့နယ်အဆင့်သင်တန်း ၁၄ ရက်၊ ကျောင်းအုပ်စုသင်တန်း ၁၄ ရက်ဆိုပြီး ပို့ချပေးခဲ့ပါတယ်။

တစ်ခါအခြေခံပညာ မူလတန်းသင်ရိုးရဲ့ ဒုတိယတန်းသင်ရိုးသစ်မှာ အဲဒီသင်ရိုးသစ် Text Book တွေကို ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ စတင်အသုံးပြုခဲ့တယ်။ အဲဒီ သင်တန်းမှာလည်းပဲ ကြီးကြပ်သူများ ဆွေးနွေးပွဲသင်တန်းကို ၂ ရက် ၂ ကြိမ် ဗဟိုအဆင့် ဆွေးနွေးပွဲသင်တန်းကို ၅ ရက်နဲ့ ၃ ကြိမ်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် သင်တန်းကတော့ ၁၄ ရက်၊ မြို့နယ်အဆင့် သင်တန်းက ၁၄ ရက်၊ ကျောင်းအုပ်စုသင်တန်းက ၁၄ ရက် ဆိုပြီးပေးခဲ့တယ်။ ဒီလိုဆောင်ရွက်ခြင်းအားဖြင့် အခြေခံပညာမူလတန်းမှာရှိတဲ့ ဆရာ ဆရာမတွေအားလုံး ဒုတိယတန်း သင်ရိုးသစ်အတွက် သင်တန်းတွေရရှိပြီးတော့ ထိရောက်စွာ သင်ကြားပေးနိုင်မယ့် သင်ကြားသင်ယူမှုဆိုင်ရာ သင်ကြားနည်းဆိုင်ရာ အတတ်ပညာနဲ့စွမ်းရည်တွေ စွမ်းဆောင်ရည်တွေကို မြှင့်တင်ပေးနိုင်ခဲ့ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

ကံမမြို့၌ အရှိန်လွန်ယာဉ်က ဆိုင်ကယ်များနှင့်အအေးဆိုင်ကို ဝင်ရောက်တိုက်မိ၍ ခုနစ်ဦးဒဏ်ရာရ

ကံမ မတ် ၁၅

မကွေးတိုင်းဒေသကြီး ကံမမြို့နယ် ကြို့ပင်ကျေးရွာအနီး မိုင်တိုင်အမှတ် ၁၈၇/၃ ပုသိမ်-မုံရွာလမ်းမကြီးပေါ်၌ မတ် ၁၄ ရက် ညနေ ၆ နာရီခွဲခန့်က ဉသျှစ်ပင်မြို့ဘက်မှ မင်းဘူးမြို့ဘက်သို့ ယာဉ်မောင်းကျော်ဇေလတ် (၃၈နှစ်) မောင်းနှင်လာသော ဂါလန် ၂၆၀၀ ဆံ့ 7B/-----ဆီသယ်ယာဉ်သည် အရှိန်လွန်ကာ လမ်းဘေးတွင် ရပ်ထားသော ဆိုင်ကယ်လေးစီးကို တိုက်မိသည်။

ဆက်လက်၍ ထက်သီရိကုန်စုံဆိုင်နှင့် အအေးဆိုင်ကို ထပ်မံဝင်ရောက်တိုက်မိရာ လူခုနစ်ဦး (မစိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့ကြောင်း၊အဆိုပါယာဉ်တိုက်မှုကြောင့် ထက်သီရိကုန်စုံဆိုင်နှင့် အအေးဆိုင် အရှေ့ခြမ်းပြိုကျပျက်စီးပြီး ဆိုင်အတွင်းရှိ ကုန်များ၊ စားပွဲများ၊ ထိုင်ခုံများနှင့် ဆိုင်ကယ်လေးစီး ပျက်စီးဆုံးရှုံးသွားသဖြင့် ယာဉ်မောင်း ကျော်ဇေလတ်အား ဥပဒေအရ အမှုဖွင့်ထားကြောင်း သိရသည်။ **ကိုကိုကျော်(ကံမ)**

မြစ်ကြီးနား၊ အုတ်တွင်းနှင့် သာပေါင်းမြို့နယ်တို့တွင် တရားမဝင်သစ်များ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၁၅

အုတ်တွင်းမြို့နယ် ဦးစီးအရာရှိနှင့် သစ်တောဝန်ထမ်းများ၊ နယ်မြေခံတပ်မတော်တပ်ဖွဲ့ဝင်များနှင့် သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သောစစ်ကြောင်းအဖွဲ့သည် မတ် ၁၂ ရက်က ခပေါင်းကြိုးဝိုင်းအတွင်း နယ်မြေရှင်းလင်းခြင်းဆောင်ရွက်ရာ ကျွန်းသစ်၊ ပါကေး စုစုပေါင်း ၅ ဒသမ ၆၁၂၆ တန်အား ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့သည်။

ထို့အတူ ရေဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သော သစ်တောဝန်ထမ်းများအဖွဲ့သည် မတ် ၁၃ ရက်တွင် သာပေါင်းမြို့နယ် ဝဝန်မြစ်ကမ်းတစ်လျှောက် စစ်ဆေးဆောင်ရွက်ရာ တရားမဝင် တောင်သရက်သစ်ခွဲသား အလုံး ၃၆၀၊ အချောင်း (၈၈ ဒသမ ၉၅၄၀)တန်အား ဖမ်းဆီးရမိခဲ့ကြောင်း၊ အလားတူ ကချင်ပြည်နယ် မြစ်ကြီးနား မြို့နယ်ဦးစီးအရာရှိ ဦးဆောင်သော သစ်တောဝန်ထမ်းများနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြစ်ကြီးနားမြို့နယ်အပိုင်း(၃) နန်ကျင်ကျေးရွာ၌ ရှာဖွေစစ်ဆေးရာ တရားမဝင် ကံ့ကော်ဖို၊ သပြေ၊ တောဇီး၊ ကညင်၊ တောဂွေး၊ ကြေးလံ၊ တောင်သရက်သစ် ၅၄ လုံး (၅၁ ဒသမ ၂၆၈၀ တန်)အား ဖမ်းဆီးရမိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူများနှင့် ဆက်စပ်သူများကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **မောင်လူမော်**

မိုးမိတ်၊ ထားဝယ်၊ တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၁၅

မိုးမိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၂ ရက်က မိုးမိတ်မြို့နယ် မြောက်ပိုင်းရပ်ကွက် စိန်နန်းစိုးမော်တော်ယာဉ်ဂိတ်ရှိ တန်ဆာအပ်ထားသည့် ကတ်ထူစက္ကူပုံးအတွင်းမှ ဘိန်းဖြူ ၅၅၀ ဂရမ်ကို ရှာဖွေတွေ့ရှိ၍ ညနေပိုင်းတွင် ကတ်ထူစက္ကူပုံးကို လာရောက်ထုတ်ယူသူ မိုးမိတ်မြို့နယ် သဲနီကျေးရွာနေ မောင်မောင်ခင်အား ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်အရ မိုးမိတ်မြို့နယ် မိုးဟောက်ကျေးရွာနေ ကြည်မောင်၏နေအိမ်ကို ရှာဖွေရာ ဘိန်းဖြူ ၆၆၀ ဂရမ်ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

မောင်မောင်ခင်၊ ကြည်မောင်တို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

အလားတူ မတ် ၁၃ ရက် ည ၈နာရီခွဲက ထားဝယ်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ထားဝယ်မြို့နယ် သပြေချောင်းကျေးရွာအနီးတွင် နိုင်အောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၆၁ ပြားနှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မတ် ၁၄ ရက် နံနက်ပိုင်းတွင် ထားဝယ်မြို့နယ် ဇဟာကျေးရွာတွင် နေထိုင်သူ ထိန်လင်းအောင် (ခ)သားကြီး၏ နေအိမ်တဲကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၅၇ ပြားနှင့် ဆိုင်ကယ်တစ်စီးတို့ကို လည်းကောင်း။

ထို့အတူ မတ် ၁၄ ရက်က မူးယစ်တပ်ဖွဲ့စု (၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာ အုပ်စု ဟိုနားကျေးရွာနေ အားထုနှင့် ဆွန်းမိုတို့၏နေအိမ်ကို ရှာဖွေရာ ဆွန်းမို၏အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၈၁ ပြား၊ ဘိန်းစိမ်း ၇၀ ဂရမ်၊ ထိုင်းဘတ်ငွေ ၃၁၅၀ နှင့် အားထု၏ အကျီအိတ်ကပ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၁ ပြားတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ ရေမိုင်လှည့်ကင်းဆောင်ရွက်

နေပြည်တော် မတ် ၁၅

မောင်တောမြို့နယ် နယ်မြေ(၅) အမှတ်(၂) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ငါးခူရနယ်မြေရုံးမှ ယာယီရဲမှူး ကျော်ဝင်း ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် မတ် ၁၄ ရက် နံနက်ပိုင်းတွင် ရေယာဉ်တပ်ဖွဲ့စု (မောင်တော)မှ ငါးမန်းအမြန်သွား တိုက်ခိုက်ရေးရေယာဉ်အမှတ်(၀၀၄)ပါ နှစ်စင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၂) နယ်ခြားစောင့်တပ် Nhilla ကင်းစခန်းမှ Naib Subedar MD- Humayan Kabist ဦးဆောင်သည့်အဖွဲ့က စက်တပ်ရေယာဉ်နှစ်စင်း၊ စုစုပေါင်း လေးစင်းတို့ဖြင့် စံပယ်ပင်ရင်းချောင်းဝထိပ် နတ်မြစ်အလယ်ရှိ နှစ်နိုင်ငံနယ်နိမိတ်အနီး ရေမိုင်အမှတ် (၁၁)မှ ပြူးမချောင်းချောင်းဝအနီး ရေမိုင်အမှတ်(၁၅)အထိ နတ်မြစ်ကြောင်းအတိုင်း နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ ရေမိုင်ကင်းလှည့်ခဲ့ပြီး ရေယာဉ်အမှတ်(၀၀၄)ပေါ်၌ နှစ်ဖက်ကင်းလှည့်သည့်အဖွဲ့များ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ရဲပြန်ကြား**

မြင်းမူမြို့နယ်အတွင်း ယာဉ်တိုက်မှုဖြစ်ကာ နှစ်ဦးသေဆုံး

မြင်းမူ မတ် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်အတွင်း၌ မတ် ၁၄ ရက်က ယာဉ်တိုက်မှုဖြစ်ကာ ဆိုင်ကယ်စီးလာသူနှစ်ဦး နေရာတွင်ပင် သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြင်းမူမြို့နယ် အလ္လကပ္ပကျေးရွာအနီး မန္တလေး-မုံရွာကားလမ်း မိုင်တိုင်အမှတ် ၅၂/၆နှင့် ၅၃/၇ အကြား မန္တလေးမှ မုံရွာဘက်သို့ မုံရွာမြို့နေသူ ဦးအောင်ကိုဝင်း မောင်းနှင်လာသော YGN 3L/--- -တိုယိုတာ လင်ခရူဆာယာဉ်နှင့် မျက်နှာချင်းဆိုင် မောင်းနှင်လာသော ဆိုင်ကယ်တို့တိုက်မိရာ ဆိုင်ကယ်စီးနင်းလာသူ အမျိုးသားနှစ်ဦး(စုံစမ်းဆဲ)တို့ နေရာတွင်ပင် သေဆုံးသွားသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ မုံရွာမြို့ ကွေ့ကြီးရပ်ကွက်နေသူ ယာဉ်မောင်း ဦးအောင်ကိုဝင်းကို မြင်းမူမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **အောင်စိုးဖေ(မြင်းမူ)**

နမ့်ခမ်းနှင့် နန်းယွန်းမြို့နယ်တို့၌ ဘိန်းစိုက်ခင်းများ ဖျက်ဆီး

နေပြည်တော် မတ် ၁၅

ပန်းဆေးနယ်မြေရဲစခန်းမှ ဒုတိယရဲအုပ် ဇော်မျိုးမင်း ဦးစီးပူးပေါင်းအဖွဲ့သည် မတ် ၁၄ ရက်က နမ့်ခမ်းမြို့နယ် တာကွန့်ကျေးရွာအနီး၌ အမြင့် နှစ်ပေခန့်ရှိ ဘိန်းစိုက်ခင်း ၃ ဒသမ ၅ ဧကခန့်အား ဖျက်ဆီးရှင်းလင်းခဲ့သည်။

အလားတူ ခန္တီးခရိုင် နန်းယွန်းမြို့နယ် တကားကျေးရွာ၌ ဘိန်းစိုက်ခင်း စုစုပေါင်း ဧက ၅၀ ခန့်အား ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။ **ရဲပြန်ကြား**

နတ်မောက်မြို့နယ်၌ နေအိမ်တစ်လုံး မီးလောင်

နတ်မောက် မတ် ၁၅

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ရေငံကျေးရွာ၌ ယနေ့နံနက် ၁၀ နာရီခွဲခန့်က မီးကြွင်းမီးကျန်များမှတစ်ဆင့် နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ကြောင်း သိရသည်။

မီးလောင်မှုဖြစ်စဉ်မှာ ရေငံကျေးရွာတွင် မီးလောင်မှုဖြစ်ကြောင်း သတင်းအရ နတ်မောက်မြို့နယ် မြို့မရဲစခန်းမှူး ရဲမှူး အောင်သန်းမြင့်၊ ဒုရဲမှူး ကျော်ကျော်စိုးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဌေးမော်နှင့် တပ်ဖွဲ့ဝင်များ မီးသတ်ယာဉ်တစ်စီးဖြင့်အခင်းဖြစ်ရပ်သို့ သွားရောက်ခဲ့ရာ ရေငံကျေးရွာနေ ဒေါ်သန်းသည် ထမင်းအိုးကျက်သဖြင့် နေအိမ်မီးဖိုအား မီးငြှိမ်း၍ ရွာထဲသို့ အလည်သွားစဉ် မီးကြွင်းမီးကျန်များမှတစ်ဆင့် နေအိမ်အား မီးကူးစက်လောင်ခဲ့သည်။ မီးလောင်မှုနှင့်ပတ်သက်၍ ဒေါ်သန်းကို နတ်မောက်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **လှဝင်း(နတ်မောက်)**

တိုက်ကြီးမြို့၌ မှုခင်းအသိပညာပေး ဆွေးနွေးဟောပြော

ရန်ကုန် မတ် ၁၅

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ရှမ်းစုရပ်ကွက် GE လမ်းရှိ အထည်ချုပ်စက်ရုံရှေ့၌ မတ် ၁၂ ရက်က ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှုခင်းပြခန်းယာဉ်ဖြင့် အထည်ချုပ်စက်ရုံဝန်ထမ်းများအား ယာဉ်ထိန်းတပ်ဖွဲ့စု၊ လူမှောင်ခို/ လူကုန်ကူးတပ်ဖွဲ့၊ မူးယစ်တပ်ဖွဲ့စုတို့နှင့်အတူ တိုက်ကြီးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းကို၊ မြို့မ ရဲစခန်းမှူး ဒုရဲမှူး ကျော်ခိုင်စိုးတို့က သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မှုခင်းကျဆင်းရေးတို့အတွက် မှုခင်းအသိပညာပေး ဆွေးနွေးဟောပြောခြင်းများနှင့် လက်ကမ်းစာစောင်များအား စက်ရုံဝန်ထမ်းများကို ဖြန့်ဝေပေးခဲ့ပြီး ဝန်ထမ်း ၃၀၀ ကျော် ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **မြန်မာ့အလင်း**

သထုံမြို့၌ ဥပဒေအသိပညာပေးဟောပြော

သထုံ မတ် ၁၅

မွန်ပြည်နယ် တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲ၏ လုပ်ငန်းတာဝန်ရှင်းလင်းပွဲနှင့် ဥပဒေအသိပညာပေးဟောပြောပွဲကို သထုံမြို့ ရွှေစာရံစေတီဝင်း သုဝဏ္ဏဘူမိ သာသနာ့ဗိမာန်၌ ယနေ့ နံနက် ၉ နာရီ ၄၅ မိနစ်က ကျင်းပရာ အဖွဲ့ဝင် မွန်ပြည်နယ်ဥပဒေအရာရှိ ဦးဌေးအောင်က လုပ်ငန်းတာဝန်များနှင့် ဥပဒေအသိပညာများ ဆွေးနွေးဖြေကြားရှင်းလင်းခဲ့ကြောင်း သိရသည်။ **နန္ဒကျော်စွာ**

ဆက်သွယ်စုံစမ်းနိုင်

သတင်းစာမှာယူခြင်း၊ ကိုယ်စားလှယ် လျှောက်ထားခြင်းနှင့် ကြော်ငြာထည့်သွင်းခြင်းကိစ္စများအတွက် သိရှိလိုပါက အောက်ပါ ဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာ့အလင်း- ၀၉၄၄၂၅၅၀၇၆၄

ကြေးမုံ - ၀၉၂၅၀၁၈၉၂၇၇

မြန်မာ့ရုပ်မြင်သံကြား

၁၆-၃-၂၀၁၉ (စနေနေ့)

နံနက်ပိုင်း

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆း၃၀ - "တောင်းဆုပြည့်လို့ကျော် လောကချမ်းသာ အဘယလာဘမုနိ ကျောက်တော်ကြီး ဘုရားငါးဆူမြောက်ထင်ပေါ်"
- ၈း၃၅ - ပြည်သူ့အတွက် ဥပဒေကားဝိုင်း "မေတ္တာဖြင့်ပေးကမ်းခြင်း Gift ပြုကြရာဝယ်"
- ၁၀း၄၅ - ကဗျာရိပ်မြုံ "စာဂုဏ်ကလေးနဲ့သားမောင်"
- ၁၁း၀၀ - NHK Programme "ဓာတုဗေဒကို လေ့လာခြင်း" (ထုံးရည်)
- ၁၃း၃၀ - ဟိုတုန်းက... ကက်ဆက်ဇာတ်လမ်းများ "ကျွန်တော်အဆိုတော်ဖိုးဇော်" ဟိန်းရှိုင်း၊ ဘလိတ်၊ ထက်နေချမ်း၊ စောယုနန္ဒာ ဒါရိုက်တာ-သီတာလင်း
- ၁၅း၃၀ - "ပကတိအတိုင်း"

ညပိုင်း

- ၁၆း၃၅ - "ဖိတ်ခေါ်ပါသည် ဆင်ပြတိုက်ဆီ"
- ၁၇း၂၀ - NHK Programme "ကျွမ်းကျင်ပညာရှင်" (ကျောက်ထရံတက်တဲ့ အရည်အချင်းတွေကို အသုံးပြုပြီး အဆောက်အအုံတွေ သန့်စင်ခြင်းအကြောင်း)
- ၁၈း၃၀ - Tasty Trip
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - ရာဇဝင်ထဲက သမိုင်းအနုပညာ "ရတနာပုံနန်းမြို့မတည်မီ ကတည်းက တည်ရှိခဲ့သော ဘုရားများ"
- - ဂီတသမား၊ ဂီတစကား "အောင်ခြင်းရှစ်ပါးရှင်းတမ်း" ဆွေးနွေးသူ- ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏ အရေးပေါ်ကြေညာချက်ကို အမေရိကန်အထက်လွှတ်တော် ပယ်ချ

မိန်းပြည်နယ် ရီပတ်ဘလစ်ကန်အမတ် ဆူဇန်ကောလင်းက သတင်းထောက်များ၏ မေးမြန်းမှုများကို ဖြေကြားနေစဉ်။

ဝါရှင်တန် မတ် ၁၅

အမေရိကန်တောင်ပိုင်း မက္ကဆီကိုနယ်စပ်တွင် နယ်စပ်တံတိုင်းကာရံရေး ရန်ပုံငွေရရန်လုပ်ဆောင်နေသည့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ နိုင်ငံတော်အရေးပေါ် ကြေညာချက်ကို အမေရိကန်အထက်လွှတ်တော်က မတ် ၁၄ ရက်က ထောက်ခံမဲ ၄၁ မဲ၊ ကန့်ကွက်မဲ ၅၉ မဲဖြင့် ပယ်ချလိုက်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ နိုင်ငံတော်အရေးပေါ် ကြေညာချက်ကို အောက်လွှတ်တော်က ယခင်သီတင်းပတ်ကတည်းက ကန့်ကွက်ခဲ့သည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အရေးပေါ်ကြေညာချက်ကို အထက်လွှတ်တော် ဒီမိုကရက်များနှင့်အတူ ရီပတ်ဘလစ်ကန်အထက်လွှတ်တော်အမတ် ၁၂ ဦးတို့ ပူးပေါင်းကန့်ကွက်ခဲ့ကြသည်။

ယခုဖြစ်စဉ်သည် ထူးခြားကြောင်းနှင့် နိုင်ငံတော်သမ္မတ၏ အရေးပေါ်ကြေညာချက်ကို အထက်လွှတ်တော်တွင် တရားဝင် ပထမဆုံးကန့်ကွက်ခဲ့ခြင်းဖြစ်ကြောင်း အထက်လွှတ်တော် လူနည်းစုအမတ်များခေါင်းဆောင် နယူးယောက်ပြည်နယ် ဒီမိုကရက်အမတ် ချက်ခ်စကူမာက ပြောသည်။

အမေရိကန်နှင့် မက္ကဆီကိုနယ်စပ်တစ်လျှောက် လုံခြုံရေး တိုးမြှင့်ရန် သမ္မတထရမ့်၏ လုပ်ဆောင်ချက်ကို မိန်းပြည်နယ် ရီပတ်ဘလစ်ကန်အမတ် ဆူဇန်ကောလင်းက ထောက်ခံကြောင်း ပြောခဲ့သော်လည်း သမ္မတက လွှတ်တော်ကို ကျော်လွန်ပြီး လုပ်ဆောင်ခြင်းကို မထောက်ခံကြောင်း ပြောသည်။

ထို့အပြင် သမ္မတထရမ့်၏လုပ်ဆောင်ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသည့် လွှတ်တော်၏လုပ်ပိုင်ခွင့်အာဏာဖြစ်သည့် ရန်ပုံငွေချထားပေးရေးဆိုင်ရာ ကိစ္စရပ်ကိုလည်း တိုက်ရိုက်ဆန့်ကျင်နေကြောင်း ၎င်းက ပြောကြားခဲ့သည်။

အေအက်ဖ်ပီ

အိန္ဒိယနိုင်ငံ စီးပွားရေးမြို့တော်ရှိ လူကူးတံတားတစ်စင်း ပြိုကျမှုဖြစ်ပွားရာ ခြောက်ဦးသေဆုံး

နယူးဒေလီ မတ် ၁၅

အိန္ဒိယနိုင်ငံ စီးပွားရေးမြို့တော် မွန်ဘိုင်းရှိ လူကူးတံတားတစ်စင်း ပြိုကျမှုဖြစ်ပွားခဲ့ရာ အမျိုးသမီးသုံးဦးအပါအဝင် လူခြောက်ဦး သေဆုံးခဲ့ကြောင်း ယမန်နေ့သတင်းများအရ သိရသည်။ အဆိုပါတံတားပြိုကျမှုကြောင့် လူ ၃၂ ဦး ဒဏ်ရာရရှိခဲ့သည်။

၁၉၈၀ ပြည့်နှစ်တွင် တည်ဆောက်ခဲ့သော ယင်းလူကူးတံတားသည် မတ် ၁၄ ရက် ည ၇ နာရီခွဲတွင် လူစည်ကားနေစဉ် ပြိုကျခဲ့ကြောင်းနှင့် အဆိုပါတံတားသည် အိန္ဒိယနိုင်ငံရှိ လူအရှုပ်ဆုံးဘူတာရုံများအနက် တစ်ခုဖြစ်သည့် ချာဟာထရာပါတီ ရှီဗာဂျီမဟာရာဂျ်ဘူတာရုံနှင့် ချိတ်ဆက်ထားသည်။

အဆိုပါတံတားကို ဘရီဟာမ်မွမ်ဘိုင်းမြူနီစီပယ်ကော်ပိုရေးရှင်း (ဘီအမ်စီ) မှ တည်ဆောက်ခြင်းဖြစ်ကြောင်း ရထားဝန်ကြီးဌာနက ပြောသည်။

တံတားပြိုကျမှုဖြစ်စဉ်ကြောင့် ဒဏ်ရာရရှိသူများကို ထောက်ပံ့မှုအားလုံး ဖြည့်ဆည်းပေးနေကြောင်းနှင့် မီးရထားဆရာဝန်နှင့် ဝန်ထမ်းများက ဘီအမ်စီနှင့် ပူးပေါင်းကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း ထုတ်ပြန်ချက်တွင် ပြောသည်။

အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီက သေဆုံးသွားသူများအတွက် ဝမ်းနည်းကြောင်း၊ ဒဏ်ရာရရှိသူများလည်း အမြန်ဆုံးသက်သာလာပါစေကြောင်းနှင့် မဟာရာ့ရှ်ထရာပြည်နယ်အစိုးရက ထိခိုက်နစ်နာသူများကို လိုအပ်သည့်အကူအညီအားလုံး ထောက်ပံ့နေကြောင်း ပြောသည်။

ဆင်ဟွာ

အမေရိကန်နှင့် တာလီဘန်တို့ ဆွေးနွေးပွဲကို အာဖဂန်အစိုးရ စိတ်ပျက်မှုများ ဖြစ်ပေါ်

ကဘူးလ် မတ် ၁၅

အာဖဂန်နစ္စတန်နှင့် အမေရိကန်တို့ကြား တအုံ့နွေးနွေးဖြစ်နေသော တင်းမာမှုများသည် ကြာသပတေးနေ့က ပွင့်ထွက်လာခဲ့ကြောင်း သိရသည်။ အမေရိကန်အစိုးရနှင့် တာလီဘန်တို့ကြား ဆွေးနွေးမှုများတွင် အာဖဂန်အစိုးရဘက်မှ ဘေးထွက်နေရသည့်အတွက် ထရမ့်အစိုးရကို အာဖဂန်အာဏာပိုင်များက ဝေဖန်ခဲ့သည်။

အမေရိကန်သည် အကြမ်းဖက်အုပ်စုကို တရားဝင်ဖြစ်အောင် ပြုလုပ်နေသည်ဟု အာဖဂန်ဘက်မှ စွပ်စွဲမှုများပြုလုပ်ခဲ့ပြီး အဆိုပါစွပ်စွဲမှုသည် အမေရိကန်နှင့် တာလီဘန်တို့ကြား ဒုတိယအကြိမ် ဆွေးနွေးမှုအပြီး တစ်စိတ်တစ်ပိုင်းသဘောတူညီမှုများ ထွက်ပေါ်လာပြီးနောက် ယခုလို ပေါ်ထွက်လာခြင်းဖြစ်သည်။

အာဖဂန်သမ္မတ၏ အမျိုးသားလုံခြုံရေးအကြံပေး ဟမ်ဒူလာမိုဟစ်က ထိုသို့မှတ်ချက်ပေး ပြောကြားခဲ့ခြင်းဖြစ်သည်။ ၎င်းက အာဖဂန်အစိုးရသည် အမှောင်ထဲတွင် ထိန်းသိမ်းခံထားရပြီး အမေရိကန်၏ချဉ်းကပ်မှုသည် ငြိမ်းချမ်းရေးကို ဦးမတည်နိုင်ကြောင်း ပြောကြားခဲ့သည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနကမူ အဆိုပါစွပ်စွဲချက်ကို ငြင်းပယ်ခဲ့သည်။ ဝါရှင်တန်ဘက်က တာလီဘန်များကို အပစ်အခတ်ရပ်စဲပြီး အာဖဂန်အစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိအားပေးလျက်ရှိသည်။

တာလီဘန်တို့ကမူ အာဖဂန်အစိုးရနှင့်ဆွေးနွေးရန် ငြင်းဆိုထားပြီး အာဖဂန်အစိုးရသည် အမေရိကန်၏ နောက်လိုက်ဟု သမုတ်ခဲ့သည်။ အမေရိကန်သမ္မတကမူ ၎င်းအနေဖြင့် အရှည်ကြာဆုံး စစ်ပွဲတစ်ခုကို အဆုံးသတ်လိုက်ချင်ပြီဖြစ်ကြောင်း၊ တပ်ဖွဲ့ဝင်များကိုလည်း အိမ်ပြန်စေချင်ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့ကြောင့်လည်း အမေရိကန်သည် တာလီဘန်များနှင့် ငြိမ်းချမ်းရေးရရန် တွန်းအားပေးလုပ်ဆောင်နေခြင်းဖြစ်ပြီး ပြုတ်ကျလုနီးနီးအခြေအနေနှင့် အာဖဂန်ကိုထားခဲ့ရန် လုပ်ဆောင်နေခြင်းဖြစ်သည်ဟု အာဖဂန်ဘက်က စွပ်စွဲခဲ့သည်။

ယခုသီတင်းပတ်အစောပိုင်းကလည်း အထူးကိုယ်စားလှယ်ဇိုင်မေခါလစ်ဇက်က အမေရိကန်နှင့် တာလီဘန်တို့သည် တပ်ဖွဲ့ဝင်များ ပြန်လည်ရုပ်သိမ်းရေး အကြမ်းဖက်တန်ပြန်တိုက်ခိုက်မှုအတွက် အာမခံချက်များနှင့်ပတ်သက်၍ အကြမ်းဖျင်းအားဖြင့် သဘောတူညီထားပြီးဖြစ်ကြောင်း ၎င်း၏တွစ်တာစာမျက်နှာပေါ်တွင် ရေးသားခဲ့သည်။

အင်န်အိတ်ချ်ကေ

နယူးဇီလန်နိုင်ငံ ခရစ်ချပ်ချ်မြို့ရှိ ဘာသာရေးကျောင်းနှစ်ခု၌ ပစ်ခတ်မှုဖြစ်ပွားရာ ၄၉ ဦးသေဆုံး

ဝယ်လင်တန် မတ် ၁၅

နယူးဇီလန်နိုင်ငံ ခရစ်ချပ်ချ်မြို့ရှိ မွတ်စလင် ဘာသာရေးကျောင်းနှစ်ခုတွင် သောကြာနေ့က ပစ်ခတ်မှု ဖြစ်ပွားခဲ့ရာ ၄၉ ဦး သေဆုံးခဲ့ကြောင်း၊ ဩစတြေးလျ အကြမ်းဖက် သေနတ်သမားတစ်ဦး၏ ပစ်ခတ်မှုကြောင့်ဖြစ်ကြောင်း သိရသည်။ ယခုတိုက်ခိုက်မှုသည် အဆိုးရွားဆုံး တိုက်ခိုက်မှုဖြစ်ကြောင်း လူများမှာ အနီးကပ် ပစ်သတ်ခံရခြင်းဖြစ်ကြောင်း၊ သေဆုံးသူများထဲတွင် အမျိုး သမီးနှင့် ကလေးများလည်းပါဝင်သည်ဟု ယူဆရကြောင်း မျက်မြင်သက်သေတစ်ဦး က ပြောသည်။

"ယခုတိုက်ခိုက်မှုဟာ အကြမ်းဖက်တိုက်ခိုက်မှုဆိုတာ ထင်ရှားပါတယ်"လို့ နယူးဇီလန်ဝန်ကြီးချုပ် ဂျက်ဆင်ဒါအာဒန်က ပြောသည်။

"ဒီနေ့ဟာ နယူးဇီလန်အတွက် အမှောင်ဆုံးနေ့ရက်ပါ။ ကျွန်ုပ်တို့ သိရသလောက် ယခုကိစ္စဟာ သေချာ စီစဉ်ပြီးမှ ဖြစ်လာတာပဲဖြစ်ပါတယ်။ ဒဏ်ရာရရှိသူလည်း အယောက် ၂၀ လောက်ရှိပါတယ်"ဟု ၎င်းက ဆက်ပြောသည်။

ဘာသာရေးကျောင်း တစ်ခုကို ဝင်ရောက်တိုက်ခိုက်သော သေနတ်သမားမှာ ဩစတြေးလျဖွား နိုင်ငံသား တစ်ဦးဖြစ်သည်ဟု ဩစတြေးလျ ဝန်ကြီးချုပ် စကော်မော်ရစ်ဆင်က ပြောကြားခဲ့ပြီး ယင်းသေနတ်သမားမှာ လက်ယာယိမ်း အစွန်းရောက် အကြမ်းဖက်သမား ဖြစ်သည်ဟု ပြောကြားခဲ့သည်။ ယခုအချိန်တွင် ပစ်ခတ်မှု၌ တိုက်ခိုက်သူမည်မျှ ပါဝင်သည်ကို မသိရသေးပေ။ ဘာသာရေးကျောင်းအတွင်းရှိ ပါလက်စတိုင်းအမျိုးသားတစ်ဦးက လူတစ်ဦးမှာ ခေါင်းကို ပစ်သတ်ခံရကြောင်း မျက်မြင်ကိုယ်တွေ့ တွေ့ခဲ့ရသည်ဟု ပြောသည်။

"လူတွေကပြေးလွှားနေကြပြီး အချို့ကတော့ သွေးသံတရဲရဲနဲ့ဖြစ်နေတယ်"ဟု ပြောသည်။

အခင်းဖြစ်ပွားရာ အနီးတစ်ဝိုက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ လှုပ်ရှားနေကြသည်ကို တွေ့ရစဉ်။

နယူးဇီလန်ရဲများက ယခုပစ်ခတ်မှုကို အဆိုးရွားဆုံးအကြမ်းဖက်မှုဟု ဖော်ပြကြပြီး အင်တာနက်အသုံးပြုသူများအား အဆိုပါလှုပ်ရှားမှုများကို ဖြန့်ဝေခြင်းများ မပြုလုပ်ကြရန် တောင်းဆိုခဲ့သည်။ အစောပိုင်းကာလတွင် ပစ်ခတ်သူများထဲမှ လေးဦးကို ရဲများက ဖမ်းဆီးခဲ့ပြီး နောက်ပိုင်းတွင် ၎င်းတို့ထဲမှ တစ်ဦးမှာ အဆိုပါပစ်ခတ်မှုနှင့် မသက်ဆိုင်ကြောင်း ဝန်ကြီးချုပ်က ပြောသည်။ ဗလီထဲတွင် လူပေါင်း ၁၀၀နီးပါး ရှိနေခဲ့ပြီး ဝတ်ပြုရန် စုဝေးခဲ့ကြခြင်းဖြစ်သည်။

အေအက်ဖ်ပီ

သီတင်းလေးပတ်အတွင်း တရုတ်နှင့်ကုန်သွယ်ရေးစစ်ပွဲ ဆုံးဖြတ်ချက်ချနိုင်ရန် ထရမ့် မျှော်လင့်

ဝါရှင်တန် မတ် ၁၅

တရုတ်နိုင်ငံနှင့် ဆွေးနွေးလျက်ရှိသည့် ကုန်သွယ်ရေးစစ်ပွဲကို လာမည့်သီတင်းလေးပတ်အတွင်း အဆုံးသတ်သင့်ကြောင်း အမေရိကန်သမ္မတထရမ့်က ကြာသပတေးနေ့တွင်ပြောသည်။

ထိပ်တန်း စေ့စပ်ညှိနှိုင်းသူများနှင့် တယ်လီဖုန်းမှတစ်ဆင့် ပြောကြားပြီးနောက် သဘောတူညီမှုနှင့် ပတ်သက်ပြီး အကောင်းမြင်မှုများလည်း ရှိနေကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ တရုတ်နိုင်ငံနှင့်ဆွေးနွေးမှုကို အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်လျက်ရှိကြောင်း ၎င်းက သတင်းထောက်များကို ပြောသည်။

အိမ်ဖြူတော်၌ စိန့်ပက်ထရစ်နေ့ အခမ်းအနားကျင်းပစဉ် အိုင်းရစ်ဝန်ကြီးချုပ် လီယိုဗာရတ်ကာနှင့် တွေ့ဆုံစဉ် တရုတ်နိုင်ငံနှင့် ကုန်သွယ်ရေးသဘောတူညီမှုမှာ မကြာခင်ရရှိတော့မည်ဟု ထရမ့်က ခန့်မှန်းပြောကြားခဲ့သည်။

ကြာသပတေးနေ့ က အမေရိကန်နှင့် တရုတ် နှစ်နိုင်ငံစလုံးမှ ကုန်သွယ်ရေး ညှိနှိုင်းသူများသည် တယ်လီဖုန်းနှင့် ဆွေးနွေးခဲ့ကြသည်ဟု ဆင်ဟွာသတင်းအေဂျင်စီတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံဘက်မှ ဒုတိယဝန်ကြီးချုပ် လျူဟီက အမေရိကန်ဘက်မှ ကုန်သွယ်ရေးကိုယ်စားလှယ် ရောဘတ်လိုက်သင်ဇာ၊ ဘဏ္ဍာရေးဝန်ကြီး စတီဗင်မန်ချင်တို့နှင့် သုံးကြိမ်တိုင်တိုင် ဖုန်းခေါ်ဆိုဆွေးနွေးခဲ့ပြီး အရေးကြီးသည့် တိုးတက်မှုများရှိလာကြောင်း ဆင်ဟွာတွင် ဖော်ပြထားသည်။

ကမ္ဘာ့စီးပွားရေးအင်အားကြီးနှစ်နိုင်ငံဖြစ်ကြသည့် တရုတ်နှင့် အမေရိကန်တို့သည် ကုန်သွယ်ရေးစစ်ပွဲအတွင်း အငြင်းပွားမှုများနှင့် အပြန်အလှန်ပိတ်မိနေကြသည်။ သမ္မတထရမ့်က ကုန်သွယ်ရေးသဘောတူညီချက်အတွက် အလျင်မလိုကြောင်း သို့သော်အခြေအနေကောင်းများရှိနေပြီး ဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့က ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ ၂၀၁၇ ခုနှစ်က ပေကျင်းမြို့၌ တွေ့ဆုံခဲ့ကြစဉ်။

လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေပြဋ္ဌာန်း

လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေ
(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၈ ။)
၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၁၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်၊စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ခ) **အလုပ်သမား**ဆိုသည်မှာ ဤဥပဒေနှင့် သက်ဆိုင်သော လုပ်ငန်းခွင် တစ်ခုခုတွင် ကာယအား၊ ဉာဏအားကို အသုံးပြုပြီး လုပ်ကိုင်သူကို ဆိုသည်။

(ဂ) **အလုပ်ရှင်** ဆိုသည်မှာ ဤဥပဒေနှင့် သက်ဆိုင်သော လုပ်ငန်းနှင့် ယင်းလုပ်ငန်း၏ လုပ်ငန်းခွင်တစ်ခုခုတွင် အလုပ်လုပ်ကိုင်သည့် အလုပ်သမားများအတွက် ခွင့်ပြုထားသောခံစားခွင့်နှင့် အလုပ်ရှင်အတွက် သတ်မှတ်ထားသော တာဝန်များကို ဆောင်ရွက်ပေးရန် တာဝန်ရှိသူကိုဆိုသည်။ ယင်းစကားရပ်တွင် လုပ်ငန်းတည်ထောင်သူ၊ ပင်မကန်ထရိုက်တာနှင့် တစ်ဆင့်ခံကန်ထရိုက်တာ၊ ကိုယ်တိုင်လုပ်ကိုင်သူ၊ အလုပ်ရှင်၏တရားဝင် စီမံခန့်ခွဲမှုဆိုင်ရာ ကိုယ်စားလှယ်၊ အလုပ်ရှင်ကိုယ်စား အလုပ်သမားအား စီမံအုပ်ချုပ်ရန်တာဝန်ရှိသူ၊ အလုပ်ရှင်၏ အမွေဆက်ခံသူ၊ အစုရှယ်ယာတရားဝင်လက်ခံရရှိသူ၊ ကုမ္ပဏီ၊ ကော်ပိုရေးရှင်း၊ ဖက်စပ်လုပ်ငန်းတစ်ခုခုဖြစ်ပါက ဤဥပဒေပါ အလုပ်ရှင်တာဝန်များကို ဆောင်ရွက်ပေးရန် မှတ်ပုံတင်အမည်စာရင်းတင်သွင်းသူတို့လည်း ပါဝင်သည်။

(ဃ) **လုပ်ငန်းခွင်** ဆိုသည်မှာ အခန်း(၃)ပါ လုပ်ငန်းတစ်ခုခု၏ မည်သည့်လုပ်ငန်းစဉ်ကိုမဆို လုပ်ကိုင်ဆောင်ရွက်သည့်နေရာကို ဆိုသည်။

(င) **လုပ်ငန်းခွင်ထိခိုက်မှု** ဆိုသည်မှာ လုပ်ငန်းကြောင့်ဖြစ်စေ၊ လုပ်ငန်းဆောင်ရွက်နေစဉ်ဖြစ်စေ ပေါ်ပေါက်သည့် ထိခိုက်ဒဏ်ရာရရှိစေမှု သို့မဟုတ် သေဆုံးမှုကို ဆိုသည်။

(စ) **ကောင်စီ** ဆိုသည်မှာ ဤဥပဒေအရ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကောင်စီကို ဆိုသည်။

(ဆ) **လုပ်ငန်းခွင်ဆိုင်ရာရောဂါ** ဆိုသည်မှာ လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အန္တရာယ်ရှိသည့်အခြေအနေများနှင့်ထိတွေ့ခြင်း (exposure) ကြောင့် စွဲကပ်သည့်ရောဂါအဖြစ် ကောင်စီကကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်သည့် ရောဂါတစ်မျိုးမျိုးကို ဆိုသည်။

(ဇ) **လုပ်ငန်းခွင်အဆိပ်သင့်မှု** ဆိုသည်မှာ လုပ်ငန်းခွင်အတွင်းရှိနေစဉ် သို့မဟုတ် လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အန္တရာယ်ရှိသည့် အခြေအနေများနှင့် ထိတွေ့ခြင်းကြောင့် ဖြစ်ပွားသည့်အဆိပ်သင့်မှုအဖြစ် ကောင်စီက အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်သည့် အဆိပ်သင့်မှုတစ်မျိုးမျိုးကိုဆိုသည်။

(ဈ) **ဘေးအန္တရာယ်ရှိသောဖြစ်ရပ်** ဆိုသည်မှာ လုပ်ငန်းခွင်အတွင်း ရှိနေသူများကို ဖြစ်စေ၊ အများပြည်သူကိုဖြစ်စေ ထိခိုက်ဒဏ်ရာရရှိစေခြင်းသော်လည်းကောင်း၊ ရောဂါရရှိစေခြင်းသော်လည်းကောင်း ဖြစ်တန်ရာရှိသည်ဟု ကောင်စီကအမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့် ဖြစ်ရပ်တစ်မျိုးမျိုးကို ဆိုသည်။

(ည) **ဘေးအန္တရာယ်ရှိသောပစ္စည်း**ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ဘေးအန္တရာယ်ရှိသော ပစ္စည်းအဖြစ် အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့် ပစ္စည်းတစ်မျိုးမျိုးကိုဆိုသည်။

(ဋ) **ဘေးအန္တရာယ်ရှိသောစက်ကိရိယာ**ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ဘေးအန္တရာယ်ရှိသော စက်ကိရိယာအဖြစ် အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့် စက်ကိရိယာတစ်မျိုးမျိုးကို ဆိုသည်။

(ဌ) **ဘေးအန္တရာယ်ရှိသောအလုပ်နှင့် လုပ်ငန်းခွင်**ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ဘေးအန္တရာယ်ရှိသော အလုပ်နှင့် လုပ်ငန်းခွင်အဖြစ် အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့် အလုပ်နှင့် လုပ်ငန်းခွင် တစ်မျိုးမျိုးကို ဆိုသည်။

(ဍ) **ကြီးမားပြင်းထန်သော လုပ်ငန်းခွင်ထိခိုက်မှု** ဆိုသည်မှာ လုပ်ငန်းစဉ်ကြောင့် ဖြစ်စေ၊ ဘေးအန္တရာယ်ရှိသောပစ္စည်းနှင့် ဘေးအန္တရာယ်ရှိသော စက်ကိရိယာများကြောင့်ဖြစ်စေ လုပ်ငန်းခွင်အတွင်း ရှိနေသူများ၊ လုပ်ငန်းခွင်ပြင်ပရှိနေသူများနှင့် ပတ်ဝန်းကျင်တို့ကို ချက်ချင်း သို့မဟုတ် အချိန်ကာလတစ်ခုအတွင်း ဆိုးရွားပြင်းထန်သော အန္တရာယ်ဖြစ်ပေါ်စေနိုင်သည့် ပေါက်ကွဲမှု၊ လွှင့်စဉ်မှု၊ ယိုစိမ့်မှု၊ မီးလောင်မှု၊ ပြိုကျမှု စသည့်ဖြစ်ရပ်တစ်ခုခုကို ဆိုသည်။

(ဎ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကို ဆိုသည်။

(ဏ) **ဦးစီးဌာန**ဆိုသည်မှာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာနကို ဆိုသည်။

(တ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကိုဆိုသည်။

(ထ) **စစ်ဆေးရေးအရာရှိချုပ်**ဆိုသည်မှာ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဒ) **စစ်ဆေးရေးအရာရှိ** ဆိုသည်မှာ ဦးစီးဌာနမှ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ စစ်ဆေးရေးအရာရှိကို ဆိုသည်။

(ဓ) **လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ တာဝန်ခံ** ဆိုသည်မှာ လုပ်ငန်းခွင်အလိုက် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် အလုပ်ရှင်က ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ မန်နေဂျာ သို့မဟုတ် အရာရှိ သို့မဟုတ် ကြီးကြပ်ရေးမှူး သို့မဟုတ် ညှိနှိုင်းရေးမှူးတစ်ဦးဦးကို ဆိုသည်။

(န) **လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကော်မတီ** ဆိုသည်မှာ လုပ်ငန်းခွင်အလိုက် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် အလုပ်ရှင်က ဤဥပဒေအရ ဖွဲ့စည်းသည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကော်မတီကို ဆိုသည်။

(ပ) **မှတ်ပုံတင်ဆရာဝန်** ဆိုသည်မှာ မြန်မာနိုင်ငံ ဆေးကောင်စီ သို့မဟုတ် မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီက ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်ရရှိထားသူ တစ်ဦးဦးကိုဆိုသည်။

(ဖ) **အသိအမှတ်ပြုဆရာဝန်** ဆိုသည်မှာ လုပ်ငန်းခွင်ကျန်းမာရေးဆိုင်ရာ လက်မှတ်ရရှိပြီး ဝန်ကြီးဌာနက အသိအမှတ်ပြုထားသည့် မှတ်ပုံတင် ဆရာဝန်တစ်ဦးဦးကို ဆိုသည်။

(ဗ) **စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ** ဆိုသည်မှာ ဘေးအန္တရာယ်ရှိသော စက်ကိရိယာများနှင့် စပ်လျဉ်း၍ စမ်းသပ်စစ်ဆေးပြီး ဘေးအန္တရာယ် ကင်းရှင်းကြောင်း လက်မှတ်ထုတ်ပေးရန် စမ်းသပ်စစ်ဆေးပိုင်ခွင့် ရှိသူအဖြစ် သတ်မှတ်ချက်များနှင့်အညီ ညွှန်ကြားရေးမှူးချုပ်က အသိအမှတ်ပြုလက်မှတ် ထုတ်ပေးထားသူကိုဆိုသည်။

(ဘ) **သင်တန်းပေးသူ** ဆိုသည်မှာ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဘာသာရပ်များကို သင်ကြားပို့ချရန် ညွှန်ကြားရေးမှူးချုပ်က စိစစ်ပြီး အသိအမှတ်ပြုလက်မှတ် ထုတ်ပေးထားသူကို ဆိုသည်။

(မ) **သင်တန်းကျောင်းတည်ထောင်သူ** ဆိုသည်မှာ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာသင်တန်းများ ဖွင့်လှစ်သင်ကြားရန် ငွေကြေး၊ မြေနေရာ၊ အဆောက်အဦ၊ပစ္စည်း၊ ပရိဘောဂ စသည့် အရင်းအနှီးစိုက်ထုတ်ထားသောသူကို ဆိုသည်။

(ယ) **သင်တန်းကျောင်း** ဆိုသည်မှာ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ သင်တန်းများ ဖွင့်လှစ်သင်ကြားရန် ညွှန်ကြားရေးမှူးချုပ်က သင်တန်းကျောင်းအဖြစ် မှတ်ပုံတင်လက်မှတ် ထုတ်ပေးထားသည့်ကျောင်းကို ဆိုသည်။

(ရ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် သင်တန်းကျောင်းကို ညွှန်ကြားရေးမှူးချုပ်က အသိအမှတ်ပြု ထုတ်ပေးသည့်လက်မှတ်ကို ဆိုသည်။

(လ) **အသိအမှတ်ပြုလက်မှတ်** ဆိုသည်မှာ ဤဥပဒေပါ စမ်းသပ်စစ်ဆေးပိုင်ခွင့် ရှိသူနှင့် သင်တန်းပေးသူအဖြစ်ဆောင်ရွက်ရန် သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူအား ညွှန်ကြားရေးမှူးချုပ်က ထုတ်ပေးသည့် လက်မှတ်ကိုဆိုသည်။

(ဝ) **ထုတ်လုပ်သူ** ဆိုသည်မှာ ဤဥပဒေနှင့် သက်ဆိုင်သည့် လုပ်ငန်းသို့မဟုတ် လုပ်ငန်းခွင်တစ်ခုခု၌ အသုံးပြုမည့် ဘေးအန္တရာယ်ရှိသော ပစ္စည်းကို ဖြစ်စေ၊ ဘေးအန္တရာယ်ရှိသော စက်ကိရိယာကိုဖြစ်စေ ထုတ်လုပ်သူကို ဆိုသည်။

(သ) **တင်သွင်းရောင်းချသူ**ဆိုသည်မှာ ဤဥပဒေနှင့် သက်ဆိုင်သည့် လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွင်တစ်ခုခု၌ အသုံးပြုမည့် ဘေးအန္တရာယ်ရှိသော ပစ္စည်းကိုဖြစ်စေ၊ ဘေးအန္တရာယ်ရှိသော စက်ကိရိယာကိုဖြစ်စေ ပြည်ပမှ တိုက်ရိုက်တင်သွင်းခြင်း သို့မဟုတ် ရောင်းချခြင်းပြုသူကို ဆိုသည်။

(ဟ) **တပ်ဆင်သူ သို့မဟုတ် ဖြုတ်သိမ်းသူ** ဆိုသည်မှာ ဤဥပဒေနှင့် သက်ဆိုင်သည့် လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွင်တစ်ခုခု၌ အသုံးပြုမည့် ဘေးအန္တရာယ်ရှိသော စက်ကိရိယာတစ်မျိုးမျိုးကို တပ်ဆင်ခြင်း သို့မဟုတ် ဖြုတ်သိမ်းခြင်းပြုသူကိုဆိုသည်။

(ဠ) **တည်ဆောက်သူ သို့မဟုတ် ဖြိုဖျက်သူ** ဆိုသည်မှာ ဤဥပဒေနှင့် သက်ဆိုင်သည့် လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွင်တစ်ခုခုရှိ အလုပ်ရုံ အဆောက်အဦတစ်ခုခုကို တည်ဆောက်ခြင်း သို့မဟုတ် ဖြိုဖျက်ခြင်း ပြုသူကိုဆိုသည်။

(အ) **လုပ်ငန်းစဉ်** ဆိုသည်မှာ ဤဥပဒေနှင့် အကျုံးဝင်သော လုပ်ငန်းခွင် တစ်ခုခု၌ လုပ်ကိုင်သည့် မည်သည့်လုပ်ငန်းစဉ်ကိုမဆို ဆိုသည်။

အခန်း (၂)

ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လုပ်ငန်းကဏ္ဍအသီးသီး၌ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်၊

(ခ) လုပ်ငန်းခွင်ထိခိုက်မှု၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါခံစားရမှုများ လျော့နည်း ပပျောက်စေရန် အလုပ်ရှင်နှင့် အလုပ်သမားအပါအဝင် ဤဥပဒေပါ သက်ဆိုင်သူများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရန်၊

(ဂ) လုပ်ငန်းခွင်ဘေးအန္တရာယ်များ၊ လုပ်ငန်းခွင်ဆိုင်ရာရောဂါများအပေါ် အလုပ်ရှင်၊ အလုပ်သမားများနှင့် ဤဥပဒေပါ သက်ဆိုင်သူများက ကြိုတင်တားဆီးကာကွယ်မှုပြုနိုင်ရန်၊

(ဃ) လုပ်ငန်းခွင်ထိခိုက်မှုများ၊ လုပ်ငန်းခွင်ဆိုင်ရာရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ခြင်းဖြင့် အလုပ်သမားများ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းပြီး ကျန်းမာစွာလုပ်ကိုင်နိုင်စေရန်နှင့် ကုန်ထုတ်စွမ်းအား တိုးတက်လာစေရန်၊

(င) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ စံချိန်စံညွှန်းများအား နိုင်ငံတကာနှင့် ဒေသဆိုင်ရာစံနှုန်းများနှင့်အညီ မိမိနိုင်ငံအခြေအနေနှင့် သင့်လျော်သော စံချိန်စံညွှန်းသတ်မှတ်ပြီး ဘေးအန္တရာယ်ကင်းရှင်း၍ ကျန်းမာရေးနှင့် ညီညွတ်သော လုပ်ငန်းခွင် ဖန်တီးပေးရန်၊

(စ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနလုပ်ငန်းများကို ထောက်ပံ့ကူညီပေးရန်။

အခန်း (၃)

အကျုံးဝင်သက်ဆိုင်သည့်လုပ်ငန်းများ သတ်မှတ်ခြင်းနှင့် ပယ်ဖျက်ခြင်း

၄။ ဤဥပဒေသည်အောက်ဖော်ပြပါ အစိုးရဌာန၊ အဖွဲ့အစည်း၊ သမဝါယမ၊ ပုဂ္ဂလိက၊ ဖက်စပ်လုပ်ငန်းများရှိ နိုင်ငံသား၊ နိုင်ငံခြားသားပိုင်ဆိုင်သည့် လုပ်ငန်းများနှင့် သက်ဆိုင်စေရမည် -

(က) ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေနှင့် အကျုံးဝင်သက်ဆိုင်သည့် စက်ရုံ၊ အလုပ်ရုံနှင့် သိုလှောင်ရုံများ၊

(ခ) ၂၀၁၆ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေနှင့် အကျုံးဝင်သက်ဆိုင်သည့် လုပ်ငန်းများ၊

(ဂ) ကုန်ထုတ်လုပ်ငန်း၊

(ဃ) စက်မှုလက်မှုလုပ်ငန်း၊

(င) ဆောက်လုပ်ရေးလုပ်ငန်း၊

(စ) အင်ဂျင်နီယာလုပ်ငန်းများ၊

(ဆ) သတ္တုတူးဖော်ရေးလုပ်ငန်းနှင့် ထပ်ဆင့်ပြုပြင်ခြင်းလုပ်ငန်း၊ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ရေးနှင့် ထပ်ဆင့်ပြုပြင်ခြင်း လုပ်ငန်းများ၊

(ဇ) ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊

(ဈ) ဆိပ်ကမ်းလုပ်ငန်း၊

(ည) စိုက်ပျိုးရေးလုပ်ငန်း၊

(ဋ) မွေးမြူရေးလုပ်ငန်း၊

(ဌ) ပင်လယ်ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်း၊

(ဍ) ပညာရေးဝန်ဆောင်မှုလုပ်ငန်း၊

(ပ) ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊

(ဏ) ဆက်သွယ်ရေးလုပ်ငန်း၊

(တ) သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊

(ထ) ဟိုတယ်နှင့် ခရီးသွားလာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း၊

(ဒ) ဝန်ကြီးဌာနက သက်ဆိုင်ရာဝန်ကြီးဌာန၊ ကော်မတီ၊ အဖွဲ့တို့နှင့် ညှိနှိုင်း၍ အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ဤဥပဒေနှင့် သက်ဆိုင်သည့် လုပ်ငန်းများအဖြစ် အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့် လုပ်ငန်းများ။

၅။ ဝန်ကြီးဌာနသည် ပုဒ်မ၄ပါ အကျုံးဝင်သည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန၊ ကော်မတီ၊အဖွဲ့တို့နှင့် ညှိနှိုင်း၍ အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့်-

(က) စစ်ဆေးကြီးကြပ်ရမည့် နယ်မြေဒေသ၊ လုပ်ငန်းအမျိုးအစားနှင့် အရွယ်အစားတို့ကို အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေညာရမည်။

(ခ) ပြင်ဆင်သတ်မှတ်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ဆက်လက်ဖော်ပြပါမည်)

ရေဝတီတိုင်းဒေသကြီးအတွင်း တောဆင်ရိုင်းသတ်ဖြတ်ခံရမှု ထက်ဝက်ကျော်ကျဆင်း

ပုသိမ် မတ် ၁၅

ရေဝတီတိုင်းဒေသကြီးအတွင်း၌ တောဆင်းရိုင်းသတ်ဖြတ်မှုသည် ၂၀၁၈ ခုနှစ်အတွင်း၌ ထက်ဝက်ကျော် ကျဆင်းသွားကြောင်း ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က တောဆင်ရိုင်းများ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်သူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ပုသိမ်မြို့ အစိုးရအဖွဲ့ရုံး ရေဗွေ့ဝါခန်းမတွင် မတ် ၁၅ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည့် အခမ်းအနားတွင် အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ယခု ရေဝတီတိုင်းဒေသကြီးအတွင်း တောဆင်ရိုင်းသတ်ဖြတ်ခံရမှုကို ကြည့်မည်ဆိုလျှင် ၂၀၁၇ ခုနှစ်အတွင်း တောဆင်ရိုင်းသတ်ဖြတ်ခံရမှု ၁၇ ကောင်ရှိခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် သတ်ဖြတ်ခံရမှု ခုနစ်ကောင်သာ ရှိခဲ့သည့်အတွက် ယင်းအခြေအနေကို ကြည့်ခြင်းအားဖြင့် တောဆင်ရိုင်း သတ်ဖြတ်ခံရမှုသည် ရာခိုင်နှုန်းထက်ဝက်ကျော် ကျဆင်းသွားတာကိုတွေ့ရှိရကြောင်း၊ ကျဆင်းသွားရခြင်းသည် သစ်တောဦးစီးဌာန မြန်မာ့သစ်လုပ်ငန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့၊ အရပ်ဘက်အဖွဲ့အစည်း ပြည်သူများ ပူးပေါင်းထိန်းသိမ်းမှုကြောင့် ကျဆင်းသွားရခြင်းဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

ဂုဏ်ပြုပွဲတွင် ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပေးပြီး တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေး မိတ်ဆွေများအသင်း အမှုဆောင်ဒါရိုက်တာ ဦးမြင့်အောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပေးခဲ့ပြီး တောဆင်ရိုင်းများ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်း များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် သစ်တောဦးစီးဌာန၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ စုစုပေါင်း ၄၈ ဦးတို့ကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ လွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက ပေးအပ်ရာ ကိုယ်စားလှယ်များက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

မင်းထွန်းဇော်

တာချီလိတ်၌ မီးခိုးနှင့်ပြာမှုန့်များ ဝင်ရောက်နေ၍ မီးသတ်တပ်ဖွဲ့က မီးသတ်ယာဉ်များဖြင့် ရေဖျန်းပေးစဉ်။

တာချီလိတ်မြို့၌ မီးခိုးများ ဖုံးလွှမ်းဝင်ရောက်မှုလျော့နည်းရေး ရေမှုန်များ ပက်ဖျန်း

တာချီလိတ် မတ် ၁၅

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့တွင် မီးခိုးနှင့်ပြာမှုန့်များ ဝင်ရောက်ဖုံးလွှမ်းနေ၍ ပြည်သူများ၏ ကျန်းမာရေးထိခိုက်မှုလျော့နည်းစေရေး ခရိုင်စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့် မီးသတ်တပ်ဖွဲ့က မီးသတ်ယာဉ်များဖြင့် ယမန်နေ့က မြန်မာ-ထိုင်းချစ်ကြည်ရေး တံတားအမှတ် (၁) အနီးမှ စတင်ပြီး ရေမှုန်များ ပက်ဖျန်းပေးလျက်ရှိသည်။

အလားတူ လေထုအရည်အသွေး လျော့နည်းလာမှုကြောင့် ပြည်သူများ ကျန်းမာရေး ကြိုတင်ကာကွယ်သည့် အနေဖြင့် မျက်နှာဖုံး ၅၀၀၀ ကို ဖြန့်ဝေပေးသည့်အပြင် ရေမှုန်များ ဖျန်းပက်ခြင်းကို တစ်နေ့လျှင် သုံးကြိမ်ခန့် လုပ်ဆောင်သွားမည်ဖြစ်ပြီး နောက်ရက်များတွင် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ မျက်နှာဖုံးစွပ်ဝေခြင်း၊ ရေမှုန်ဖျန်းပေးခြင်းနှင့် မြို့တွင်း၌ မော်တော်ယာဉ်များဖြင့် လှည့်လည်၍ ကျန်းမာရေးအသိပညာပေးခြင်းများကို ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် လူမှုအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မီးခိုးနှင့်ပြာမှုန့်များ ဝင်ရောက်ဖုံးလွှမ်းမှုကြောင့် တာချီလိတ်မြို့နှင့်နီးစပ်သည့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့တွင် ယင်းနေ့က လေထုညစ်ညမ်းမှုအညွှန်းကိန်း ၂၉၆ အထိ ရောက်ရှိနေသည့်အတွက် ရေမှုန်ဖျန်းခြင်း၊ မျက်နှာဖုံးစွပ်များ ပေးဝေခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြိုးလေး(မြန်/ဆက်)

ဝမ်းတွင်းရေလွှဲဆည်မှ တံတားပြွန်မြောင်းတိမ်ကောနေခြင်းကို ပြုပြင်နိုင်ရန် စီစဉ်ဆောင်ရွက်နေ

ဝမ်းတွင်း မတ် ၁၅

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ဝမ်းတွင်းရေလွှဲဆည်မှာ နှစ်ပေါင်း ၇၀ ခန့်ရှိပြီး ဒေသခံတောင်သူများအား ရေပေးမြောင်း လေးမြောင်းဖြင့် ရေပေးဝေလျက်ရှိသည်။ အဆိုပါ မြောင်းလေးခုအနက် မြောက်ဘက်ဆုံးရှိ တံတားပြွန်မြောင်းမှာ ယခုအခါ တိမ်ကောလျက်ရှိရာ ဒေသခံစပါးစိုက်တောင်သူများ၏ လိုအပ်ချက်နှင့် တောင်းဆိုချက်အရ အမြန်ဆုံးပြုပြင်ပေးနိုင်ရန် ဝမ်းတွင်းမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဝမ်းတွင်းမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယဦးစီးမှူး အင်ဂျင်နီယာ ဦးမြတ်စိုးကျော်က "ဒီဆည်ဟာ ရေလှောင်ပေးတဲ့ဆည်မဟုတ်ပါဘူး။ မိုးရာသီမှာ လိမ်ပင်ချောင်းရေလာချိန်မှာ ရေကို ရေတံခါးနဲ့ ပင့်တင်ပေးတဲ့ ရေလွှဲဆည်အမျိုးအစားဖြစ်ပါတယ်။ လက်ရှိ ရေသောက်ဧရိယာက ၃၅၄၉ ဧကရှိပါတယ်။ ကျွန်တော်တို့ အဓိကအခက်အခဲက ရေပေးဝေရေး မြောင်းပေါင်တွေပေါ်မှာ တရားမဝင်နေထိုင်မှုတွေကိုလည်း မကြာခဏ ဖယ်ရှားရှင်းလင်းနေရတယ်။ ခာတုဆိုးဆေးနဲ့ အမှိုက်တွေ စွန့်ပစ်နေတာတွေကိုလည်း ရှင်းလင်းနေရပါတယ်။ ဒီလိုစည်းကမ်းမဲ့ အမှိုက်စွန့်ပစ်နေတာကလည်း မြောင်းတွေကောစေတဲ့အချက်တွေထဲက တစ်ခုပါပဲ။ ဒီမြောင်းကောနေလို့ တောင်သူတွေရဲ့အခက်အခဲအတွက် တောင်းဆိုမှုတွေကို ဖြေရှင်းဖို့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ဖြည့်စွက်ရန်ပုံငွေမှာ အမြန်ဆုံးထည့်သွင်းတောင်းခံဖို့ စီစဉ်ထားပါတယ်"ဟု ပြောသည်။

ဝမ်းတွင်းဆည် ရေပေးမြောင်းတစ်ခုတွင် ရေများဖြန့်ဝေပေးနေစဉ်။

အဆိုပါ ရေပေးမြောင်း တိမ်ကောနေခဲ့သည်မှာ နှစ်ကာလကြာမြင့်ပြီဖြစ်၍ ထိုမြောင်းမှ ရေယူကြရသည့် ဒေသခံတောင်သူများ ရေမရသဖြင့် အခက်အခဲများ ကြုံတွေ့နေရသည်မှာလည်း ကြာပြီဖြစ်ရာ အဆိုပါမြောင်းကို အမြန်ဆုံးပြုပြင်ပေးရန် တောင်သူများက မျှော်လင့်လျက်ရှိသည်။

ဘိုဘို(မလှိုင်)

ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၅-၃-၂၀၁၉

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၆၂၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၉၉၅၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၆၂၀၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၉၉၅၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)	လက်လီဈေး(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၉၀၀/၉၆၅ ကျပ်	၉၆၅/၉၈၀ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၉၁၀/၉၇၅ ကျပ်	၉၈၀/၉၉၅ ကျပ်
အောက်တိန်း ၉၂	၇၀၀/၇၈၅ ကျပ်	၈၁၅/၈၄၀ ကျပ်
အောက်တိန်း ၉၅	၈၀၀/၉၅၀ ကျပ်	၈၉၀/၉၃၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၁၅၃၂ . ၁
ဥရောပ	တစ်ယူရို	ကျပ် ၁၇၃၅ . ၀
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၁၁၃၁ . ၉
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ် ၂၀၂၈ . ၇
ဂျပန်	၁၀၀ ယန်း	ကျပ် ၁၃၇၁ . ၉
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ် ၁၀၈၅ . ၈
တရုတ်	တစ်ယွမ်	ကျပ် ၂၂၈ . ၃၀
အိန္ဒိယ	တစ်ရူပီး	ကျပ် ၂၂ . ၁၈၆
ကိုရီးယား	၁၀၀ ဝမ်	ကျပ် ၁၃၄ . ၉၆
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၃၇၄ . ၇၈
ထိုင်း	တစ်ဘတ်	ကျပ် ၄၈ . ၃၄၆

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

စာတည်းမှူးချုပ်	- အောင်နိုင်ဦး
စာတည်းမှူး	- စိုးစိုးနိုင်
သတင်းထောက်ချုပ်	- မြင့်ဆွေ
စာတည်းများ	- ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ	- ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ	- တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ်	- (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

ရုပ်ရှင်အညွှန်း

ဖြစ်ရပ်မှန်ကို ရိုက်ကူးထားသည့် လုပ်၍... လွှင့်သော

ခင်ငြိမ်းချမ်း(ငြိမ်း)သည် အဖေနှင့် ကြီးတော်ဖြစ်သူတို့နှင့်အတူ ရန်ကုန်မှာ အခြေချနေထိုင်နေသည့် မြိုင်သာယာသူ တစ်ယောက်ဖြစ်သည်။ မြိုင်သာယာသူဆိုပေမယ့်ငယ်စဉ်ကတည်းက ရန်ကုန်ကို ပြောင်းလာခဲ့ကြပြီး ဇာတိမြေကို တစ်ခေါက်တောင် ပြန်မရောက်ဖြစ်ခဲ့သူ။ အလှူပွဲတစ်ခုတွင် မမျှော်လင့်သော သူစိမ်း မိန်းမတစ်ယောက်နှင့် ဆုံမိခဲ့သည်။ ငြိမ်း ဆုံတွေ့ခဲ့ရသူမှာ မကြည်ပြာ ဖြစ်သည်။

မကြည်ပြာမှာ အဖေရောအမေပါ ဆုံးပါးသွားပြီဖြစ်၍ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်ကာ ကြိုးစားနေသော မိန်းကလေး တစ်ဦးဖြစ်သည်။ မကြည်ပြာသည် ပြေလည်လှသူမဟုတ်။ ငယ်စဉ်ကတည်းက ဝန်ထမ်း ဆရာ ဆရာမ မိဘနှစ်ဦး၏ သမီးအဖြစ် ချို့တဲ့စွာ နေလာခဲ့ရသူတစ်ယောက်ဖြစ်သည်။ ထို့အပြင် မကြည်ပြာငယ်စဉ်က မောင်ဖြစ်သူ တာရာဆိုသောကောင်လေးသည် ကျူရှင်စရိတ်အတွက် ရေခဲချောင်းရောင်းရင်း ပိုက်ဆံစုနေစဉ် ရက်စက်စွာ၊ လူမဆန်စွာ၊ အငြိုးအတေးများစွာဖြင့် အသတ်ခံလိုက်ရသောဖြစ်ရပ် ဖြစ်ခဲ့ဖူးသည်။

ငြိမ်းနှင့် မကြည်ပြာတို့ တွေ့ဆုံခြင်းမှာကောင်းသော တွေ့ဆုံခြင်းတော့ မဟုတ်ခဲ့ပေ။ အလှူတွင် သူတို့နှစ်ဦး မိတ်ဆွေဖွဲ့ကြရင်း ငြိမ်း၏အဖေ ဦးမောင်ပြေသည် မကြည်ပြာ၏မောင် တာရာကိုသတ်ပြီး ရှောင်ပြေးနေသောသူတစ်ဦးအဖြစ် စွပ်စွဲခံလိုက်ရသည်။ လာဘ်စား၍ လွတ်သွားသလိုလို၊ သက်သေမခိုင်လုံ၍ အမှုပိတ်လိုက်သလိုလို၊ မျက်မြင်ထွက်ဆိုချက် မပြည့်စုံ၍ ကျေအေးသွားသလိုလိုနှင့် ရာဇဝတ်ဘေးမှ ပြေးလွတ်သွားသော လွန်ခဲ့သည့် ၁၈ နှစ်က တရားခံတစ်ယောက်အဖြစ် မိမိအဖေကို စွပ်စွဲလိုက်သည့်အခါမှစ၍ ငြိမ်း၏ကမ္ဘာသည် အမှောင် အတိကျသွားခဲ့သည်။

မကြည်ပြာနှင့်တွေ့ခဲ့ပြီးနောက်ပိုင်းတွင် အတိတ်က ဖြစ်ခဲ့သလား မဖြစ်ခဲ့သလား မသိသော ပြဿနာဆိုးက ငြိမ်း၏ စိတ်အစဉ်တွင် အမြဲ လွှမ်းမိုးနေတော့သည်။ ထိုစွပ်စွဲချက်နှင့် ပတ်သက်၍ အဖေ့ကို မေးခဲ့သည်။ ဖခင်၏ပြောပုံအရမူ အပြစ်မရှိသောသူ၊ မှားယွင်းစွပ်စွဲခံရသူဖြစ်သောကြောင့် တရားရုံးက တရားသေလွှတ်လိုက်သောအမှုဖြစ်ကြောင်း ထင်ရှားနေတော့သည်။ ထို့ကြောင့်ပင် အဖေဖြစ်သူကို တရားခံဖြစ်အောင် စွပ်စွဲခဲ့သော မကြည်ပြာတို့ မိသားစုကို၊ အထူးသဖြင့် အဖေ့ကို သိက္ခာချသော မကြည်ပြာကို ငြိမ်းက မုန်းနေမိသည်။

ငြိမ်းမသိခဲ့မိသော ထိုကိစ္စကို မကြည်ပြာနှင့်တွေ့၍လည်း မေးချင်သည်။ အဖေ့ကို စွပ်စွဲရသည့် သက်သေကို ပြစေချင်သည်။ ငြိမ်း၏အဖေသည် ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အမိန့်ချခံရပြီးမှ ပြည်နယ်ရုံးတွင် အပြစ်မရှိဟု အမိန့်ချကာ အမှုမှ တရားသေလွှတ်လိုက်ခြင်းခံရသည်ဖြစ်၍ လွန်ခဲ့သော ၁၈ နှစ်က စွပ်စွဲခံရသော အဖေ့သတင်းဆိုးသည် မြိုင်သာယာတွင် ဘယ်လောက်တောင် ပျံ့လွင့်ခဲ့သလဲဆိုသည်ကိုလည်း ငြိမ်းသိချင်လာသည်။

ထို့ကြောင့် ငြိမ်းသည် မြိုင်သာယာကိုပြန်ပြီး လွန်ခဲ့သည့် ၁၈နှစ်က ရေခဲချောင်းသည်လေး တာရာ အသတ်ခံရသော အမှုကို ပြန်စုံစမ်း၍ အဖေ မှားယွင်းစွပ်စွဲခံရသောအမှုကို ဖော်ထုတ်ကာ အဖြစ်မှန် သက်သေများနှင့်တကွ မကြည်ပြာကိုယ်တိုင် အဖေ့အား ပြန်တောင်းပန်စေမည်ဟု စဉ်းစားကာ အမှုနှင့် ပတ်သက်သည့်အချက်များ၊ အမှုနှင့်ပတ်သက်သူများ၏ အချက်အလက်များကို စုဆောင်း၍ အဆင်သင့်ဖြစ်ချိန်တွင် ဖခင်အား ရှမ်းပြည်နယ်သို့ အလည်ခရီးသွားမည်ဟုလိမ်ကာ မြိုင်သာယာကို ထွက်ခဲ့သည်။

မြိုင်သာယာခရီးတွင် မိမိကိုယ်ကို ဦးမောင်ပြေ၏သမီးအဖြစ် မဟုတ်ဘဲ တရားခံအစစ်ကိုမမိဘဲ အမှုပိတ်ခဲ့ရသော တာရာ၏ အမှုကိုစိတ်ဝင်စားသည့် တက်သစ်စ စာရေးဆရာမတစ်ယောက်အဖြစ် လွန်ခဲ့သည့် ၁၈ နှစ်က လူသတ်မှုကို ပြန်လည်စုံစမ်းတော့သည်။ အမှုနှင့်သက်ဆိုင်သော လူနာမည်များ၊ ရွာနာမည်များနှင့်တကွ အချက်အလက်များကို အသေးစိတ် လိုက်စုံစမ်းသည့်အခါ သိချင်သော အမှုအကြောင်းကို လွယ်လွယ်သိခွင့်ရမည်လား၊ ငြိမ်းလိုချင်သည့်အတိုင်း ဖခင်ဖြစ်သူအား မှားယွင်းစွပ်စွဲမှုကို ဖော်ထုတ်နိုင်မည်လား၊ တာရာသေဆုံးသည့် အကြောင်းမှန်ကိုရော သိခွင့်ရမည်လား၊ တရားခံအစစ်ကိုပါ တစ်ခါတည်း ဖမ်းမိလေမည်လား စသည်တို့ကိုမူ လုပ်၍... လွှင့်သော ရုပ်ရှင်ဇာတ်ကားကြီးတွင် ဆက်လက်ကြည့်ရှုရမည်ဖြစ်သည်။

လုပ်၍... လွှင့်သော သည် ဖြစ်ရပ်မှန်ကိုအခြေခံ၍ ဝတ္ထု ခင်စံပယ်ဖြူ ရေးသားကာ ဒါရိုက်တာဝိုင်းက ဖန်တီးရိုက်ကူးပြီး ခရေဖြူ ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်သည့် ရုပ်ရှင်ကားဖြစ်သည်။ လူမှုအသိုင်းအဝိုင်းတွင် တရားဥပဒေကို မတရားဥပဒေအဖြစ် ပြုလုပ်ကြခြင်းကိုလည်းကောင်း၊ ငွေကြေးချို့တဲ့ကြသော်လည်း ဂုဏ်သိက္ခာရှိရှိ ရပ်တည်ရှင်သန်နေသော ဝန်ထမ်းများ၏ စိတ်ဓာတ်ကိုလည်းကောင်း၊ လူအချင်းချင်း ကိုယ်ချင်းစာတရားများ ထားတတ်စေရန်ရည်ရွယ်လျက်လည်းကောင်း ဇာတ်လမ်းဇာတ်အိမ် ခိုင်မာစွာဖြင့် ဖော်ကျူးရိုက်ကူးထားသော ဇာတ်ကားတစ်ကားဖြစ်သည်။ ယင်းဇာတ်ကားတွင် ဦးမောင်ပြေအဖြစ် ကျော်ရဲအောင်၊ မကြည်ပြာအဖြစ် မို့မို့မြင့်အောင်၊ ခင်ငြိမ်းချမ်းအဖြစ် ဖွေးဖွေးနှင့် မို့မို့မြင့်အောင်၏ ငယ်ဘဝအဖြစ် ခင်ဝင့်ဝါတို့က ပါဝင်သရုပ်ဆောင်ထားကြသည်။ ရုပ်ရှင်ကို မတ် ၂၂ ရက်မှစ၍ Mega Ace Cineplex ရုပ်ရှင်ရုံများတွင် ရုံတင်ပြသသွားမည်ဟု သိရသည်။

ကိုလင်း

ခရီးသွားကောက်ကြောင်း အပိုင်း(၅) ဇာတ်လမ်းတွဲတွင် မော်ဒယ် ပိုင်တံခွန် ပါဝင်မည်

မော်ဒယ် ပိုင်တံခွန်၏ ပထမဆုံး ရုပ်သံဇာတ်လမ်းအတွဲအဖြစ် ပရိသတ်များမြင်တွေ့ရမည့် ခရီးသွားကောက်ကြောင်း အပိုင်း(၅) ဇာတ်လမ်းတွဲကို 'တောင်ဘက်စွန်းဆီသို့' အမည်ဖြင့် ထပ်မံရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

ခရီးသွားကောက်ကြောင်း ဇာတ်လမ်းတွဲများကို ရိုက်ကူးနေသည့် ဒါရိုက်တာ EMMP က "ခရီးသွားကောက်ကြောင်းဆိုတဲ့ အမည်လေးနဲ့ ညီမတို့ မတူညီတဲ့ ဇာတ်လေး တွေကို ဖန်တီးပြီး ရိုက်ခဲ့ပါတယ်၊ ပထမဆုံးအနေနဲ့ ကိုနိုင်းနိုင်းနဲ့ ရိုက်ခဲ့တယ်၊ နောက်တော့ ကိုအလင်းရောင်၊ နေခြည်ဦး၊ ကိုလူမင်းတို့နဲ့ပေါ့နော်၊ အခု အပိုင်း(၅)ကတော့ ပိုင်တံခွန်နဲ့ ရိုက်မှာပါ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ် တစ်ခုချင်းစီကို ရိုက်ကူးသွားမှာပါ၊ တစ်တိုင်းကို ဇာတ်လမ်းတစ်ခုပုံစံမျိုး ဖန်တီးသွားမှာပါ၊ ဇာတ်ကားတော့ မဟုတ်ဘူးပေါ့၊ သွားတဲ့နေရာဒေသတွေမှာ တစ်ခုနဲ့တစ်ခုက မတူဘူး၊ ဒေသတစ်ခုစီမှာ ဗဟုသုတရမယ့် အကြောင်းအရာလေးတွေကို ဇာတ်လမ်းပုံစံလေး လုပ်သွားမှာပါ၊ စိတ်ဝင်စားဖို့ကောင်းပါတယ်၊ မြန်မာပြည်မှာရှိတဲ့ သဘာဝအလှတရားတွေကို ထုတ်ဖော်တဲ့ အစီအစဉ်လေးဆိုလည်း မှန်ပါတယ်၊ အခုနောက်ဆုံး ပိုင်တံခွန်နဲ့ သွားရိုက်မှာက တနင်္သာရီတိုင်းဒေသကြီးမှာရှိတဲ့ ထားဝယ်၊ မြိတ်နဲ့ ကော့သောင်းမြို့တွေမှာရှိတဲ့ သဘာဝအလှတရားတွေ၊ ဒေသထွက် အစားအစာတွေ၊ ယဉ်ကျေးမှုဓလေ့ထုံးစံတွေကို ရိုက်ပြမှာပါ၊ ပိုင်တံခွန်ရဲ့ မွေးရပ်ဇာတိမြေလို့လဲ သိထားတယ်၊ အဲဒီတော့ ပိုပြီး အဆင်ပြေတာပေါ့နော်၊ ကျွန်မတို့က ပါဝင်တဲ့သရုပ်ဆောင်တွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ်နဲ့ လိုက်တဲ့ဇာတ်လမ်း အမျိုးအစား ရွေးချယ်ပေးပြီး ရိုက်ကူးခဲ့တာပါ" ဟု ပြောသည်။

အဆိုပါ ဇာတ်လမ်းတွဲကို Canel+ ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး အပိုင်း(၁)မှ (၅)အထိ အပိုင်းငါးပိုင်းတွင် မတူညီသော သရုပ်ဆောင်များနှင့် မတူညီသော ဇာတ်လမ်းပုံစံများဖြင့် ဖန်တီးရိုက်ကူးခဲ့ကြောင်း သိရသည်။ ယခု အပိုင်း(၅)တွင် ဇာတ်ညွှန်းကို မယ်ခိုင်နှင့် ရွှေပြည်က ရေးသားထားပြီး ဒါရိုက်တာ EMMP က ရိုက်ကူးမည်ဖြစ်ကာ ပိုင်တံခွန်၊ သင်ဇာဝင့်ကျော်၊ ဆုရွှေရည်ထူးနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ကိုလင်း

သရုပ်ဆောင်သစ် Zell ၏ အချိုးအကွေ့ ဗီဒီယိုကားသစ် ထွက်ရှိ

MG Family ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေးက ထုတ်လုပ်ရိုက်ကူးထားပြီး သရုပ်ဆောင်သစ် Zell ဦးဆောင်ပါဝင်ထားသည့် အချိုးအကွေ့(The Turning) အမည်ရ ဗီဒီယိုဇာတ်ကားကို မတ် ၂၅ ရက်မှစ၍ ဖြန့်ချိတော့မည်ဖြစ်ကြောင်း သိရသည်။

အချိုးအကွေ့ဗီဒီယိုသည် အက်ရှင်၊ ရိုမန့်စ်၊ ဒရာမာ ဇာတ်လမ်းပုံစံမျိုးဖြစ်ပြီး ၂၀၁၈ ခုနှစ် နှစ်ဆန်းမှစ၍ ရန်ကုန်မြို့၌ စတင်ရိုက်ကူးခဲ့ကာ အချိန် တစ်နှစ်ကျော် ကြာမြင့်ခဲ့ကြောင်း သိရသည်။ သရုပ်ဆောင် Zell က "ကျွန်တော်ရဲ့ဒီဇာတ်ကားက အချစ်ကနေပြီးတော့ဖြစ်လာတဲ့ တိုက်ပွဲတစ်ခုကို ဖန်တီးပုံဖော်ထားတာပါ၊ ဒီဇာတ်ကားကို တစ်နှစ်ကျော်လောက် ရိုက်ကူးထားတာပါ။ သရုပ်ဆောင်တွေရဲ့ ရက်တွေမရတာကြောင့် နည်းနည်းကြာသွားတာပါ။ အရမ်းကို အပင်ပန်းခံပြီးတော့ အက်ရှင်ဇာတ်ကို ရိုက်ကူးခဲ့တာပါ၊ ဗီဒီယိုဈေးကွက် လုံးဝမရှိပေမယ့် ကိုယ့်ရဲ့အနုပညာဝါသနာကို ပြချင်တာကြောင့် ထုတ်လုပ်ရိုက်ကူးဖြစ်တာပါ၊ မင်းသားသစ်တစ်ယောက်အနေနဲ့ ဗီဒီယိုလောကဘက်က စလာမှပဲ မင်းသားဖြစ်နိုင်မှာကြောင့်လည်း ပါပါတယ်၊ ရုပ်ရှင်ဇာတ်ကားတွေမှာက မင်းသားသစ်ဆိုရင် သိပ်လက်မခံတာလည်း တွေ့ရတယ်လေ" ဟု ပြောသည်။

အဆိုပါ ဇာတ်ကားကို ဇာတ်လမ်း ရိုးလင်းဒ်က ရေးသားပြီး ဒါရိုက်တာကိုဇောင်းက ရိုက်ကူးကာ သရုပ်ဆောင်သစ် Zell က ဦးဆောင်ပါဝင်၍ အကယ်ဒမီမင်းဦး၊ ခင်ဝင့်ဝါ၊ မေ၊ ထူးခြား စသည့် အနုပညာရှင်များလည်း ပါဝင်သရုပ်ဆောင်ထားသည်။ Zell သည် ဒါရိုက်တာ စတီး(ဒွေးမေတ္တာ)ရိုက်ကူးသော ဖွေးစိန်မရဲ့ဘော်ဒီဂတ် ရုပ်ရှင်ဇာတ်ကားတွင် မြင့်မြတ်၊ အိချောပိုတို့နှင့်အတူ ပါဝင်သရုပ်ဆောင်ထားသူလည်းဖြစ်သည်။

ဗီဒီယိုဈေးကွက် ပျက်နေချိန်တွင် ယခုလို ဗီဒီယိုကားသစ် ထွက်ရှိလာခြင်းနှင့် ပတ်သက်၍လည်း Zell က "ကျွန်တော် ဒီ ဗီဒီယိုကားကို ထုတ်လုပ်ဖြစ်တဲ့ရည်ရွယ်ချက်က ဒီကားနဲ့ပတ်သက်ပြီး ပိုက်ဆံမမျှော်မှန်းဘူး၊ အဓိကကတော့ နာမည်နဲ့ ဇာတ်ကားကို လူသိများအောင်သာ ရိုက်ခဲ့တာဖြစ်ပါတယ်။ နောက်ပိုင်းမှာလည်း ငွေကြေးကို အဓိကမထားဘဲနဲ့ ဇာတ်ကားအရည်အသွေးကောင်းအောင်ပဲ ဂရုစိုက်ထုတ်လုပ်မယ်၊ ဒီကားလေးကို Fb page ကတစ်ဆင့် မှာယူအားပေးလို့ ရပါတယ်" ဟု ဆက်ပြောသည်။

ကိုလင်း

Oppo Myanmar က ကြီးမှူး၍ Beyond the Potrait ဓာတ်ပုံပြိုင်ပွဲ ကျင်းပ

မည်သည့်စမတ်ဖုန်းနှင့်မဆို ရိုက်ကူးထားသောပုံများဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်သည့် Beyond the Potrait ဓာတ်ပုံပြိုင်ပွဲကို Oppo Myanmar က ကြီးမှူး၍ Place၊ People နှင့် Food or Culture ဆိုသည့် ခေါင်းစဉ် သုံးမျိုးဖြင့် ကျင်းပခဲ့ကြောင်းနှင့် ပြိုင်ပွဲဝင်ပုံများကို Oppo Facebook Page တွင် မတ် ၁၀ ရက်မှ ၁၅ ရက်အထိ လက်ခံခဲ့ပြီး မတ် ၁၆ ရက်တွင် ဆန်ခါတင်ရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်သူများ ပေးပို့ယှဉ်ပြိုင်ထားသော ပုံများအနက် စည်းကမ်းသတ်မှတ်ချက်နှင့်ကိုက်ညီသော ပုံများကို Oppo Admin Team က ခေါင်းစဉ်တစ်မျိုးလျှင် ငါးဦးစီကို ဆန်ခါတင် ရွေးချယ်၍ မတ် ၁၆ ရက်တွင် ထုတ်ပြန်မည်ဖြစ်ကြောင်းနှင့် အဆိုပါ ဆန်ခါတင် ငါးဦးစီထဲမှ သုံးဦးစီကို ဒိုင်လူကြီးအဖြစ် ပါဝင်ဆောင်ရွက်ပေးသည့် နာမည်ကျော် ဓာတ်ပုံဆရာ ဇာနည်မျိုးဝင်းက ထပ်မံစိစစ်ရွေးချယ်ပြီး OPPO Page မှ မတ် ၁၇ ရက်တွင် ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း၊ ထိုပုံများထဲမှ Reaction ရရှိမှု အပေါ်မူတည်၍ ပထမ၊ ဒုတိယနှင့် တတိယဆုများကို ရွေးချယ်ပြီး Reaction များကို မတ် ၁၇ ရက်နှင့် ၁၈ ရက်အတွင်း စုဆောင်းရမည်ဖြစ်ကာ မတ် ၁၉ ရက်တွင် ဆုရသူများအား ထုတ်ပြန်ကြေညာ၍ ဆုလက်ဆောင်များအဖြစ် ပထမဆုကို ၄၈ မဂ္ဂါပစ်ဇယ်ကင်မရာ ပါဝင်သော OPPO F11 Pro တစ်လုံး၊ ဒုတိယဆု OPPO A7 တစ်လုံးနှင့် တတိယဆု OPPO A3s တစ်လုံးတို့ကို ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုလင်း

နိုင်ငံတကာအနုပညာသတင်းပဒေသာ

One Direction အဖွဲ့သားဟောင်း လူးဝစ်၏ ညီမဖြစ်သူ ရုတ်တရက်သေဆုံး

One Direction အဖွဲ့သားဟောင်းတစ်ဦးဖြစ်သူ လူးဝစ်တွန်လစ်ဆင်ရဲ့ညီမဖြစ်သူ ဖီလီစတိတ်ဟာ အသက် ၁၈ နှစ်အရွယ်မှာပဲ သေဆုံးသွားခဲ့တယ်လို့ သိရပါတယ်။ လူးဝစ်ရဲ့ညီမဖြစ်သူဟာ မော်ဒယ်အလုပ်လုပ်ကိုင်ပြီး လူမှုကွန်ရက်မီဒီယာမှာ နာမည်ကြီးတစ်ယောက် ဖြစ်ပါတယ်။ သူဟာ လန်ဒန်မြို့က တိုက်ခန်းမှာပဲ နှလုံးရောဂါဖောက်ပြီး သေဆုံးသွားခဲ့တာပါလို့ အီးနယူးစ်မှာ ဖော်ပြထားပါတယ်။

လန်ဒန်မြို့လူနာတင်ယာဉ် ဝန်ဆောင်မှုကနေ ၎င်းသေဆုံးသွားတဲ့အကြောင်းရဲတွေကို အသိပေးခဲ့ပါတယ်။ လတ်တလောမှာတော့ သေဆုံးရခြင်း အသေးစိတ်အကြောင်းအရင်းတွေကို ဖော်ပြထားခြင်း မရှိသေးပါဘူး။ သေဆုံးသွားသူ ဖီလီစတိတ်ဟာ နှစ်သက်ဖွယ်မိန်းကလေးတစ်ဦးဖြစ်ပြီး လူးဝစ်အပါအဝင် သူ့ရဲ့မိသားစုဝင်တွေအားလုံးက ချစ်ခင်နှစ်သက်ကြတယ်လို့ The Sun မှာ ဖော်ပြထားပါတယ်။ လူးဝစ်ဟာ လွန်ခဲ့တဲ့ နှစ်နှစ်ခန့်ကလည်း မိခင်ဖြစ်သူကို ဆုံးရှုံးခဲ့ရပြီး ယခုတစ်ဖန် ညီမဖြစ်သူကိုပါ ဆုံးရှုံးခဲ့ရတာပါ။ လူးဝစ်ရဲ့ မိခင်ဖြစ်သူဟာ သွေးကင်ဆာရောဂါကို နှစ်ပေါင်းများစွာ ခံစားခဲ့ရပြီး အဲဒီရောဂါနဲ့ပဲ သေဆုံးခဲ့ပါတယ်။

ညီမဖြစ်သူ မသေဆုံးမီ လွန်ခဲ့တဲ့သီတင်းနှစ်ပတ်ခန့်ကပဲ လူးဝစ်ဟာ သေဆုံးသွားသူမိခင်ကို ရည်စူးပြီး Two of us ဆိုတဲ့ သီချင်းကို ထုတ်လွှင့်ခဲ့ပါတယ်။ အခုအချိန်မှာတော့ လူးဝစ်အပါအဝင် မိသားစုဝင်တွေအားလုံး ခက်ခဲတဲ့အချိန်ကို ရင်ဆိုင်နေရတာကတော့ အသေအချာပါပဲ။

ဘောလိဝုဒ်လိုက်ဖ်ဒေါ့ကွန်း

ဖီလီစတိတ်နှင့် လူးဝစ်

၂၀၁၉ ခုနှစ်အတွက် ဟစ်ဟော့ အဆိုရှင်ဆုကို ကာဒီဘီရရှိ

မတ်လ ၁၄ ရက်နေ့က ကျင်းပခဲ့တဲ့ အိုင်ဟော့ဒ် ရေဒီယိုဂီတဆုချီးမြှင့်ပွဲမှာ ကာဒီဘီက ယခုနှစ်အတွင်း ဟစ်ဟော့အဆိုရှင်ဆုကို ရရှိသွားပါတယ်။ ဂရမ်မီဆု ရရှိခဲ့ဖူးတဲ့ ကာဒီဘီဟာမတ်လ ၁၄ ရက်နေ့က ကျင်းပတဲ့ပွဲကို တက်ရောက်နိုင်ခဲ့ခြင်းတော့ မရှိပါဘူး။ ဒါပေမယ့် ကျေးဇူးတင်ကြောင်း အသံသွင်းထားတဲ့ ဗီဒီယိုနဲ့ပဲသူ့ရဲ့ပရိသတ်တွေကို နှုတ်သိမ့်ပေးခဲ့ပါတယ်။

ကာဒီဘီက သူဆုရရှိတဲ့အတွက် သူ့ကိုချစ်တဲ့သူတွေကိုရော မုန်းတဲ့သူတွေကိုပါ ကျေးဇူးတင်ပါတယ်လို့ ပြောခဲ့ပါတယ်။ ကာဒီဘီက အိုင်ဟော့ဒ် ရေဒီယိုဂီတဆုချီးမြှင့်ပွဲကို လူကိုယ်တိုင် မတက်ရောက်နိုင်ခဲ့ပေမယ့် ဆုချီးမြှင့်ပွဲညဟာ ကာဒီဘီရဲ့ညဖြစ်ခဲ့ပါတယ်။ ကာဒီဘီဟာ အိုင်ဟော့ဒ်ဆုချီးမြှင့်ပွဲမှာ ဆုပေါင်း ၁၄ ဆုအတွက် ဆန်ခါတင်စာရင်းဝင်ခဲ့တာပဲ ဖြစ်ပါတယ်။ ကာဒီဘီဟာ အိုင်ဟော့ဒ်ဆုပေးပွဲမှာ နှစ်ကြိမ်တိုင်တိုင် ဆုရရှိခဲ့သူလည်း ဖြစ်ပါတယ်။ လွန်ခဲ့တဲ့နှစ်ကလည်း မျက်နှာသစ် အနုပညာရှင်ဆုနဲ့ ဟစ်ဟော့အဆိုရှင်ဆု စုစုပေါင်း ဆုနှစ်ဆုကို အိမ်ကိုယူသွားနိုင်ခဲ့ပါတယ်။

ကာဒီဘီဆုရရှိတဲ့အတွက် ကျေးဇူးတင်စကားပြောကြားရာမှာတော့ သူ့ကိုအားပေးသူတွေသာမက သူ့ကိုဝေဖန်ကြသူတွေကိုပါ ကျေးဇူးတင်ကြောင်း၊ သူ့ရဲ့အယ်လ်ဘမ်အသစ်ကလည်း ဧပြီလအတွင်း ထွက်ရှိဖို့လုပ်နေတယ်ဆိုတဲ့ကြောင်းကို ထည့်ပြီးပြောသွားပါတယ်။ ၂၀၁၉ ခုနှစ်အတွက် အိုင်ဟော့ဒ် ဆုပေးပွဲကို မတက်ရောက်နိုင်ခဲ့ပေမယ့် ၂၀၂၀ ပြည့်နှစ်ကလည်း ကာဒီဘီရဲ့နှစ်တစ်နှစ်မဖြစ်နိုင်ဘူးလို့ ဘယ်သူမှ မပြောနိုင်ပါဘူး။

ဟောလိဝုဒ်လိုက်ဖ်

ဟစ်ဟော့အဆိုဆုရှင် ကာဒီဘီ

လက်တွေ့အသုံးနှင့် အဓိပ္ပာယ် (၁၂)

မောင်ခင်မင် (ဓနုဖြူ)

“စကားပြောရာမှာ မသွယ်မဝိုက် တိုက်ရိုက်ပြောတာမျိုးဟာ ကောင်းတဲ့နေရာမှာ ကောင်းပေမယ့် နေရာတိုင်းမှာ တိုက်ရိုက်ပြောရင် ဆက်ဆံရေးမှာ အဆင်မပြေဖြစ်တတ်တာတွေရှိတယ်ကွဲ့။ သမီးလည်း သတိထားမိမှာပေါ့”

“ဟုတ်ပါတယ် ဘဘ။ တစ်ယောက်ရဲ့ အားနည်းချက်တို့၊ အပြစ်တို့၊ မကောင်းတဲ့ အခြေအနေတို့ကို တိုက်ရိုက်တည့်တိုးကြီးပြောရင် အပြောခံရသူက သဘောမကျတတ်ကြဘူးဆိုတာ သမီးသတိထားမိပါတယ်။ ဟိုတလောက စကားထစ်တတ်တဲ့ သူငယ်ချင်းတစ်ယောက်နဲ့ မတွေ့တာကြာပြီးတွေ့တော့ သမီးက ‘ နင်စကားထစ်တုန်းပဲနော် ’ လို့ ပြောလိုက်မိလို့ သမီးကို စိတ်ဆိုးသွားတယ် ဘဘ”

“အေးပေါ့။ ပုံပြင်တစ်ပုဒ် ရှိတယ်လေ။ တည့်တိုးပြောတတ်တဲ့ အဒေါ်ကြီးတစ်ယောက်ကို သူ့မိတ်ဆွေက တည့်တိုးပြောတာ မကောင်းတဲ့အကြောင်း ပြောပြီးရုံရှိသေး။ အဲဒီမိန်းမကြီးက အနားက ထသွားတဲ့ ကောင်လေးကို ‘ဟဲ့…ပါးတစ်ခြမ်း ရွဲ့နေတဲ့ကောင်လေး ဒီမှာနင်ခားမေ့ကျန်နေပြီ လာယူဦး’ လို့ လှမ်းပြောသတဲ့။ အဲဒါမျိုးပေါ့ကွယ် ”

“ ဟုတ်ကဲ့ပါ ”

“ ဒီတော့ စကားပြောတဲ့အခါ များသောအားဖြင့် သွယ်ဝိုက်ပြီး ပြောလေ့ရှိတာ သဘာဝပဲလေ။ တစ်ဖက်ခန်းက သီချင်းအကျယ်ကြီး ဖွင့်ထားတာကို ‘ ဆူလိုက်တာ၊ သီချင်းကိုအခု အသံတိုးလိုက်ပါ ’ လို့ တိုက်ရိုက်ပြောရင် ရန်ဖြစ်နိုင်တာပေါ့။ ‘ ကျွန်တော် သိပ်ခေါင်းကိုက်နေလို့ အသံကလေးနည်းနည်း လျှော့ရင်ကောင်းမယ်ထင်တယ် ’ ဆိုတာမျိုး သွယ်သွယ်ဝိုက်ဝိုက်ကလေးပြောရင်တော့ နားဝင်တာပေါ့ကွယ်”

“ ဟုတ်ကဲ့ပါ ”

“ စကားကို သွယ်ဝိုက်ပြောတယ်ဆိုရာမှာ တိုက်ရိုက်ပြောရင် ရိုင်းရာကျမှာစိုးလို့၊ ဒါမှမဟုတ် မညှာမတာပြောရာကျမှာစိုးလို့၊ တိုက်ရိုက်ပြောရမှာ အားနာလို့ဆိုတဲ့ အကြောင်းတစ်ခုခုကြောင့် တမင်ရည်ရွယ်ချက်ရှိရှိနဲ့ သွယ်ဝိုက်ပြောတာမျိုးကို ဆိုလိုတာနော်။ ဘာသာစကားလေ့လာတဲ့ ပညာရှင်တွေက အဲဒီလို သွယ်ဝိုက်ပြောဆိုရတဲ့အခြေအနေတို့၊ အကျိုးသက်ရောက်မှုတို့ကို စိတ်ဝင်တစားလေ့လာကြတယ်ကွဲ့”

“ သြော်၊ ဟုတ်ကဲ့၊ သာဓကလေးတွေ…”

“ပြောမှာပါ ”

“စကားပြောရာမှာ အလေးအပေါ့ စွန့်တာမျိုး သဘာဝကိစ္စတွေကို တိုက်ရိုက်ပြောရင် ရိုင်းရာကျတာမို့ သွယ်ဝိုက်ပြီး ပြောလေ့ရှိတာ သမီးအသိပဲလေ။ ‘ အလေး ’၊ ‘ အပေါ့ ’ ဆိုတဲ့စကားလုံးတွေကအစ ယဉ်ကျေးအောင် သွယ်ဝိုက်သုံးတဲ့စကားတွေ မဟုတ်လား”

“ ဟုတ်ပါတယ် ဘဘ။ ရူးနေတဲ့သူကို စိတ်ဝေဒနာသည်လို ပြောတာလည်း ဒီသဘောမျိုး သွယ်ဝိုက် ပြောတာထင်ပါတယ် ”

“ ဟုတ်ပါတယ်။ ‘ အနာကြီးရောဂါသည်၊ ကိုယ်ရေပြားရောဂါသည်’ ဆိုတဲ့စကားတွေဟာလည်း ‘ နူတယ် ’၊ ‘ အနူ’ ဆိုတဲ့ တိုက်ရိုက်စကားနေရာမှာ အစားထိုးပြီး ယဉ်အောင်သုံးတာမို့ သွယ်ဝိုက်တဲ့ သဘောပဲလေ။ ပြီးတော့ မညှာတာရာကျတဲ့၊ ရက်စက်ရာကျတဲ့ စကားမျိုးလည်း တိုက်ရိုက်ပြောလေ့ မရှိကြဘူး ”

“ သတ်တယ်ဆိုတဲ့ စကားမျိုးလား ဘဘ ”

“ဟုတ်တယ်။ ဒါကြောင့် ရှေးကတည်းက အဲဒီ ‘ သတ် ’ ဆိုတဲ့ စကားလုံးနေရာမှာ ‘ ကွပ်မျက် ’တို့၊ ‘ အဆုံးစီရင် ’ တို့ ၊ ‘ သွားမြဲတိုင်း လမ်းသွားကွ ’တို့ ၊ ‘ ထုံးစံနှင့်အညီစီရင် ’တို့ ဆိုတဲ့စကားတွေသုံးကြတယ်။ ကြက်ငှက်တုပ်ကွေးရောဂါတွေ ဖြစ်တုန်းက ကြက်ကောင်ရေဘယ်လောက်ကို ဖျက်ဆီးလိုက်တယ်လို့ သတင်းစာထဲမှာ ကြေညာတယ် မဟုတ်လား။ တကယ်က ဘာလုပ်တာလဲသမီး ”

“ ကြက်တွေကို သတ်ပစ်လိုက်တာပါ ဘဘ ”

“ ဟုတ်တယ်။ ကြက်ကောင်ရေ ဘယ်လောက် သတ်ပစ်လိုက်ရတယ်လို့ရေးရင် ရက်စက်ရာကျတာမို့ ဖျက်ဆီးပစ်လိုက်တယ်လို့ သုံးတာလေ။ အလွယ်ဆုံးကွယ် သမီးတို့ ‘ ခြင်ရိုက်တယ် ’လို့ ပြောတာ ဘာလုပ်တာလဲ ”

“သတ်တာပါ ဘဘ ”

“အဲဒီလိုပဲ ‘ ဖားရိုက်တယ်တို့၊ ဝက်ပေါ်တယ်တို့ ဆိုတာတွေလည်း သတ်ဆိုတဲ့စကားကို အစားထိုး သုံးတာတွေမဟုတ်လား။ တိုက်ရိုက်မပြောဘဲ သွယ်ဝိုက်ပြောတဲ့သဘောတွေပေါ့’ ဒီစကားတွေကတော့ ဘာသာစကားထဲမှာ ပုံသေသုံးတဲ့ သွယ်ဝိုက်စကားတွေ ဆိုပါတော့ ”

“ ဟုတ်ကဲ့ပါ ”

“ အခြေအနေတစ်ခုခု ပေါ်လာတဲ့အခါမှာလည်း အဲဒီလို သွယ်ဝိုက်သုံးလေ့ ရှိကြတာပဲ။ သွယ်ဝိုက်ပြောတာဟာ ကွေ့ဝိုက်တဲ့သဘောပါလို့ တိုက်ရိုက်ပြောတာထက် ပိုပြီး စကားများများသုံးရတယ်။ စကားသံရှည်ရတယ်ပေါ့။ ‘ မိထွေး ’ ဆိုတဲ့ တိုက်ရိုက်စကား မသုံးချင်လို့ ‘ အဖေ့နောက်မိန်းမ ’ လို့ သုံးတာမျိုးပေါ့ကွယ်။ ‘နားထောင်ကြပါ’ လို့ တိုက်ရိုက်ပြောရင် မလေးစားရာကျလို့ ‘ ကျေးဇူးပြု၍ နားဆင်ကြပါရှင် ’ လို့ သွယ်ဝိုက်ပြောတာမျိုးပေါ့။ စကား များများသုံးရတာပေါ့ ”

“ ဟုတ်ကဲ့ပါ ”

“သွယ်ဝိုက်ပြောဆိုမှု အတိုင်းအတာ ကွဲပြားစေတဲ့ အကြောင်းတရား လေးခုရှိတယ်လို့ စကားအပြောအဆို လေ့လာတဲ့ ပညာရှင်တစ်ယောက်က ပြောဖူးတာ မှတ်သားစရာ ကောင်းတယ်ကွဲ့။ တစ်ခုက ပြောသူနဲ့နာသူ၊ တစ်ယောက်အပေါ် တစ်ယောက်ဩဇာသက်ရောက်မှု အတိုင်းအတာပဲ။ ဩဇာရှိသူက ဩဇာခံရသူကို ပြောရင် သိပ်သွယ်ဝိုက်စရာမလိုဘူး။ ဩဇာခံရသူက ဩဇာရှိသူကို ပြောရင်တော့ သွယ်သွယ်ဝိုက်ဝိုက်နဲ့ စကားလုံးများများ သုံးပြီး ပြောရတယ်”

“ဘယ်လိုဟာမျိုးလဲ ဘဘ”

“ဆိုပါတော့။ အရာရှိက လက်အောက်ငယ်သားကို ‘ဒီစာကို ကွန်ပျူတာစာစီလိုက်’ လို့ တိုက်ရိုက်လိုရင်းပြောလို့ရပေမယ့် လက်အောက်ငယ်သားက အရာရှိကို ပြောရင်တော့ ‘ဒီကိစ္စနဲ့ ပတ်သက်ပြီး ဆရာ့ကို တင်ပြစရာ ရှိပါတယ်’ ဆိုတာမျိုး သွယ်သွယ်ဝိုက်ဝိုက်ကလေး ပြောရတာမျိုးပေါ့”

> **“သွယ်ဝိုက်ပြောဆိုမှု အတိုင်းအတာ ကွဲပြားစေတဲ့ အကြောင်းတရား လေးခုရှိတယ်လို့ စကားအပြောအဆိုလေ့လာတဲ့ ပညာရှင်တစ်ယောက်က ပြောဖူးတာ မှတ်သားစရာ ကောင်းတယ်ကွဲ့။ တစ်ခုက ပြောသူနဲ့နာသူ၊ တစ်ယောက်အပေါ် တစ်ယောက်ဩဇာသက်ရောက်မှု အတိုင်းအတာပါ။ ဩဇာရှိသူက ဩဇာခံရသူကို ပြောရင် သိပ်သွယ်ဝိုက်စရာမလိုဘူး။ ဩဇာခံရသူက ဩဇာရှိသူကို ပြောရင်တော့ သွယ်သွယ်ဝိုက်ဝိုက်နဲ့ စကားလုံး များများသုံးပြီး ပြောရတယ်”**

“ဟုတ်ကဲ့ပါ”

“နောက်တစ်ခုက ပြောသူနဲ့ နာသူရဲ့ လူမှုဆက်ဆံရေးအခြေအနေဆိုပါတော့။ အသက်အရွယ် ကွဲပြားမှုတို့၊ ကျား မ ကွဲပြားမှုတို့၊ ရင်းနှီးမှုအတိုင်းအတာတို့ဆိုတဲ့ အခြေအနေတွေပေါ့။ လူမှုဆက်ဆံရေး အတိုင်းအတာ နီးစပ်ရင် စကားကို တိုတိုပြောလို့ရတယ်။ မနီးစပ်တဲ့ လူစိမ်းဆိုရင်တော့ သွယ်သွယ်ဝိုက်ဝိုက် ပြောဖို့လိုတာပေါ့။ ရင်းနှီးတဲ့သူကို ‘တံခါးဖွင့်ပါ’ လို့ ပြောလို့ရပေမယ့် လူစိမ်းဆိုရင်တော့ ‘ကျေးဇူးပြုပြီး ဒီတံခါးလေးဖွင့်ပေးပါလားခင်ဗျာ’ လို့ သွယ်သွယ်ဝိုက်ဝိုက် ပြောရမှာပဲလေ”

“ဟုတ်ကဲ့၊ သဘောပေါက်ပါပြီ”

“နောက်တစ်ခုက တောင်းချင်တဲ့ အကူအညီရဲ့ ပမာဏဆိုပါတော့။ တစ်ယောက်က တစ်ယောက်ကို တောင်းချင်တဲ့ အကူအညီပမာဏက နည်းနည်းလေးပဲဆိုရင်တော့ စကားများများ ပြောစရာမလိုပေမယ့် တောင်းချင်တဲ့ အကူအညီပမာဏက များရင်တော့ ရှည်ရှည်လျားလျား ရှင်းပြဖို့လိုမှာပေါ့။ သတင်းစာဖတ်ချင်လို့ စားပွဲပေါ်က သတင်းစာနဲ့ နီးတဲ့သူကို ‘အဲဒီသတင်းစာလေး လှမ်းလိုက်ပါ’ လို့ တိုတိုပြောလို့ ရပေမယ့် မိတ်ဆွေတစ်ယောက်ဆီက ငွေဆယ်သိန်း ချေးချင်ရင်တော့ ငွေချေးချင်တဲ့ အကြောင်းရင်းကို တစ်ဖက် လူလက်ခံအောင် ရှည်ရှည်လျားလျား ရှင်းပြဖို့ လိုမှာပေါ့ကွယ်။ ဟုတ်တယ်မဟုတ်လား”

“ဟုတ်ပါတယ် ဘဘ၊ နားလည်ပါပြီ”

“နောက်တစ်ခုက စကားကို ပြောတဲ့သူတွေရဲ့ ပိုင်ခွင့်တို့၊ တာဝန်တို့အရ သွယ်ဝိုက်တဲ့အတိုင်းအတာ ကွာခြားနိုင်တယ်။ ရထားစီးလာတဲ့သူကို လက်မှတ်စစ်က လက်မှတ်စစ်ဖို့တောင်းရင် ‘လက်မှတ်’ လို့ တစ်လုံးတည်းပြောရုံနဲ့ လုံလောက်တယ်။ ‘လက်မှတ်ပြပါ’ လို့ ပြောချင်လည်း ပြောမှာပေါ့။ လက်မှတ်စစ်ရဲ့ ပိုင်ခွင့်နဲ့ တာဝန်အရ စကားကို သွယ်ဝိုက်ပြောနေစရာ မလိုဘူးလေ။ လိုရင်းပဲ ပြောလို့ရတာပေါ့။ ဒါပေမယ့် ရထားစီးလာတဲ့သူက လက်မှတ်ကျပျောက်သွားလို့ လက်မှတ်စစ် လာစစ်တဲ့အခါမှာ ‘လက်မှတ်ပျောက်သွားတယ်’ လို့ ပြောရုံနဲ့ မလုံလောက်တော့ဘူးလေ။ သူ့မှာ လက်မှတ်ပြဖို့ တာဝန်ရှိနေတော့ လက်မှတ် မပြနိုင်တဲ့ အကြောင်းရင်းကို လက်မှတ်စစ်လက်ခံအောင် ရှည်ရှည်လျားလျား ရှင်းပြဖို့ လိုမှာပဲလေ။ ဒါတောင် လက်မှတ်စစ်က သူ့စကားကို လက်ခံမှာလို့ ကျိန်းသေမပြောနိုင်ဘူးလေ”

“နားလည်ပါပြီ ဘဘ။ စိတ်ဝင်စားစရာလည်း ကောင်းပါတယ်”

“အခု ဘဘပြောတာက သွယ်ဝိုက်ပြောဆိုရတဲ့ အကြောင်းတရားတွေပေါ့။ တိုက်ရိုက်စကားကနေပြီး အခြေအနေကို လိုက်ပြီးတော့ သွယ်ဝိုက်ပြောဆိုတဲ့ အတိုင်းအတာ ကွာသွားပုံကို သာဓကပြဦးမယ်”

“ဟုတ်ကဲ့”

“ဒါထက်၊ သမီးဖောင်ကြီးသင်တန်းလို သင်တန်းမျိုး တက်ခဲ့ဖူးမှာပေါ့။ အဲဒီသင်တန်းမှာ သင်တန်းသားတွေက ယူနီဖောင်းဝတ်ရတယ်။ သင်တန်းစည်းကမ်းအတိုင်း လှုပ်ရှားရတယ်။ သင်တန်းပို့ချမယ့် ဆရာလာရင် မတ်တတ်ရပ်ရတယ် မဟုတ်လား”

“ဟုတ်ပါတယ် ဘဘ”

“မတ်တတ်ရပ်ဖို့ အတန်းခေါင်းဆောင်က သမီးတို့ကို ဘယ်လိုအမိန့်ပေးသလဲ”

“ ‘တန်းထ’ လို့ အမိန့်ပေးပါတယ် ဘဘ”

“ဟုတ်တယ်။ လိုရင်းပဲ။ တိုတိုပဲ။ ဒါပေမယ့် သင်တန်းမဟုတ်ဘဲ စတိတ်ရှိုးတစ်ခုမှာ ပါဝင်တီးခတ်မယ့် ဂီတပညာရှင်တွေကို ပရိသတ်နဲ့ မိတ်ဆက်ပေးဖို့ တီးဝိုင်းခေါင်းဆောင်က မတ်တတ်ရပ်ပြဖို့ပြောရင် ဘယ်လိုပြောသလဲ”

“သမီးကြားဖူးတာကတော့ ‘ခဏလောက် မတ်တတ်ရပ်ပြပါ’ လို့ ပြောပါတယ်”

“ဟုတ်ပါတယ်။ ‘တန်းထ’ ထက်တော့ ပိုပြီး သွယ်ဝိုက်တဲ့ သဘောပါတာပေါ့။ အခမ်းအနားတွေမှာ အခမ်းအနားမစခင် တာဝန်ရှိပုဂ္ဂိုလ် ရောက်လာတဲ့ အခါမျိုးမှာ အခမ်းအနားမှူးဟာ ပရိသတ်ကို မတ်တတ်ရပ်ဖို့ ပြောရင်ကော”

“ ‘နာယကကြီးများနဲ့ တာဝန်ရှိပုဂ္ဂိုလ်များ ကြွရောက်လာပြီဖြစ်တဲ့အတွက် မတ်တပ်ရပ်ကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျာ ’ ဆိုတာမျိုး ပြောပါတယ် ဘဘ”

“ဟုတ်ပါတယ်။ ဒီတော့ နေရာကိုလိုက်ပြီး ပရိသတ်အမျိုးအစားကိုလိုက်ပြီး မတ်တတ်ရပ်ဖို့ ပြောတဲ့စကားတစ်မျိုးတည်းမှာတောင် သွယ်ဝိုက်တဲ့ အတိုင်းအတာ အမျိုးမျိုး ကွဲပြားတာပေါ့ကွယ်”

တီထွင်မှု မူပိုင်ခွင့်ဥပဒေ ပြဋ္ဌာန်း

ယမန်နေ့မှအဆက်

၅၈။ တီထွင်မှုမူပိုင်ခွင့်ပိုင်ဆိုင်မှု လွှဲပြောင်းခြင်းနှင့် စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိထံ မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းမရှိလျှင် ယင်းပိုင်ဆိုင်မှုလွှဲပြောင်းခြင်းသည် အကျိုးသက်ရောက်မှု မရှိစေရ။

၅၉။ နိုင်ငံတော်ရှိ မျိုးရိုးဗီဇ၊ ဇီဝအရင်းအမြစ် သို့မဟုတ် ရိုးရာအသိပညာမှ တိုက်ရိုက်ဆင်းသက်လာသော တီထွင်မှုတစ်ခုနှင့် စပ်လျဉ်း၍ အေဂျင်စီသည် -

(က) ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၇) ပါ ပြဋ္ဌာန်းချက်နှင့် ကိုက်ညီမှုမရှိဘဲ လျှောက်ထားသူက မှားယွင်းစွာချန်လှပ်၍ လျှောက်ထားခဲ့သည့် တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုခဲ့ကြောင်း တွေ့ရှိလျှင် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာလုပ်ငန်း၏ အကျိုးအမြတ်ကို သက်ဆိုင်ရာအဖွဲ့အစည်းသို့ လွှဲပြောင်းပေးရန် တီထွင်မှုမူပိုင်ခွင့်ရရှိသူအား ညွှန်ကြားနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာလုပ်ငန်း၏ အကျိုးအမြတ်များကို သက်ဆိုင်ရာ အဖွဲ့အစည်းက လွှဲပြောင်းရယူပြီးနောက် တီထွင်မှုမူပိုင်ခွင့်သည် အများပြည်သူနှင့် အလွန်အမင်းသက်ဆိုင်လာလျှင်သော်လည်းကောင်း၊ ကိုယ်ကျင့်သိက္ခာနှင့် အေးချမ်းတည်ငြိမ်မှုဆိုင်ရာ ကိစ္စရပ်များ ဖြစ်ပေါ်ခဲ့လျှင်သော်လည်းကောင်း တီထွင်မှုမူပိုင်ခွင့် လျှောက်ထားခြင်းကို ရုပ်သိမ်းစေရမည် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်ကို စွန့်လွှတ်စေရမည်။

အခန်း (၁၆)
ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်း

၆၀။ တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကိုဖြစ်စေ ယင်း၏ မှတ်ပုံတင်ထားသော တီထွင်မှုမူပိုင်ခွင့်ကို အသုံးပြုရန်အတွက် စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးနိုင်သည်။

၆၁။ တီထွင်မှုမူပိုင်ခွင့်ရရှိသူ သို့မဟုတ် ယင်း၏ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူတို့သည် ခွင့်ပြုချက် စာတမ်းအမှတ်အသား မိတ္တူမှန်နှင့်အတူ သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၆၂။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၆၁ အရ လျှောက်ထားချက်နှင့် စပ်လျဉ်း၍ တီထွင်မှုမူပိုင်ခွင့် အခွင့်အရေးများကို အလွဲသုံးစားပြုခြင်းနှင့် ယှဉ်ပြိုင်မှုကို ဆန့်ကျင်ခြင်း မရှိကြောင်း၊ နိုင်ငံတော်၏ အကျိုးစီးပွားကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်နိုင်ခြင်း မရှိကြောင်း၊ ယေဘုယျအားဖြင့် နည်းပညာကျွမ်းကျင်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတား သို့မဟုတ် အနှောင့်အယှက် ဖြစ်နိုင်ခြင်း မရှိကြောင်း သို့မဟုတ် အဆိုပါ အကျိုးသက်ရောက်မှုတစ်ခုခုကို ဖြစ်စေသည့် အချက်တစ်ရပ်ရပ် ပါရှိခြင်း မရှိကြောင်း စိစစ်တွေ့ရှိပါက ထိုခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ပြီး သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၆၃။ တီထွင်မှုမူပိုင်ခွင့်ရရှိသူ သို့မဟုတ် ယင်း၏ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူတို့က မှတ်ပုံတင်အရာရှိထံတွင် မှတ်တမ်းတင်ထားသည့် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို ပယ်ဖျက်ရန် သတ်မှတ်ချက်နှင့်အညီ လျှောက်ထားလျှင် မှတ်ပုံတင်အရာရှိက မှတ်တမ်းမှ ပယ်ဖျက်ပြီး ယင်းသို့ ပယ်ဖျက်ကြောင်း အများပြည်သူသိရှိစေရန် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၆၄။ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းနှင့် စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိထံ မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းမရှိလျှင် ယင်းခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းသည် အကျိုးသက်ရောက်မှု မရှိစေရ။

အခန်း (၁၇)
မလွှဲမသွေပေးရမည့် လိုင်စင်

၆၅။ (က) ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်ရပ်သည် အောက်ဖော်ပြပါ အခြေအနေတစ်ရပ်ရပ်တွင် မလွှဲမသွေပေးရမည့် လိုင်စင်ကို သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည် -

(၁) အများပြည်သူအကျိုးအတွက်ဖြစ်သည့် နိုင်ငံတော်လုံခြုံရေး၊ စားနပ်ရိက္ခာဖြည့်တင်းရေး၊ ကျန်းမာရေး သို့မဟုတ် အမျိုးသားအကျိုးစီးပွားဆိုင်ရာ အရေးကြီးသော ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးတွင် အထူးလိုအပ်လျက်ရှိခြင်း၊

(၂) တီထွင်မှုမူပိုင်ခွင့်ရရှိသူ သို့မဟုတ် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူ၏ အသုံးပြုသည့် နည်းလမ်းသည် ယှဉ်ပြိုင်မှုပြုခြင်းကို ဆန့်ကျင်သည်ဟု တရားစီရင်ရေးအဖွဲ့အစည်း သို့မဟုတ် အုပ်ချုပ်ရေးအဖွဲ့အစည်းက ဆုံးဖြတ်ပြီးနောက် ဤပုဒ်မခွဲနှင့်အညီ တီထွင်မှုကို အသုံးပြုစေခြင်းသည် အဆိုပါ ယှဉ်ပြိုင်မှုပြုခြင်းကို ဆန့်ကျင်သည့် လုပ်ရပ်အား ကုစားနိုင်မည့် အခြေအနေဖြစ်ခြင်း၊

(၃) တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ၎င်း၏ သီးသန့်အခွင့်အရေးများကို မတရားအသုံးပြုခြင်း သို့မဟုတ် ၎င်းက ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးထားသူ၏ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ဆိုင်ရာ သီးသန့်အခွင့်အရေးများကို မတရားအသုံးပြုခြင်းအား ဟန့်တားရန် ဆောင်ရွက်ခြင်းမရှိဘဲ လျစ်လျူရှုထားခြင်း၊

(၄) တီထွင်မှုကို ပြည်တွင်းတွင် ထုတ်လုပ်ခြင်းဖြင့်သော်လည်းကောင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်းဖြင့်သော်လည်းကောင်း လုံလောက်သည့် အရေအတွက် သို့မဟုတ် လုံလောက်သည့် အရည်အသွေး သို့မဟုတ် သင့်တင့်မျှတသည့် ဈေးနှုန်းဖြင့် ပြည်တွင်းတွင် မရရှိနိုင်ခြင်း၊

(၅) ဒုတိယတီထွင်မှုမူပိုင်ခွင့်သည် စီးပွားရေးတွင် သိသာစွာအကျိုးရှိမည့် အရေးကြီးသော နည်းပညာအဆင့်မြှင့်မှုတစ်ရပ်ပါသည့် တီထွင်မှုတစ်ခုကို အကာအကွယ်ပေးရန် တောင်းဆိုရာတွင် အဆိုပါတီထွင်မှုသည် ပထမတီထွင်မှုမူပိုင်ခွင့်တွင် တောင်းဆိုထားသည့် တီထွင်မှုနှင့် ဆက်စပ်နေပြီး ယင်းကို ချိုးဖောက်ခြင်းမရှိဘဲ ဒုတိယ တီထွင်မှုမူပိုင်ခွင့်ကို မဆောင်ရွက်နိုင်ခြင်း။

(ခ) မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (က) အရ လျှောက်ထားလာသော လျှောက်ထားချက်ကို စိစစ်၍ အေဂျင်စီသို့ တင်ပြရမည်။ မှတ်ပုံတင်အရာရှိ၏ တင်ပြချက်အပေါ် အေဂျင်စီသည် ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုရမည်။

၆၆။ (က) အေဂျင်စီသည် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်ရပ်က ရရှိပြီးဖြစ်သော မလွှဲမသွေပေးရမည့် လိုင်စင်ကို ရုပ်စဲပေးရန် တီထွင်မှုမူပိုင်ခွင့်ရရှိသူက တောင်းဆိုလာလျှင် နှစ်ဖက်စလုံးမှဖြစ်စေ၊ တစ်ဖက်တည်းမှဖြစ်စေ ကြားနာရန် ဆန္ဒရှိပါက ကြားနာစစ်ဆေးပြီး ပုဒ်မ ၆၅၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းခြင်းမရှိလျှင်သော်လည်းကောင်း၊ လိုင်စင်အသုံးပြုခွင့် ပေးထားခြင်းခံရသူက ယင်းလိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်ကြောင်း ပေါ်ပေါက်ခဲ့လျှင်သော်လည်းကောင်း ယင်းလိုင်စင်ကို ရုပ်စဲရမည်။

(ခ) ပုဒ်မခွဲ (က) အရ လိုင်စင်ကို ရုပ်စဲရမည်ဖြစ်သော်လည်း လိုင်စင်အသုံးပြုခွင့် ပေးထားခြင်းခံရသူ၏ တရားဝင်အကျိုးစီးပွားအား လုံလောက်စွာ အကာအကွယ်ပေးနိုင်ရန် ယင်းလိုင်စင်ကို ဆက်လက်အသုံးပြုခွင့် ပေးသင့်သည်ဟု ယူဆလျှင်သော်လည်းကောင်း၊ ပုဒ်မ ၆၅၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ ယှဉ်ပြိုင်မှုပြုခြင်းကို ဆန့်ကျင်သော လုပ်ရပ်အား ကုစားနိုင်ရန် ထုတ်ပေးထားသော လိုင်စင်ဖြစ်ခဲ့လျှင်သော်လည်းကောင်း၊ မလွှဲမသွေပေးရမည့် လိုင်စင်ထုတ်ပေးရန် အခြေအနေများ ထပ်မံဖြစ်ပွားဟန်ရှိလျှင်သော်လည်းကောင်း အေဂျင်စီသည် အဆိုပါလိုင်စင်ကို ရုပ်စဲခြင်း မပြုရ။

၆၇။ မလွှဲမသွေပေးရမည့် လိုင်စင်သည် သီးသန့်အခွင့်အရေးမရရှိသော လိုင်စင်ဖြစ်သဖြင့် အောက်ပါ အချက်များတွင် သက်ဆိုင်ခြင်း မရှိစေရ -

(က) တီထွင်မှုမူပိုင်ခွင့်ရရှိသူကိုယ်တိုင် ပြည်တွင်း၌ ထုတ်လုပ်ရာတွင်ဖြစ်စေ၊ ပြည်တွင်းသို့ တင်သွင်းရာတွင်ဖြစ်စေ၊ နှစ်ရပ်စလုံးတွင်ဖြစ်စေ ယင်း၏ တီထွင်မှုကို အသုံးပြုခြင်း၊

(ခ) တီထွင်မှုမူပိုင်ခွင့်ရရှိသူ၏ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးရန် သဘောတူစာချုပ်များကို ချုပ်ဆိုခြင်း၊

(ဂ) တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ပုဒ်မ ၅၂ တွင်ပါရှိသော ယင်း၏ အခွင့်အရေးများကို ကျင့်သုံးဆဲဖြစ်ခြင်း။

၆၈။ အေဂျင်စီသည် ပုဒ်မ ၆၅ အရ မလွှဲမသွေပေးရမည့် လိုင်စင်ထုတ်ပေးသည့်အခါ-

(က) ထိုသို့ လိုင်စင်ထုတ်ပေးကြောင်း သက်ဆိုင်ရာ တီထွင်မှုမူပိုင်ခွင့်ရရှိသူအား ဆောလျင်စွာ အကြောင်းကြားရမည်။

(ခ) တီထွင်မှုမူပိုင်ခွင့်ရရှိသော တီထွင်မှုအား လိုင်စင်ရရှိသူက စတင်အသုံးပြုရမည့်နေ့၊ လိုင်စင်သက်တမ်းအစရှိသည့် လိုင်စင်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့် တီထွင်မှုမူပိုင်ခွင့်ရရှိသူအား ပေးအပ်ရမည့် နစ်နာကြေးတို့ကို သတ်မှတ်ဖော်ပြရမည်။

၆၉။ (က) တူညီသော ဆေးဝါးထုတ်ကုန်ကို ပြုလုပ်ရန် အခြားနည်းစဉ်တစ်ခုကို မသိရှိနိုင်သော သို့မဟုတ် မရရှိနိုင်သောအခြေအနေအတွက် ဆေးဝါးထုတ်ကုန်တစ်ခု သို့မဟုတ် ဆေးဝါးထုတ်လုပ်သည့် နည်းစဉ်တစ်ခု၏ တီထွင်မှုမူပိုင်ခွင့်တစ်ခုကို လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းအတွက် နစ်နာကြေးကို ဆုံးဖြတ်ရာတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အထွေထွေကောင်စီ၏ ၂၀၀၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့ ဆုံးဖြတ်ချက်ပါ စည်းကမ်းချက်များကို ထည့်သွင်းစဉ်းစားနိုင်သည်။

(ခ) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသည့်နေ့မှ လေးနှစ် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့် ခွင့်ပြုသည့်နေ့မှ သုံးနှစ်မတိုင်မီကာလများအနက် ပို၍နောက်ကျသည့် ကာလအတွင်းတွင် ပုဒ်မ ၆၅၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၄) တွင် ဖော်ပြထားသကဲ့သို့ တီထွင်မှုမူပိုင်ခွင့် ရရှိထားသော ထုတ်ကုန် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်ရရှိထားသော ထုတ်လုပ်မှုနည်းစဉ်မှ ထုတ်လုပ်သည့်ထုတ်ကုန်ကို လုံလောက်စွာ မထုတ်လုပ်နိုင်သည့် အကြောင်းပြချက်ဖြင့် မလွှဲမသွေပေးရမည့် လိုင်စင်တစ်ရပ်ကို လျှောက်ထားခြင်း မပြုနိုင်။ ထို့ပြင် တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ယင်း၏ မလုပ်ဆောင်နိုင်မှု သို့မဟုတ် လုံလောက်အောင် မဆောင်ရွက်နိုင်မှုအပေါ်တွင် ခိုင်လုံသော အကြောင်းပြချက်ဖြင့် ခုခံချေပနိုင်ပါက အဆိုပါ လျှောက်ထားချက်ကို ငြင်းဆိုရမည်။

(ဂ) အေဂျင်စီသည် တီထွင်မှုမူပိုင်ခွင့်ရရှိသူ သို့မဟုတ် လိုင်စင်အသုံးပြုခွင့်ပေးထားခြင်း ခံရသူ၏ တောင်းဆိုချက်အပေါ်တွင် နှစ်ဖက်စလုံးမှဖြစ်စေ၊ တစ်ဖက်တည်းကဖြစ်စေ ကြားနာရန် ဆန္ဒရှိပါက ကြားနာစစ်ဆေးပြီး တီထွင်မှုမူပိုင်ခွင့်ကို လိုင်စင်ပေးသည့် ဆုံးဖြတ်ချက်ပါ သတ်မှတ်ချက်များအား ပြောင်းလဲသွားသော အခြေအနေနှင့် လိုက်လျောညီထွေဖြစ်သည်အထိ ပြင်ဆင်သတ်မှတ်နိုင်သည်။

(ဃ) မလွှဲမသွေပေးရမည့် လိုင်စင်သည် လိုင်စင်ရပုဂ္ဂိုလ်၏ စီးပွားရေးလုပ်ငန်းအခွဲများကိုသာ လွှဲပြောင်းပေးအပ်နိုင်သည်။

၇၀။ (က) ပုဒ်မ ၆၅ အရ မလွှဲမသွေပေးရမည့် လိုင်စင်လျှောက်ထားရာတွင် တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ယင်းလိုင်စင်လျှောက်ထားသူထံမှ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးရန် တောင်းဆိုချက်ကို လက်ခံရရှိခဲ့သော်လည်း အဆိုပါ လျှောက်ထားသည့် ပုဂ္ဂိုလ်ကို သင့်လျော်သောအချိန်အတွင်း သင့်လျော်သော ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ စည်းကမ်းချက်များပါရှိသည့် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ကိုမပေးခဲ့ကြောင်း သက်သေခံအထောက်အထားကို ပူးတွဲတင်ပြရမည်။

(ခ) နိုင်ငံတော်၏ အရေးပေါ်အခြေအနေ သို့မဟုတ် ချက်ချင်းဆောင်ရွက်ရန် လိုအပ်သည့် ကိစ္စရပ်များ သို့မဟုတ် စီးပွားရေးအကျိုးအမြတ်အတွက် မဟုတ်ဘဲ အများပြည်သူအတွက် အသုံးပြုသည့်ကိစ္စရပ်များ သို့မဟုတ် တရားစီရင်ရေး သို့မဟုတ် အုပ်ချုပ်ရေးလုပ်ငန်းစဉ်ဖြင့် ဆုံးဖြတ်ထားသည့် ယှဉ်ပြိုင်မှုပြုခြင်းကို ဆန့်ကျင်ခြင်းအား ကုစားရန် လိုင်စင်ပေးအပ်သည့်အခါများတွင် ပုဒ်မခွဲ (က) တွင် ဖော်ပြထားသော ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိရန် ကြိုးပမ်းခဲ့မှုနှင့် ပတ်သက်သည့် သက်သေခံအထောက်အထားများ ပူးတွဲတင်ပြရန်မလို။

၇၁။ အေဂျင်စီမှ လိုင်စင်ထုတ်ပေးထားသောပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းက တီထွင်မှုကို အသုံးပြုခြင်းသည် ပုဒ်မ ၆၅၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ ယှဉ်ပြိုင်မှုပြုခြင်းအား ဆန့်ကျင်သည့် လုပ်ရပ်ကို ကုစားရန် ခွင့်ပြုပေးထားသောအခါ သို့မဟုတ် မလွှဲမသွေပေးရမည့် လိုင်စင်သည် ဆေးဝါးထုတ်ကုန်တစ်ခု သို့မဟုတ် ဆေးဝါးထုတ်လုပ်မှုနည်းစဉ်တစ်ခုကို တောင်းဆိုထားသည့် တီထွင်မှုမူပိုင်ခွင့်တစ်ခုနှင့် သက်ဆိုင်နေပြီး လိုင်စင်ထုတ်ပေးရသည့် ရည်ရွယ်ချက်သည် ထုတ်လုပ်နိုင်မှုစွမ်းရည်မရှိသော သို့မဟုတ် ထုတ်လုပ်ရန် စွမ်းရည်မပြည့်မီသော နိုင်ငံ သို့မဟုတ် နိုင်ငံခြားတိုင်းပြည်၏ နယ်နိမိတ်အတွင်းသို့ အဆိုပါ ထုတ်ကုန်များကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အထွေထွေကောင်စီ၏ ၂၀၀၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့ ရက်စွဲပါ ဆုံးဖြတ်ချက်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ တင်ပို့ရန်ဖြစ်သည့်အခါတို့မှတစ်ပါး အဓိကအားဖြင့် နိုင်ငံတော်၏ ဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ဖြစ်ရမည်။

၇၂။ ပုဒ်မ ၆၅၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၅) အရ မလွှဲမသွေပေးရမည့် လိုင်စင်တစ်ရပ်ကို ခွင့်ပြုသည့်အခါ -

(က) ပထမတီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ဒုတိယတီထွင်မှုမူပိုင်ခွင့်တွင် တောင်းဆိုထားသော တီထွင်မှုများကို သင့်လျော်သော စည်းကမ်းသတ်မှတ်ချက်များဖြင့် အပြန်အလှန် အသုံးပြုခွင့်လိုင်စင် ရခွင့်ရှိစေရမည်။

(ခ) ဒုတိယတီထွင်မှုမူပိုင်ခွင့်နှင့်အတူ လွှဲပြောင်းလုပ်ကိုင်ခွင့်ပေးခြင်းမှအပ ပထမတီထွင်မှု မူပိုင်ခွင့်အား ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးထားခြင်းကို လွှဲပြောင်းလုပ်ကိုင်ခွင့် မရှိစေရ။

၇၃။ မလွှဲမသွေပေးရမည့် လိုင်စင်ခွင့်ပြုပေးရန် တောင်းဆိုချက် သို့မဟုတ် နစ်နာကြေးဆိုင်ရာ ဆုံးဖြတ်ချက်အပါအဝင် ယင်းလိုင်စင်ခွင့်ပြုချက်နှင့် စပ်လျဉ်းသည့် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ပုဒ်မ ၉၄ အရ မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားနိုင်သည်။

အခန်း (၁၈)
တီထွင်မှုမူပိုင်ခွင့်ကို ပြန်လည်အပ်နှံခြင်းနှင့် ရုပ်သိမ်းခြင်း

၇၄။ တီထွင်မှုမူပိုင်ခွင့် ရရှိသူသည် -

(က) တီထွင်မှုမူပိုင်ခွင့်ကို ယင်း၏ဆန္ဒအလျောက် မှတ်ပုံတင်အရာရှိထံ ပြန်လည်အပ်နှံနိုင်သည်။

(ခ) တီထွင်မှုမူပိုင်ခွင့်ကို တစ်ဦးထက်ပိုသူများက ပူးတွဲရရှိထားခြင်းဖြစ်ပြီး ယင်းတို့အချင်းချင်း အခြားနည်းဖြင့် သဘောတူညီချက်တစ်စုံတစ်ရာ မရှိလျှင် ပူးတွဲတီထွင်မှု မူပိုင်ခွင့်ရရှိသူအားလုံး၏ သဘောတူညီချက်ဖြင့် တီထွင်မှုမူပိုင်ခွင့်ကို မှတ်ပုံတင်အရာရှိထံ ပြန်လည်အပ်နှံနိုင်သည်။

၇၅။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့် ပြန်လည်အပ်နှံခြင်းကို စိစစ်၍ ယင်းသို့ ပြန်လည်အပ်နှံကြောင်း မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး အများပြည်သူ သိရှိစေရန် သတ်မှတ်ထားသည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၇၆။ သက်ဆိုင်ရာ ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသောအဖွဲ့အစည်းသည် ပုဒ်မ ၇၇ ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း တွေ့ရှိပါက တီထွင်မှုမူပိုင်ခွင့် တစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း ရုပ်သိမ်းပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၇၇။ မှတ်ပုံတင်အရာရှိသည် သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း၏ လျှောက်ထားချက်အရ တီထွင်မှုမူပိုင်ခွင့်သည် အောက်ပါအချက် တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း တွေ့ရှိပါက တီထွင်မှုမူပိုင်ခွင့် တစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း ရုပ်သိမ်းရမည် -

(က) တီထွင်မှုသည် ပုဒ်မ ၁၃ နှင့် ၁၄ တို့အရ တီထွင်မှုမူပိုင်ခွင့်ရနိုင်သော တီထွင်မှု မဟုတ်ကြောင်း ပေါ်ပေါက်ခြင်း၊

(ခ) တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် တီထွင်မှုမူပိုင်ခွင့်ကို ရခွင့်ရှိသူ မဟုတ်ကြောင်း ခိုင်လုံသော သက်သေခံအထောက်အထား ပေါ်ပေါက်ခြင်း၊

(ဂ) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်တွင် ပြင်ဆင်မှုများသည် ဖော်ပြချက်ကို ထုတ်ပြန်ကြေညာခဲ့စဉ်က မူလလျှောက်ထားချက်တွင် တောင်းဆိုထားသည့် အရာများထက် ကျော်လွန်နေကြောင်း တွေ့ရှိခြင်း၊

(ဆက်လက်ဖော်ပြပါမည်)

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာဘိဝံသ ၏
၇၉-နှစ်ပြည့် မွေးနေ့ ဂုဏာပူဇာ ဝိဇာတမင်္ဂလာ နှင့်
ဝဇီရာနန္ဒဓမ္မစင်တာ သာသနိကအဆောက်အအုံများကို ရေစက်ချလှူဒါန်းခြင်း
ကျောင်းလွှတ်ပူဇာ အလှူတော်မင်္ဂလာ ဖိတ်ကြားလွှာ

မဟာသုဘောဓာရုံကျောင်းတိုက်များ၏ ဦးစီးပဓာန နာယက ၊ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက ၊
အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာဘိဝံသ (သ. စ. အ ဓမ္မာစရိယ ၊ ပါဠိပါရဂူ) ၏
၇၉-နှစ်ပြည့် မွေးနေ့ ဂုဏာပူဇာ ဝိဇာတမင်္ဂလာ နှင့်
ဝဇီရာနန္ဒဓမ္မစင်တာ သာသနိကအဆောက်အအုံများကို ရေစက်ချလှူဒါန်းခြင်း
ကျောင်းလွှတ်ပူဇာ အလှူတော်မင်္ဂလာ အခမ်းအနား ကို
၁၃၈၀-ပြည့်နှစ် ၊ တပေါင်းလပြည့်ကျော် ၂-ရက် ၊(၂၂-၃-၂၀၁၉) သောကြာနေ့တွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် ၊
ဇဝနသိဒ္ဓိရပ်ကွက် ၊ ခွါညိုပန်းအဝိုင်းအနီး ဝဇီရာနန္ဒဓမ္မစင်တာ ကျောင်းတိုက်၌ ဆင်ယင်ကျင်းပမည် ဖြစ်ပါသည်။

နံနက် ၆း၀၀ နာရီ	=	ပင့်သံဃာတော်အပါး ၃၀၀ နှင့် သီလရှင်အပါး ၁၀၀ တို့အား အရုဏ်ဆွမ်းဆက်ကပ်ခြင်း။
နံနက် ၇း၀၀ နာရီ	=	ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ခြင်း။
နံနက် ၉း၀၀ နာရီ	=	အထူးပင့် သံဃာတော် ၁၁-ပါး ပါဝင်မည့် ကျောင်းလွှတ်ပူဇာ ရေစက်ချ အလှူတော်မင်္ဂလာ အခမ်းအနား ကျင်းပခြင်း။ ကျောင်းလွှတ်ပူဇာ မွေးနေ့အလှူမင်္ဂလာ အခမ်းအနားသို့ တက်ရောက်ကြည်ညို ကုသိုလ်ယူနိုင်ပါရန် ဖိတ်ကြားအပ်ပါသည် ဓမ္မမိတ်ဆွေများအားလုံး ကြွရောက်ပူဇော်နိုင်ပါသည်။

(ဆွမ်းဆန်စိမ်းလောင်းလှူမည့် အလှူရှင်များသည် အလှူရှင်အမည် ၊ လောင်းလှူမည့်လူဦးရေ ၊ လောင်းလှူမည့် အလှူပစ္စည်းတို့အား အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ Messenger သို့မဟုတ် Viber တို့ဖြင့် ကြိုတင် ပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။)
တပည့်ဒါယကာ ဒါယိကာမများ
၀၉-၈၉၀၅၀၀၁၁၂ ၊ ၀၉-၈၉၀၅၀၀၁၁၃

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၁၈ယ/၅၀၇၈၉၊ Yamaha DT -125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နေစိုး ၉/ခအဇ(နိုင်)၀၀၀၁၈၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း
လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ မြေကွက်အမှတ်-၁၄၃၊ မြေကွက်တည်နေရာအမှတ်-၁၄၃၊ ဗိုလ်စိန်မှန်လမ်း၊ (၁)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဒေါ်မြင့်မြင့် (HZA-၁၉၉၀၃၄)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား ဂရန်အမည်ပေါက်-ဒေါ်မြင့်မြင့်(မိခင်)သည် ၂၇-၂-၂၀၁၇ရက်တွင်လည်းကောင်း၊ ဖခင်ဖြစ်သူသည် ၃-၅-၁၉၇၅ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားသဖြင့် သားသမီးများဖြစ်ကြသော ဦးမြဝေ ၁၂/မရက(နိုင်)၀၈၀၇၀၉၊ ဒေါ်ခင်ငွေးဝင်း ၁၂/မရက(နိုင်)၀၈၀၇၁၄တို့မှ သားသမီးများတော်စပ်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ မိခင်၊ ဖခင်တို့၏သေစာရင်း၊ နှစ်(၆၀)ဂရန်မူရင်းနှင့် ကိုယ်စားလှယ်လွှဲစာပေးအပ်သူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း တရားရုံးကျမ်းကျိန်လွှာတို့တင်ပြ၍ ဦးမြဝေ၊ ဒေါ်ခင်ငွေးဝင်းတို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ် ၅၉၀၆/၁၈(၆-၆-၁၈) ဖြင့် ကိုယ်စားလှယ်လွှဲအပ်ခံရသူ ဦးမျိုးကျော် ၅/ခဥတ(နိုင်)၀၅၇၆၅၆မှ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
ဌာနမှူး(ကိုယ်စား)
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄B)၊ မြေကွက်အမှတ်(၂၆၄)၊ ဧရိယာ ၁၂၅၀စတုရန်းပေ၊ အတိုင်းအတာ(၂၅'×၅၀')၊ မြေကွက်တည်နေရာအမှတ်(၂၆၄)၊ ၆လမ်း၊ ပုသိမ်ညွှန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် (ဦးစန်းမြင့် ၁၂/မဂတ(နိုင်) ၀၄၉၈၀၄) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား မြေအမည်ပေါက် ဦးစန်းမြင့်(ခင်ပွန်း) သည် ၂-၉-၁၉၉၉ရက်တွင် ကွယ်လွန်သွားပါသဖြင့် ဒေါ်အုန်းကျင် ၁၂/မဂတ(နိုင်) ၀၄၉၈၀၃မှ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်း၊ ကွယ်လွန်သူခင်ပွန်းသည်တွင် ၎င်းမှလွဲ၍ အခြားသောဇနီး/မယား တစ်ဦးတစ်ယောက်မျှမရှိကြောင်းနှင့် ယင်းမြေပေါ်တွင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ မိမိမှသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ၎င်းမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ မည်သူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျမ်းကျိန်လွှာ အမှတ်-၁/၁၂၇၉(၇-၁-၂၀၁၉)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဦးစန်းမြင့် အမည်ပေါက်ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ လျှောက်ထားသူမှ မြေစာရင်းမှတ်ချက်ရှိ ၂၀၁၅ခုနှစ် ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ် မြေပုံမြေရာဇဝင်ကူးများ လျှောက်ထားခဲ့ရာ ယင်းသို့ လျှောက်ထားခဲ့သော မြေပုံမြေရာဇဝင်များနှင့် ပတ်သက်သည့် စာရွက်စာတမ်းများသည် မိမိ၏လက်ဝယ်တွင် အထားအသိုမှားယွင်း၍ ပျောက်ဆုံးသွားခဲ့ပြီး အမှန်တကယ်ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာအမှတ် ၂/၅၅၂(၈-၂-၂၀၁၉)တင်ပြလာပါသည်။ မြေပြင်ကွင်းဆင်းစစ်ဆေးရာ တစ်ထပ်အုတ်ညှပ်အဆောက်အအုံတစ်လုံးရှိပြီး လျှောက်ထားသူမနေ၊ အရပ်ကတိဖြင့်နေသူ ဦးမင်းမွန်သိန်း-ဒေါ်မိငြိမ်းမေတို့နေထိုင်ပါသည်။ လျှောက်ထားသူမှ အရပ်ကတိဖြင့်နေသူများရှိခြင်းနှင့် ပတ်သက်၍ ဝန်ခံကတိနှင့် အရပ်ကတိဝယ်သူများမှ သဘောတူညီကြောင်း ကိုယ်တိုင်ဝန်ခံကတိတို့ လာရောက်တင်ပြပြီးဖြစ်ပါသဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ကော့သောင်းမြို့နယ်တရားရုံး၌
၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၄၀
မသင်းသီရိဝင်း **နှင့်** သက်မင်းလတ်
တရားလို **တရားပြိုင်**
တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့၊ အေးမြကန်သာရပ်ကွက်၊ နွယ်သာကီလမ်းနေ တရားပြိုင်ဖြစ်သူ သက်မင်းလတ်(ယခုနေရပ်လိပ်စာမသိသူ) အား သိစေရမည်။
သင့်အပေါ်၌ တရားလို မသင်းသီရိဝင်းက လင်မယားကွာရှင်းပြတ်စဲပေးလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေဖြစ်စေ ၂၀၁၉ ခုနှစ် မတ် ၈ ရက် (၁၃၈၀ပြည့်နှစ် တပေါင်းလပြည့်ကျော် ၈ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။
၂၀၁၉ခုနှစ် မတ် ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။
(အိအိဖြိုးဇော်)
ဒုတိယမြို့နယ်တရားသူကြီး
ကော့သောင်းမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
သာကေတမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁၀/တောင်၊မြေကွက်အမှတ်-၁၄၄၈/က၊ မြေဧရိယာ-၁၂၀၀ စတုရန်းပေ၊အတိုင်းအတာ(ပေ)(၂၀'×၆၀')၊မြေကွက်တည်နေရာအမှတ်-၁၄၄၈/က၊သဉ္ဇာတော(၁)လမ်း၊(၁၃)ရပ်ကွက်၊(၁၀/တောင်)၊သာကေတမြို့နယ် ဒေါ်ဝင်းကျင်(၁၂/သကတ(နိုင်)၀၅၃၇၁၇)အမည်ပေါက်၊နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်ဒေါ်ဝင်းကျင်(မိခင်)သည်၃၀-၉-၂၀၁၃ရက်နေ့တွင်ကွယ်လွန်ကြောင်း၊ဦးညွန့်ဟန်(ဖခင်)မှာလည်းသာသနာ့ဝင်မှတ်ပုံတင်အမှတ်(၇/ပခန(သ)၀၁၂၆၆၂)ကိုကိုင်ဆောင်၍အရှင်ဇဝနဘွဲ့အမည်ဖြင့်လောကီအမွေအနှစ်များကိုစွန့်လွှတ်ကာသာသနာ့ဘောင်သို့ အပြီးအပိုင်ဝင်ရောက်သွားပြီဖြစ်၍၁။ဦးဇေယျာလင်းထိုက်(၁၂/သကတ(နိုင်)၁၄၀၆၃၂)၊ ၂။ဦးကျော်ဇေယျာမင်း(၁၂/သကတ(နိုင်)၁၅၈၀၄၇)၊၃။ဦးအေးဇေယျာဟန်(၁၂/သကတ(နိုင်)၁၆၉၀၀၉)တို့မှအမည်ပေါက်၏သားသမီးများတော်စပ်ကြောင်း၊ဦးညွန့်ဟန်နှင့်ဒေါ်ဝင်းကျင်တို့တွင်သားအရင်းများအဖြစ်၎င်းတို့ညီအစ်ကို(၃)ဦးတည်းကိုသာမွေးဖွားထွန်းကားခဲ့ပါကြောင်း၊အခြားသောသားသမီး/မွေးချင်းတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ကိုတ္တိမသားသမီးများလည်းမွေးစားထားခဲ့ခြင်းလုံးဝမရှိပါကြောင်း၊၎င်းတို့(၃)ဦးကသာလျှင်မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရတရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိကြောင်း၁၇-၇-၂၀၁၈ရက်စွဲပါကျမ်းကျိန်လွှာအမှတ်စဉ်-၁၄၁၃/၂၀၁၈၊ဂရန်မူရင်းပျောက်ဆုံးကြောင်းသက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ရဲစခန်းထောက်ခံချက်၊ကိုယ်တိုင်ဝန်ခံချက်၊နှစ်(၆၀)ဂရန်မူရင်းမှာအထားအသိုမှားယွင်းကာပျောက်ဆုံးသွားခဲ့ပါကြောင်း၊နှစ်(၆၀)ဂရန်မူရင်းအားအခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှလွှဲပြောင်းရောင်းချထားခြင်း၊ပေါင်နှံထားခြင်း၊ပေးကမ်းထားခြင်း၊စွန့်လွှတ်ထားခြင်း၊လှူဒါန်းထားခြင်း၊အာမခံအဖြစ်တင်သွင်းထားခြင်းတို့လုံးဝမရှိပါကြောင်း ၁၇-၇-၂၀၁၈ရက်စွဲပါကျမ်းကျိန်လွှာ၊ထပ်ဆင့်ကျမ်းကျိန်လွှာ၊သေစာရင်း၊အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ဂရန်ပျောက်ဖြင့်ပိုင်ဆိုင်ကြောင်းစာချုပ်ရန်မြေပုံကူးလျှောက်ထားလာပါသည်။မြေပြင်ကွင်းဆင်းစစ်ဆေးရာတွင်(၂)ထပ်အုတ်ညှပ်အဆောက်အဦ(၁)လုံးရှိပြီးလျှောက်ထားသူကိုယ်တိုင်နေထိုင်သဖြင့်တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။
ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၂၀)၊ဇီဝကလမ်း၊မြေကွက်အမှတ်(၃၆၇)၊ ဦးချစ်အောင်၊ဦးတင်ညွန့်အမည်ပေါက်ပါမစ်မြေအမျိုးအစားမြေကွက်အနက်မှ ခြေရင်းဘက်ခြမ်းစည်ပင်လမ်းနှင့်ကပ်လျက်ရှိသည့်အကျယ်အဝန်း(၂၀ပေ × ၆၀ပေ)ရှိမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအဆောက်အဦးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူဦးမင်းနိုင်(၅/တဆန(နိုင်)၁၀၄၂၃၉)ထံမှကျွန်ုပ်တို့၏မိတ်ဆွေဒေါ်နှင်းနှင်းကြည်ကဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီးဖြစ်ပါသည်။အရောင်းအဝယ်အားကန့်ကွက်လိုပါကကျွန်ုပ်တို့ထံသို့စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ
ဦးခင်မောင်ဦး — LL.B, D.B.L, D.I.L, — တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၅၂)
ဦးထိန်လင်းသန်း — LL.B, D.B.L, D.I.L, D.M.L, — တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)
Hein Htet San Law Firm ဖုန်း – ၀၉၅၅၀၆၁၄၆ ၊ ၀၉၅၅၀၄၂၆၅ ၊ ၀၉၄၅၀၀၁၇၁၃၆

ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 5B/3120 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန (ရွာသာကြီး)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း
ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊(ဒဂုံတက္ကသိုလ်ရိပ်မွန်အိမ်ရာ)၊ နှင်းဆီလမ်း၊ အမှတ်(၆)နေ ဦးထွန်းလွင် ၁၂/ပဘတ(နိုင်)၀၁၆၈၄၉ သည် GOLDEN DOLPHIN (GD)အမှတ်တံဆိပ်ဖြင့် သောက်ရေသန့်ထုတ်လုပ်မည်ဖြစ်ပါ၍အငြင်းပွားရှိပါကဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။
ဦးထွန်းလွင်
ဖုန်း ၀၉ ၅၁၈၅၅၆၉၊ ၀၉ ၄၄၁၄၈၅၅၂

တွေ့လျှင်အကြောင်းကြားပါ ကျေးဇူးဆပ်ပါမည်

အောင်လံမြို့နယ်၊ ပေကုန်းရွာနေ ဦးမောင်ဝင်း၏သား မောင်အောင်ဇော်ဦး ၈/အလန(နိုင်)၁၇၁၃၃၇ သည် ခရီးသွားရင်း ချင်းရွှေဟော်မြို့အနီးတွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူများ အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်နှင့် ကျေးဇူးဆပ်ပါမည်။ လက်ခံထားသူအား ဥပဒေအရ အရေးယူမည်ဖြစ်ပါကြောင်း။
ဦးတင့်လွင် ဖုန်း-၀၉-၂၅၁၅၃၉၃၂၄

အများသိစေရန် ကြေညာချက်
လှိုင်သာယာမြို့နယ်၊ ငွေပင်လယ်စက်မှုဇုန်၊ ငွေပင်လယ်(၂)လမ်းနှင့်(၄)လမ်းထောင့်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄)၊ မြေကွက်အမှတ်(၅)၊ ၂.၇၇၃ဧကတွင်(၂)ထပ် Steel (၂)လုံး ဆောက်လုပ်ခွင့်ပြုပါရန်မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနထုတ် မြေချပါမစ် အမည်ပေါက် ရွှေအကယ်ဒမီကုမ္ပဏီလီမိတက်ထံမှအရောင်းအဝယ်စာချုပ်ဖြင့်ဝယ်ယူ၍ ဒေါ်သီရိစိုးမြင့်(၉/ခအဇ(နိုင်)၀၃၆၀၂၉)မှ တင်ပြလျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။
ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
အင်ဂျင်နီယာဌာန(အဆောက်အအုံ)
အဆောက်အအုံဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 7A/9711 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန (ရွာသာကြီး)

စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းရိပ်သာလမ်းနေ
ဒေါက်တာဦးမိုးလွင် (မျက်စိအထူးကုဆရာဝန်ကြီး)-ဒေါ်တင့်တင့်ဝေ(တရားရေးအရာရှိ-ငြိမ်း)
တို့၏သားငယ်

ဒေါက်တာမင်းသန့်လွင်

M.B,B.S(Ygn)

လက်ထောက်ဆရာဝန်(ရန်ကုန်ပြည်သူ့ဆေးရုံကြီး)

နှင့်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ပြည်ထောင်စုရိပ်မွန်အိမ်ရာနေ
ဦးကျော်ကျော်(ဥက္ကဋ္ဌ) Just-In-Time Construction Co,Ltd
(Executive Producer, သုခမိန်ရုပ်ရှင်ထုတ်လုပ်ရေး)-
ပါမောက္ခဒေါက်တာစုစုခိုင်(ငြိမ်း)မြန်မာစာဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်
တို့၏သမီးငယ်

ဒေါက်တာခင်ရတနာကျော်

M.B,B.S(Ygn), MRCP(UK)

လက်ထောက်ဆရာဝန် (ရန်ကုန်ပြည်သူ့ဆေးရုံကြီး)

တို့၏ ၂၈-၂-၂၀၁၉ရက်တွင် Panpacific Hotel ကျောက်စိမ်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်စိုးခက်ခက်၊ အသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးပါသော ဒေါက်တာဦးအောင်ဟိန်း(မျက်စိ၊ နား၊ နှာခေါင်းအထူးကုဆရာဝန်ကြီး)၊ ဦးမြင့်အောင် [ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း] တို့အားလည်းကောင်း၊ ၅-၃-၂၀၁၉ရက်တွင် အင်းလျားကန်ဖျားကျောင်းတိုက်၌ပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသောဆွေမျိုးမိတ်သင်္ဂဟတို့အားလည်းကောင်း၊ ၉-၃-၂၀၁၉ရက်တွင် ရန်ကုန် Novotel Hotel Grand Ball Room ၌ပြုလုပ်သော ထိမ်းမြားမင်္ဂလာဧည့်ခံပွဲတွင် စုလျားရစ်ပတ်လက်ထပ်ပေးပါသော ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးတက္ကသိုလ် (၁)ရန်ကုန်၊ အငြိမ်းစားပါမောက္ခချုပ်၊ ကလေးအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာအေးမောင်ဟန်နှင့်ဇနီး၊ ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ အငြိမ်းစားဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသီရိထွန်းမြင့်၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးခဲ့ပါသော ကာကွယ်ရေးဝန်ကြီးဌာန၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး(ငြိမ်း)၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဗိုလ်ချုပ်မြသိန်းဟန်(ငြိမ်း)နှင့်ဇနီးဒေါ်ခင်ခင်မြ၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးခဲ့ပါသော ဧရာဝတီဘဏ်ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင်စည်သူ ဦးဇော်ဇော်နှင့်ဇနီး ဧရာဝတီဘဏ်ဒုတိယဥက္ကဋ္ဌ ဒေါ်ငွေငွေခိုင်တို့အားလည်းကောင်း၊ တက်ရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်သမ္မတရုံးဝန်ကြီး(ငြိမ်း)၊ ဒုတိယဗိုလ်ချုပ်ကြီးမင်းသိမ်း(ငြိမ်း)နှင့်ဇနီး၊ နိုင်ငံတော်ဝန်ကြီးချုပ်ရုံးဝန်ကြီး၊ ရန်ကုန်မြို့တော်ဝန်(ငြိမ်း)ဦးကိုလေးနှင့်ဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးတင်လှိုင်(ငြိမ်း)၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွား(ငြိမ်း)နှင့်ဇနီး၊ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး(ငြိမ်း)ဗိုလ်မှူးချုပ်အေးမြင့်ကြူ(ငြိမ်း)၊ ပြည်ထောင်စုတရားသူကြီး ဦးသာဌေးနှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးများ၊ ခရိုင်တရားသူကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ ပညာရေးနှင့်ကျန်းမာရေး ဝန်ကြီးဌာနမှပါမောက္ခကြီးများ၊ စစ်ဘက်နယ်ဘက်မှအရာရှိကြီးများ၊ O.T.S သူရ (၆၃)မှ သူငယ်ချင်းများနှင့်ဇနီးများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ နာယကများနှင့်ရုပ်ရှင်အနုပညာရှင်များ၊ ရုပ်ရှင်ထုတ်လုပ်သူများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးတးသံရှင် ဒေါ်ရီရီသန့်နှင့်အဖွဲ့၊ မိတ်ကပ်မေဦးနှင့်အဖွဲ့၊ ပန်းအလှ(His&Her)၊ မင်္ဂလာဝတ်စုံအလှမမေသူ (His&Her)၊ ဗီဒီယိုဓာတ်ပုံ(His&Her)၊ ရတနာများဖြင့် အလှဆင်မြန်းပေးပါသော အန်တီဒေါ်မေသန်းထိုက်နှင့်မိသားစု၊ မင်္ဂလာပန်းကြဲပေးပါသော ဒေါက်တာနယ်လီမောင်၊ ဒေါက်တာအေးသီရိကျော်၊ ဒေါက်တာရတနာ၊ ဒေါက်တာစောယုနှင်း၊ မင်္ဂလာပန်းကုံးနှင့်လက်စွပ်ဗန်းများကိုင်ဆောင် ပေးပါသော ဒေါက်တာချို့နွယ်လင်းခိုင်၊ ဒေါက်တာချိုသန္တာသိန်း၊ မင်္ဂလာသတို့သားအရံ ဒေါက်တာအောင်ဇေယျနှင့်ဒေါက်တာအောင်ဇေယျတင်ထွန်း၊ မင်္ဂလာသတို့သမီးအရံ မသိမ့်သုတ၊ ဒေါက်တာခိုင်ဇာနည်အောင်၊ Pre Wedding ဓာတ်ပုံများရိုက်ကူးပေးပါသော London မှ Rebecca Carpenter Photography နှင့် မန္တလေးမှ Together Photography တို့အားလည်းကောင်း၊ ၉-၃-၂၀၁၉ရက်တွင် Melia Hotel ၌ ကျင်းပပြုလုပ်ခဲ့သော Wedding Dinner တွင် အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးခဲ့သော ကိုဖြိုးဇော်လင်းနှင့် Rainbow Music Band မှ ဦးဖိုးကလဲနှင့်အဖွဲ့အားလည်းကောင်း၊ စားသောက်ဖွယ်ရာများတည်ခင်းဧည့်ခံပေးပါသော Novotel Hotel နှင့် Melia Hotel မှမန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲများကို ကိုယ်တိုင်လာရောက်အားပေးချီးမြှင့်ခဲ့ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ သူငယ်ချင်းမိတ်သင်္ဂဟများအား အထူးပင်ကျေးဇူးတင်ရှိအပ်ပါသည်။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာမင်းသန့်လွင်-ဒေါက်တာခင်ရတနာကျော်

ကန့်ကွက်နိုင်ပါသည်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ အင်္ဂပူမြို့နယ်၊ ထူးကြီးမြို့၊ ရွှေကျင်လမ်း၊ အမှတ် ၉၉အိမ်နှင့် မြေအား ဒေါ်ခင်စန်းမေ ၁၄/ဟသတ(နိုင်)၀၀၉၄၀၉ထံမှ ဝယ်ယူမည်ဖြစ်ပါသဖြင့် ကန့်ကွက်မည့်သူများရှိပါက မူရင်းအထောက်အထား ခိုင်လုံစွာဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဒေါ်ခင်စန်းမေ
ဖုန်း-၀၉-၇၇၃၁၂၄၈၆၇

အမှန်ဖတ်ရှုပါရန်

၁၄-၃-၂၀၁၉ရက်စွဲပါ ဤသတင်းစာ စာမျက်နှာ(၂၅)တွင် ရောင်းချရန်ကြော်ငြာစာ ကြော်ငြာတွင် အာရှစိန်လန်းမှုဖွံ့ဖြိုးရေးဘဏ်အစား အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်ဟုလည်းကောင်း၊ လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်းတွင် RC နှစ်ထပ် တိုက်အဆောက်အအုံအား RC နှစ်ထပ်တိုက် အဆောက်အဦးဟုလည်းကောင်း၊ အပိုဒ်(၇)တွင် လေလံငွေများကို ဘဏ္ဍာငွေအား ဘဏ္ဍာအဖြစ်ဟုလည်းကောင်း အမှန်ဖတ်ရှုပါရန်။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုခ ဥပဒေအမိန့်-၅၊ နည်းဥပဒေ ၁နှင့် ၅)
ပန်းတောင်းမြို့နယ် တရားရုံးတော်၌
၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ်-၂၄

ကိုဝင်းဇော်ညွန့်	နှင့်	မသီတာ
တရားလို		**တရားပြိုင်**

ပန်းတောင်းမြို့နယ်၊ လှည်းကူးအုပ်စု၊မအူခုံရွာရပ်နေ တရားပြိုင် မသီတာ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ကိုဝင်းဇော်ညွန့်က အကြင်လင်မယားအဖြစ်မှ ကွာရှင်း ပေးစေလိုမှုရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၉ ခုနှစ် မတ် ၂၆ ရက် (၁၃၈၀ပြည့်နှစ် တပေါင်းလပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ခုနှစ် မတ် ၁၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ထွန်းထွန်းမြိုင်)
ဒုတိယမြို့နယ်တရားသူကြီး
ပန်းတောင်းမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုခ ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မိုးကုတ်မြို့နယ် တရားမရုံး၌
၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၄၅

မသင်းသီရိထွန်း	နှင့်	ကိုစည်သူမိုး
တရားလို		**တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မြို့နယ်၊ ရှောလီဝိုင်းရပ်ကွက်အုပ်စု၊ ရွှေဘုံသာရပ်၊ အားမာန်ကားဂိတ်အပေါ်ထပ်နေ ကိုစည်သူမိုး (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ မသင်းသီရိထွန်းက လင်မယားကွာရှင်းပြတ်စဲပေးစေလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ(သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူနှင့် ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်မည့်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ ဖြစ်စေ၊ ၂၀၁၉ ခုနှစ် ဧပြီ ၁ရက် (၁၃၈၀ ပြည့်နှစ် တပေါင်းလပြည့်ကျော် ၁၂ ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူက တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုကကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ခုနှစ် မတ် ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ထွန်းနိုင်ဝင်း)
မြို့နယ်တရားသူကြီး
မိုးကုတ်မြို့နယ်တရားရုံး

အမည်ပြောင်း

တာမွေမြို့နယ်နေ ဦးသန်းဇော် ၆/ထဝန(နိုင်)၀၇၈၀၆၃၏ သမီး မလင်းလက်ကြယ်စင်အား မထိုက်သူဟု ပြောင်းလဲခေါ်ပါရန်။

မထိုက်သူ

ပြင်ဆင်ဖတ်ရှုပါရန်

၈-၃-၂၀၁၉ရက်စွဲပါ သတင်းစာ၏ စာမျက်နှာ(၂၂)တွင် ဖခင်အမည်မှန် တစ်ဦးတည်းဖြစ်ပါကြောင်း ကြော်ငြာတွင် မန္တဲရော်(ပထဝီ၊ ဒုတိယနှစ်၊ အဝေးသင်၊ လားရှိုးတက္ကသိုလ်)အား မဒွဲရော်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပြင်ဆင်ဖတ်ရှုပါရန်

